
www.burmeseclassic.com

အောင်မြင်စာပေ

ဒုတိယ

သစ်ခက်ငါး

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

တာမူခွင့်ပြုချက်အမှတ် ၅၀၀၃၂၂၅၀၃၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၂၅၉၀၉၇၉

**ထုတ်ဝေသူ**

ဦးဝေအောင်မြင့်၊ အမှတ်(၇)၊
သိဘာလေပမ်း၊ ဖကျောက်မြောင်း၊ ရန်ကုန်မြို့

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးဝေအောင်မြင့်၊
မအောင်မြင်ပုံနှိပ်တိုက်၊
အမှတ်(၁၆)၊
သစ်ရုံပင်လမ်း၊
၁၃ရပ်ကွက်၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊
အောင်အားလေလမ်း၊ ကျောက်မြောင်း၊
တာမွေ၊ ရန်ကုန်မြို့
[illegible]
[illegible]

ဒုတိယအကြိမ် - ၂၀၁၀ ခုနှစ်၊
(ဖေဖော်ဝါရီလ)၊ အုပ်ရေ(၅၀၀)၊
တန်ဖိုး(၂၀၀)ကျပ်





"ဒီကားက အစ်ကို့ကားလားဟင်"

အောင်ခန့်စကားကြောင့် ရွှေဘုန်းလူက လှည့်ကာကြည့်သည်။ မျက်မှောင်ကို အနည်းငယ် ကြုတ်ကာထားသဖြင့် အသိအကျွမ်း မဟုတ်ဘဲ အတင်းလာရောက် စပ်စုသော လူနှစ်ယောက်ကို မကျေနပ်ဟန်လည်း ရှိသည်။

"တစ်မျိုးမထင်ပါနဲ့ အစ်ကိုရာ၊ အစ်ကို့ကားက ကြည့်ရတာ အရမ်းခန့်လို့ သဘောကျပြီး လာမေးတာပါ. . . အရမ်းသဘောကျတယ်ဗျာ"

ရည်ရည်မွန်မွန်နှင့် အထင်ကြီးအားကျသော မြတ်ဆွေလေသံကို ကြားတော့မှ ရွှေဘုန်းလူ မျက်မှောင်ကြုတ်တာကို ဖြေသည်။ ဘာမှတော့ မပြော။ သစ်ခက်ရှေ့မှာ သူပိုင်ဆိုင်သော ကားကို မက်မက်မောမော လာရောက်ချီးကျူးတာကိုတော့ သဘောကျ ကျေနပ်ဟန်ရှိသည်။

"ဒီကောင် ဘယ်လောက်ရှိလဲ အစ်ကို"

အောင်ခန့်က ကားဘော်ဒီကို လက်နှင့် မရဲတရဲ ပွတ်ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



မေးသည်။ ရွှေဘုန်းလူ နှုတ်ခမ်းကလေး တွန့်ကာပြုံး၏။ ဘာမှတော့ ပြန်မပြော။ ပုဆိုးတစ်ပတ်နွမ်း ဝတ်ထားတဲ့ ကျောင်းသားနှစ်ယောက်ကို သူ့ကားဈေးပြောနေလို့က လေကုန်ရုံသာ ရှိမည်ဟု ရွှေဘုန်းလူက တွက်ပုံရသည်။

"ဝယ်နိုင်လို့တော့ မဟုတ်ပါဘူးဗျာ၊ ဒီကောင်က နှစ်ရာကျော်လောက်တော့ ရှိမယ်တဲ့၊ ကျွန်တော်က မကနိုင်ဘူး ပြောတာ သူက မယုံလို့ပါ"

ရွှေဘုန်းလူ ဆတ်ခနဲ တွန့်ကာသွား၏။ သူ့နှုတ်ခမ်းက အပြုံးလည်း ပျောက်သွားကာ ခေါင်းကို ခါယမ်းရင်း. . .

"ဟိုက၊ လွမ်းမှာတာ၊ ဒီအရောက် (၈၀၀)လောက် ကျတယ်၊ ကိုယ့်စိတ်တိုင်းကျ ဆင်ပြီး လိုအပ်တာတွေ ထပ်ထည့်တာနဲ့ဘာနဲ့ဆို (၈၅၀)လောက် ကျတာပေါ့"

"အား. . . (၈၅၀)"

မြတ်ဆွေက ပခုံးကို ကြောက်လန့်စွာ တွန့်ရင်း ကားကို ဖွဖွကလေး ကိုင်ပြန်သည်။ အောင်ခန့်နှင့်မြတ်ဆွေ အနားကို ရောက်လာတတည်းက တစ်ခုခု လုပ်တော့မည် ဆိုတာကို သစ်ခက် သိပါသည်။ သို့သော် ဘာလုပ်မလဲဆိုတာကိုတော့ သစ်ခက် မခန့်မှန်းတတ်။ ငါးကို ဘာမှမလုပ်ပါနဲ့ဟု သေသေချာချာ ကတိတောင်းထားရက်နဲ့၊ ဘာမှ ရှုပ်ပျက်ဆင်းပျက် မဖြစ်ပါစေနဲ့ဟုပဲ သစ်ခက် ဆုတောင်းနေရသည်။

"ကိုယ်ပြောတာ မကြားဘူးလား သစ်ခက်လေး"

ရွှေဘုန်းလူက ရုတ်တရက် ပခုံးကို လာကိုင်သဖြင့် သစ်ခက် တွန့်ကာသွား၏။ ကိုယ်ကလည်း ဆတ်ခနဲ နောက်သို့ ကျုံ့ပစ်လိုက်သည်။

"ဘာလဲ. . . ဘာပြောလိုက်တာလဲ၊ မကြားဘူး"





သူ့ပခုံးကို ထိမိတာနှင့် သစ်ခက် နောက်တစ်လှမ်း ဆုတ်သွားကာ လေသံနည်းနည်းမာသွားတာကို ရွှေဘုန်းလူ သိလိုက်သည်။ စိတ်ထဲမှာ မခံချင်တော့ ဖြစ်သွားမိ၏။ ဒီလောက်ကလေးမှပင် သူ့မှာ အခွင့်အရေး မရှိတော့ဘူးတဲ့လား။ သူ့စိတ်ကို သူ အချိန်မီ ထိန်းလိုက်သည်။ ကိုယ် အရမ်းလိုချင်နေသောပစ္စည်းက ဈေးသိပ်ကြီးနေလျှင် ဘယ်လိုနေရမည်ဆိုတာကို စီးပွားရေးသမားဖြစ်သည့် သူ နားလည်ပါသည်။

"သစ်ခက်လေးကလည်း. . . ကိုယ်ပြောတာက သစ်ခက်လေး ဗိုက်ဆာနေရင် ဒီမှာပဲ စားမလား၊ မြို့ထဲမှာပဲ စားမလားလို့. . ."

"ဟင့်အင်း. . . ဒီမှာလည်း မစားဘူး၊ မြို့ထဲမှာလည်း မစားဘူး၊ ဘယ်မှမသွားတော့ဘူး"

"ဟာ. . . သစ်ခက်လေးကလည်း ဒီလိုမလုပ်နဲ့လေ၊ ကိုယ် သစ်ခက်ကို ပြောစရာရှိတယ်လို့ ပြောထားတဲ့ဉစ္စာ"

"ရွှေဘုန်းကားက တော်တော်မိုက်တယ်ကွာ၊ အဲဒါကြောင့် ပိုခန့်နေတာကွ"

"တော်ရုံအက်စီးဒင့်လောက်ဆိုရင် ကားဘော်ဒီကို မထိတော့ဘူး ပေါ့ကွာ"

ရွှေဘုန်းလူက သစ်ခက်ကို ပြုံးကြည့်နေသည်။ သူ့ကားကြီးကို တအံ့တသြ ငေးမောကာ ချီးကျူးနေသော စကားများအပေါ် အလွန် ဂုဏ်ယူနေဟန်လည်း တူ၏။ သစ်ခက်ကတော့ မှင်တထိတ်ထိတ် တုန်ကာ နေသည်။ အောင်ခန့်နှင့် မြတ်ဆွေတို့ ဘယ်လို ညဏ်နီ၊ ညဏ်နက် ညဏ်ပြာ၊ ညဏ်ဝါတွေနှင့် ဒုက္ခပေးမှာလဲဆိုတာကို သူလည်း မခန့်မှန်းတတ်။ ပြီးတော့. . . ငါး။ ငါး ဘာတွေကြံစည်ပြီး လွှတ်လိုက်သလဲ။

ဖြစ်နိုင်ရင်တော့. . . ဒီကိစ္စမှာ ငါးနှင့်ဒီလူ့ကို ထိပ်တိုက် မတွေ့



www.burmeseclassic.com

www.burmeseclassic.com



စေချင်ပါ။ သူ့ဘာသာသူပဲ ဖြေရှင်းချင်ပါသည်။ ဘယ်လောက်ညံ့သည့် မိန်းကလေးပဲဖြစ်ဖြစ် ကိုယ့်နှလုံးသားနှင့် ကွန်ရွေ့ကို ချက်ချင်းကာကွယ်နိုင်သော စွမ်းရည်ရှိကြသည် မဟုတ်လား။

အောင်ခန့်နှင့် မြတ်ဆွေက ရောက်လာကတည်းက သစ်ခက်ကို လုံးဝမသိသောပုံစံမျိုးနှင့် ဆက်ဆံခဲ့သဖြင့် အခုချိန်မှ "နင်တို့ သွားကြတော့" ဟု ဆိုလျှင် ရွှေဘုန်းလူက သူ့ကို မသင်္ကာ ဖြစ်တော့မည်။ ဒီတော့ ရင်တထိတ်ထိတ်ဖြင့် စောင့်နေရုံမှလွဲ၍ ဘာမှမတတ်နိုင်တော့။

"သစ်ခက်. . . ကားပေါ် တက်လေ၊ ကိုယ်ပြောတာ ကြားရဲ့လား"

ရွှေဘုန်းလူက သူ့ပခုံးကို ဒုတိယအကြိမ် လာထိပြန်သဖြင့် ပခုံးကို တစ်ချက်ရုတ်ကာ အသိပြန်ဝင်လာသည်။ ခေါင်းက တစ်ဆက်တည်း ခါပြီးသားလည်း ဖြစ်၏။

"ဟား. . . သစ်ခက်ကကွာ"

"ဟာ. . . မြတ်ဆွေ၊ ဒီမှာ ရှေ့မီးလုံးကြီး ကွဲနေပါလားကွ၊ ဒီမှာ ကြည့်စမ်း"

"ဘာ. . . မီးလုံး၊ ဟော့ကောင် သွားမကိုင်နဲ့၊ ကိုယ့်ကြောင့် ဖြစ်နေဦးမယ်၊ သွားမကိုင်နဲ့. . . မကိုင်နဲ့"

သစ်ခက်ကို အိုက်တင်ပေးနေရာမှ ရွှေဘုန်းလူ ဆတ်ခနဲ တွန့်ကာသွား၏။

ကားမီးလုံး. . . မီးလုံးကွဲတယ်ဆိုပါလား။ သူ့ကားရှေ့မီးလုံး တစ်စုံတန်ဖိုးက အနည်းဆုံး သိန်း(၂၀)အထက်မှာ ရှိသည့်အတွက် သစ်ခက်ကိုပင် ခဏမေ့ကာ ကားရှေ့သို့ ဝုန်းခနဲ ရောက်ကာသွားသည်။

"ဘာကွဲတာလဲ. . . ဘယ်မှာလဲ. . . ဘယ်မှာလဲ"





"ဒီမှာဗျ. . . ဟောဒီမှာ"

ရွှေဘုန်းလူ မွန်ထူကာသွားသည်။ သူ့ကားရှေ့မီးလုံးမှာ အနက်ရောင် အစင်းကြီး။ ဒီနှစ်ယောက် သူ့ကားကို တစ်ခုခုများ လုပ်သလား။ ဒီနှစ်ယောက်ကို အစကတည်းက မသင်္ကာထားသဖြင့် မလွတ်အောင် သတိတစ်ချက် ထားရင်း သူ့မီးလုံးကို အသေအချာကြည့်ရသည်။ ဒီတော့မှ အနက်ရောင် အပ်ချည်ကြိုးကလေးတစ်ချောင်း ကပ်နေခြင်းသာ ဖြစ်သည်။

"ဟာ. . . အပ်ချည်ကြိုးပါဗျာ ခင်ဗျားတို့ကလည်း"

ဒီတော့မှ ကျောင်းသားနှစ်ယောက်က သူ့ကို စပ်ဖြဲဖြဲနှင့် ကြည့်သည်။ ပြီးတော့. . . တစ်ယောက်နှင့်တစ်ယောက်လည်း လှည့်ကာပြုံးပြကြသည်။

"တော်ပါသေးရဲ့ဗျာ. . . လန့်သွားတာပဲ"

ရွှေဘုန်းလူ ဒီနှစ်ယောက်ကို သိပ်သဘောမကျချင်တော့။ သူ့ကားကို စိတ်ဝင်စားလို့ စပ်စုတာ မဟုတ်ဘဲ တမင်ပြဿနာ ရှာနေသလို ခံစားရသည်။ သူ မျက်နှာကို တင်းကာ သစ်ခက်အနား ပြန်လာရင်း. .

"ကဲ. . . သစ်ခက်၊ ကားပေါ် တက်ကွာ၊ တစ်နေရာ သွားရအောင်"

"Sorry နော် အစ်ကို၊ ကျွန်တော်တို့က ကွဲနေတယ် ထင်လို့"

"ရတယ်. . . ကိစ္စမရှိဘူး၊ ကဲ. . . သစ်ခက်၊ ကားပေါ် တက်ကွာ"

ပြဿနာ စပြီဟု သစ်ခက် သဘောပေါက်ကာ ဒီထက်ပိုလက်မလွန်ခင် ရွှေဘုန်းလူကို ဆွဲထုတ်သွားတာ အကောင်းဆုံးဟု သဘောထားပြီး သစ်ခက် ကားပေါ် တက်ရန်အသွားတွင်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ခွေးချေးနဲ့ နံတယ်ကွ၊ ဟော့ကောင် အောင်ခန့်၊ မင်းနင်းထားသလား"

မြတ်ဆွေ၏အထိတ်တလန့် အော်သံကြောင့် လေးယောက်စလုံး ခဏငြိမ်သွားပြီး တစ်ယောက်နှင့်တစ်ယောက် ကြည့်ကြသည်။ ဟုတ်သည်။ မြတ်ဆွေ အော်သောအနံ့က အားလုံး၏နှာခေါင်းဝမှာ ရွှင်ရွှင်ပျပျ ကြီးတို့ ရကာနေသည်။

အောင်ခန့် အထိတ်တလန့်ဖြစ်ကာ သူ့ဖိနပ်ကို မရဲတရဲ လှန်ကြည့်၏။

"မဟုတ်ပါဘူးကွ. . . ခွီးပဲ၊ မင်းနင်းတာ ဖြစ်မှာပေါ့"

မြတ်ဆွေကလည်း သူ့ဖိနပ်ကို ခပ်ဖြေးဖြေး လှန်ကာကြည့်သည်၊ နှစ်ဖက်စလုံး ဘာမှမရှိ။

"ငါလည်း မဟုတ်ဘူးကွ. . . နံလိုက်တာကွာ"

စကားဆုံးသည်နှင့် မြတ်ဆွေနှင့် အောင်ခန့်တို့နှစ်ယောက် မျက်လုံးများက ရွှေဘုန်းလူကို စူးစူးစိုက်စိုက် ကြည့်လိုက်ကြသည်။ အနံ့ကလည်း ကြိုင်လှိုင်နေတုန်း။ သစ်ခက်ကလည်း လက်ကိုင်ပုဝါနှင့် နှာခေါင်းတို့ ပိတ်ထားရင်း ရွှေဘုန်းလူကို လှမ်းကြည့်သဖြင့် ရွှေဘုန်းလူလည်း သူ့တာဝန်အရ သူ့အကောင်းစား ခွာမြင့် ဒေါက်ထူ ရှူးဖိနပ်ကြီးကို လှန်ကာကြည့်ရသည်။

"ဟာ. . . အများကြီးပဲ၊ ရွံစရာကောင်းလိုက်တာကွာ၊ ရွံစရာကြီး လာလာ. . . ဟော့ကောင်"

ရွှေဘုန်းလူ လူအဖြစ်မှ ခဏသတိပျောက်ကာသွား၏။

သတိရတော့ ရှက်စိတ်က သူ့ဘဝကို အားနှင့်အင်နှင့် ဝင်ကာ ထိုးတ်သည်။ မယုံကြည်နိုင်စိတ်နှင့် ထပ်ကြည့်တော့ သူ့ဖိနပ်နှစ်ဖက်စလုံး





မှာ မြင်မကောင်းအောင် ပေပွကာနေ၏။ မြင်ကွင်းနှင့် အနံ့အသက်ကြောင့် ပျို့ကာ အန်မိတော့မလို ဖြစ်သွားသည်။ သစ်ခက်က လက်ကိုင်ပုဝါကို ခပ်တင်းတင်း အုပ်ထားကာ သူနှင့် ဝေးရာသို့ ပြေး၏။

ဟိုလူနှစ်ယောက်. . .။

သတိရသဖြင့် ကားရှေ့ကို လှမ်းကြည့်တော့ အားရပါးရ နင်းထားသော သူ့ဖိနပ်ခြေရာကို တွေ့သည်။ သူ စနစ်တကျ အလုပ်ကြံခံလိုက်ရပြီဖြစ်ကြောင်း ကောင်းကောင်း သဘောပေါက်သွား၏။ အဆိုးဝါးဆုံးက ရှူးဖိနပ်အောက်အထိ ရောက်နေသော သူ့ဂျင်းဘောင်းဘီအနားများ။

"တောက်. . . တော်တော်ရိုင်းတဲ့ကောင်တွေကွာ၊ သစ်ခက်. . . ခဏလေး. . . စောင့်၊ ခဏလေး"

သစ်ခက်ကို အော်ပြီး သူပြေးထွက်ခဲ့သည်။

ပြေးထွက်သည်ဆိုသော်လည်း အများဆုံး နင်းမိထားသော ညာဖက်ခြေထောက်ကို ကြွကာ ဘယ်ခြေတစ်ဖက်တည်းနှင့် ခြေတစ်ပေါင်ကျိုး ခုန်ပြီးသွားဖို့ သူ သတိမမေ့ခဲ့ပါ။ မဟုတ်လျှင် သူ့ဘောင်းဘီတွေ ဒီထက်ပေပြီး သူ့ကို ဒီအနံ့က နှိပ်စက်တော့မည် မဟုတ်လား။

သူ ဒေါသနှင့် ဘေးဘီရှိ လူတွေကို ရပ်ကာကြည့်သည်။

ခုနက ကျောင်းသားနှစ်ယောက်ကို မတွေ့တော့။ တွေ့လည်း မှတ်မိမည် မထင်။ ဒေါသနှင့် ရှက်စိတ်ကြောင့် သူ မြင်ရသောလူ၊ အရာဝတ္ထုအားလုံး ရောထွေးပူးကပ်ကာ ဝေ့ဝါးနေကြသည်။

ရေ. . . .။

ရေ. . . ဘယ်မှာ ရမလဲ။

သစ်ခက်ကို သတိရတော့ ရှက်စိတ်နှင့် ခြေတစ်ပေါင်ကျိုး ခုန်



www.burmeseclassic.com

www.burmeseclassic.com



တာ သူ ရှေ့သို့ ဆက်ကာလျှောက်သည်။

တစ်ခုကို သတိရသော်လည်း တစ်ခုကိုတော့ သတိမေ့သွားခဲ့သည်။

သတိရသည့်အချိန်မှာ သူ နောက်ကျသွားပြီဖြစ်၏။ သူ ခြေတစ်ပေါင်ကျိုး ခုန်နည်းဖြင့် ခုန်ဆွခုန်ဆွ သွားနေသောနေရာက ကျောင်းသားတွေ၊ ကျောင်းသူတွေ တော်တော်စည်ကားသည့် ကင်န်တင်းရှေ့ဖြစ်နေသည်။

မကြာသေးမီအချိန်က အကောင်းစား ကားကြီးထဲ ဝင်လိုက်၊ Hand phone ကို ဖွင့်ဆက်လိုက်နှင့် စတိုင်လ်ကျခဲ့သော လူတစ်ယောက် ခြေတစ်ပေါင်ကျိုး ခုန်ခုန်လာနေသည်ကို နားမလည်နိုင်စွာ ဝိုင်းကြည့်နေကြသော ကင်န်တင်းထဲမှ ကျောင်းသူများကို တွေ့ရတော့ သူ့မျက်နှာကို နပန်းသမားကြီးတစ်ဦးက ဖြန်းခနဲ ရိုက်ချခံလိုက်ရသလို ဖြစ်ကာသွားသည်။ သူ လှုပ်လည်း မလှုပ်ရဲ၊ ပြန်လည်း မထွက်ရဲဘဲ ငေးကြောင်ကာ ရပ်နေမိသည်။

ကျောင်းသား၊ ကျောင်းသူတွေက သူ့ကို ကြည့်သည်။ သူကလည်း ကျောင်းသားကျောင်းသူတွေကို အသိစိတ်ကင်းမဲ့စွာ ပြန်၍ကြည့်နေသည်။ ထိုအချိန်တွင် ကမ္ဘာလောကသည် တိတ်ဆိတ်ကာနေ၏။

"ဟေ့လူ. . ဟေ့လူ. . ဘာဖြစ်တာလဲ"

သူ့ပခုံးကို ကိုင်ကာ မေးသူကြောင့် သူ အသိပြန်ကာ ဝင်လာသည်။

"ခင်ဗျား ဘာဖြစ်တာလဲ၊ ခြေတစ်ပေါင်ကျိုး ခုန်လို့ရယ်. . . ဘာဖြစ်တာလဲ"

ထိုသူက သူ့ပခုံးကို လှုပ်ကာမေးသည်။





"ဟို. . . ဟို. . . ခွေးချေး. . . ခွေးချေး"

"အဟား. . . ဪ. . သိပြီ. . . သိပြီ၊ ခွေးချေးဆိုတာ စာရွက်မှာ ရေးပြီး ပြောင်းပြန်ထောင်ကြည့်ရင် ၉၅၊ ၉၅ပြား ဖြစ်တယ်လေဗျာ၊ ငယ်ငယ်တုန်းကတည်းက ကျောင်းမှာ စနေကျပဲ၊ အဲဒါနဲ့ ခင်ဗျားက ဘာဖြစ်လို့ ခြေတစ်ပေါင်ကျိုး ခုန်နေရတာလဲ"

ရွှေဘုန်းလူ တော်တော် စိတ်ညစ်ကာ သွား၏။ ဘယ်လိုလူနဲ့ လာတွေ့နေပါလိမ့်။ ချွေးသီးချွေးပေါက် ကျလာသော်လည်း ဒီလူ့ကို သူ လက်မလွှတ်ရဲ။ လက်မောင်းကို ဖမ်းကိုင်ထားရသည်။ ဒီကျောင်းမှာ သူ့အသိ တစ်ယောက်မှ မရှိ။ သူ့ကို ကူညီမည့်သူ တစ်ဦးမျှမရှိ။

"အစ်ကိုရာ. . . ကျွန်တော့်ကို တစ်ခုကူညီပါဗျာ၊ ကျွန်တော်. . . ဟို. . . ဟို ခွေးချေးနင်းမိလို့၊ ကောင်မလေးကလည်း ပါလာတော့ အဲဒါ. . ."

"နင်းမိလို့. . . ဒါနဲ့ ခင်ဗျားက ဘာဖြစ်လို့ ခြေတစ်ပေါင်ကျိုး ခုန်နေရတာလဲ"

"ကျွန်တော်. . . ရေ. . . ရေလိုချင်လို့ပါ အစ်ကိုရာ၊ ကျွန်တော့်ကို ကူညီပါ. . . ကူညီပါ အစ်ကို"

"ဟား. . . ရေလိုချင်တာများကွာ၊ ကင်န်တင်းဘက် လာရတယ်လို့ ငတုံးရဲ့၊ ဟိုမှာ အင်းယားကန်ကြီးကို ဟီးလို့၊ မင်းတော်တော်ကြောင်တဲ့ကောင်ပဲ၊ ပေါ. . . ချေး၊ လာ. . . လာ. . . ငါနဲ့ လိုက်ခဲ့၊ မင်းကို ဝိုင်းကြည့်နေတဲ့လူတွေ မနည်းဘူး၊ ကြောင်ပဲ၊ ပေါပဲ၊ အသုံးမကျပဲ ငါ့လူရာ. . . လာ၊ ခြေတစ်ပေါင်ကျိုး မခုန်နဲ့၊ ငါ့လက်မောင်းကို ကိုင်ပြီး ကန္နွေမပျက် ခပ်ဖွဖွ လျှောက်ပြီး လိုက်ခဲ့"

ရွှေဘုန်းလူဆိုသောလူ၏ဘဝမှာ ပထမဦးဆုံးအကြိမ် လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို အသနားခံ တောင်းပန်ဖူးခြင်းဖြစ်ပြီး ပထမဦးဆုံးအကြိမ် သူ့ကို ပက်ပက်စက်စက် ငကြောင်၊ ငပေါ၊ အရူး. . . ဟု အပြောခံရခြင်းဖူးလည်း ဖြစ်ပါသည်။ သို့သော်. . . မတတ်နိုင်။ သူ့ကို ကူညီတာကို ဝင် ကျေးဇူးတင်ရဦးမည်။ တစ်ယောက်တည်းဆိုလျှင် သွားပြီ။ ရွှေဘုန်းလူ ထိုသူ့လက်မောင်းကို မလွှတ်တမ်း ဆုပ်ထားကာ ညာခြေကို ခပ်ဖွဖွနင်းကာ လျှောက်ရ၏။ ကင်န်တင်းထဲက သူ့ကို ဝိုင်းကြည့်နေသော မျက်ဝန်းများကို မမြင်ရအောင် ခေါင်းကိုလည်း ငုံ့ကာ ထားရသေးသည်။

ပထမ. . . . မြတ်ဆွေနှင့်အောင်ခန့် နှစ်ယောက်။ သစ်ခက်နှင့် တိုကောင်အနားကို သွားကတည်းက ပြဿနာက စပြီဟု စိုးရိမ်သိသည်။ သို့သော်. . . ဘာဆက်လုပ်ကြမည် ဆိုတာကိုတော့ သူမသိ။ ဘာတွေဖြစ်ကုန်ကြမှန်းလည်း သူမသိ။ ခဏကြာတော့ ဟိုကောင် ခြေတစ်ပေါင်ကျိုး ခုန်သည်။ မြတ်မိုးနှင့် တွေ့ကာ မြတ်မိုးက ခေါ်ထုတ်သွား၏။ သစ်ခက်က ကားနှင့် ခပ်လှမ်းလှမ်းမှာ ရပ်ကာနေသည်။ သူ ဘာလုပ်ရမည်နည်း။

"ကဲ. . . ဟောဒီမှာ အင်းယားကန်ကြီးဗျာ၊ စိတ်ကြိုက်ဆေးပေတော့"

မှုန်ထူနေသော ရွှေဘုန်းလူ ညာဘက်ဖိနပ်ကို ချွတ်ကာ အုပ်ဝတ်ထားသော ကန်ဘောင်ပေါ် ငုတ်တုတ်ထိုင်ရင်း ဆေးရန် လုပ်နေစဉ် ဇက်ပိုးကို အအုပ်ခံလိုက်ရ၏။

"ဟင်. . . ငတုံး. . . ငပေါ. . . အရူး၊ ဒီလိုဆေးလို့ မင်းကို လူတွေ မြင်ကုန်မှာပေါ့ကွ၊ ဒါလောက်တောင် မသိဘူးလား၊ ဟောဒီမှာ တန်ဘောင်ပေါ်ကို ခြေနှစ်ချောင်း ချပြီးထိုင်၊ မင်းဖိနပ်ကို အသာလေးချွတ်၊ ရေထဲ စိမ်ပြီး ကန်ဘောင်နဲ့ မသိမသာ တိုက်ဆေး. . . ဟုတ်ပြီ





လား"

ဇက်ပိုးအအုပ်ပါ ခံလိုက်ရသဖြင့် ဒေါသ ထောင်းခနဲ ထွက်သွားသော်လည်း ဘာမှပြန်မပြောသာ။ ထိုကျောင်းသား ခိုင်းသည့်အတိုင်းသာ လိုက်လုပ်ရသည်။

"အေး. . . အေး. . . ဟုတ်ပြီ၊ ငါ ဒီဘက်က လူကာပေးရင်း ရပ်နေမယ် သိလား၊ အေးအေးဆေးဆေး စင်အောင်ဆေး"

အောင်ခန့်နှင့် မြတ်ဆွေက အင်းယားကန်နှင့် ပန်းခြံလုံခြုံရေး တာဝန်ကျ ဝန်ထမ်းအနီးတွင် ရပ်လိုက်ကြသည်။

"အစ်ကိုကြီး. . . ဟိုးမှာ ကန်ဘောင်ပေါ် ထိုင်နေတဲ့ကောင်တွေ့လား"

လုံခြုံရေးဝန်ထမ်းက မျက်မှောင်ကြုတ်ကာ အောင်ခန့်တို့ကို ကြည့်သည်။

"အဲဒီကောင်က ကျွန်တော်တို့ ကျောင်းသားတွေ အမြတ်တနိုးတန်ဖိုးထားတဲ့ ဒီအင်းယားကန်ကြီးကို ဖျက်ဆီးနေတာ အစ်ကိုကြီး"

"ဟ. . . သူ့ဘာသာသူ ထိုင်နေတာ မဟုတ်လား"

ဖိနပ်ကို ရေထဲမှာ နှစ်ကာလှုပ်ကာ ကန်ဘောင်နှင့် တိုက်ဆေးသော်လည်း အောက်ခြေအခံ ခွာထဲမှာ ဝင်နေသော ပစ္စည်းတွေက တော်တော်နှင့်မထွက်။ လက်နှင့် ကိုင်ကာ ဆေးဖို့ မဆိုထားနှင့်၊ ပြောင်ပြီလားဟု လှန်ကြည့်ရုံနှင့်ပင် သူ အန်ချင်လှပြီ။ ဒီတစ်ကြိမ်တော့ ခွာထဲမှာ ဝင်နေတာတွေ ထွက်ကျအောင် အားနှင့် လှုပ်ကာ ဆေးပစ်လိုက်သည်၊

ထိုစဉ်. . .

"မောင်ရင်. . . ဒါ ဘာလုပ်တာတုန်း"

မေးသံကြောင့် မော့ကြည့်တော့ စည်ပင်ဝတ်စုံနှင့် ဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကို တွေ့ရသည်။

"ဟို. . . ကျွန်တော်. . . ဟိုလေ. . ."

"မင်း ဟိုမှာရေးထားတဲ့ ဆိုင်းဘုတ်ကို မတွေ့ဘူးလား၊ ကန်ထဲကို မသန့်ရှင်းတဲ့အမှိုက် မပစ်ရဘူးဆိုတာ. . ."

"ကျွန်တော် ဘာအမှိုက်မှ မပစ်ပါဘူး"

ဝန်ထမ်းက မျက်မှောင်တစ်ချက်ကြုတ်ကာ သူ့ခြေထောက်နှစ်ဖက်ကို ကျော်ပြီး ရေကန်အစပ်ကို ကြည့်သည်။ ပြီးတော့ သူ့ကို ကြည့်ကာ တစ်ချက်ပြုံးသည်။

"ဟိုကောင်တွေ သတင်းပေးသွားတာ မှန်သားပဲ၊ မင်း ညစ်ညစ်ပတ်ပတ်တွေ တက်နင်းလာပြီး ကန်ထဲကို ဖိနပ်နှစ်ဆေးနေတာ မဟုတ်လား"

ရွှေဘုန်း ဘာတစ်ခွန်းမှ ပြန်မပြောနိုင်တော့။ ခုနက ကူညီသော ကျောင်းသားကို အားကိုးတကြီး လှမ်းရှာတော့ မရှိတော့။ ကားဆီ လှည့်ကြည့်လိုက်တော့ သစ်ခက်ကိုလည်း မတွေ့ရတော့။

"ကဲ. . . မောင်မင်းကြီးသား၊ လာ. . . အုပ်ချုပ်ရေးမှူး ရုံးခန်းထဲသာ လိုက်ခဲ့တော့"





၂

"အဲဒီကောင်ရဲ့ နေပုံထိုင်ပုံ ကြည့်မရတာရယ်၊ စိုးချိန် ဖြစ်နေပုံကို မကြည့်ရက်တာရယ်ကြောင့် ငါတို့သုံးယောက် တိုင်ပင်ပြီး လုပ်ကြတာ အဲဒီကိစ္စကို စိုးချိန် ဘာမှမသိဘူး"

မြတ်မိုး စကားကြောင့် ဒေါသဖြစ်နေသော သစ်ခက်မျက်နှာ ငြိမ်ကျသွားသည်။ ပန်းခြံထဲကို ရောက်ကတည်းက စကားတစ်ခွန်းမှ မပြောဘဲ ခေါင်းငိုက်စိုက်ချထားသော စိုးချိန်ကို သစ်ခက် အသာငဲ့ကာ ကြည့်ရင်း စိတ်မကောင်း ဖြစ်ကာသွားသည်။

"သစ်ခက် စိတ်ဆိုးတာက ဟိုကောင့်ဘက်က မခံချင်လို့ မဟုတ်ဘူးနော် ငါး၊ ဒီအဖြစ်တွေကတစ်ဆင့် သစ်ခက်နဲ့ငါးအကြောင်းကို သိသွားပြီး ဖေဖေ့ကို သွားချွန်မှာစိုးလို့ပါ၊ သစ်ခက်နဲ့သူနဲ့ ရှိနေတဲ့အချိန်မှာ ငါး ဘယ်လိုခံစားရမလဲဆိုတာ သစ်ခက် နားလည်ပါတယ် ငါးရယ်"

သစ်ခက်က သူ့လက်ကလေးကို အသာဆုပ်ကိုင်ကာ သူ့ခေါင်းငုံ့ဦးစွန်းကို မှီရင်း ငြိမ်ကာသွား၏။ သူ သစ်ခက် လက်နုနုကလေး

www.burmeseclassic.com



အားနှင့် ညှစ်ထားလိုက်သည်။

"အခုလို အချိန်ဆွဲနေမယ့်အစား ရိုးရိုးသားသား ရင်ဆိုင်လိုက်ရင် တောင်းမယ်ထင်တယ် သစ်ခက်ရယ်"

စိုးချိန် စကားဆုံးတော့ သစ်ခက်က ပခုံးဦးစွန်းကို မှီထားရာက ရှန်းခနဲ ခွာကာ. . .

"ရပါလိမ့်မယ်. . . သစ်ခက် ရင်မဆိုင်ရဲတာက သူ့ကို မဟုတ်ဘူး ဖေဖေ့ကိုရှင့်. . . သိရဲ့လား၊ သူ့ကို ပြောတာနဲ့ ဖေဖေ သိမှာပဲ၊ ဖေဖေသိရင် ဇာတ်လမ်းက ပြီးပြီ၊ သစ်ခက် ဖေဖေ့ကို ဘယ်လောက်ကြောက်ရသလဲဆိုတာ ငါးလည်း သိရဲ့သားနဲ့. . ."

စိုးချိန် သက်ပြင်းကြီးကို ချကာ အတေးကို ဝေသည်၊ ပြဿနာက လွယ်သလိုလိုနှင့် ခက်နေသည်။ တစ်ခုခု လိုကာ တစ်ခုခု ပိုနေသည်။ သေချာတာတစ်ခုကတော့ သစ်ခက်ကို မည်သူ့ကိုမျှ မပေးနိုင်ဆိုတာပဲ ဖြစ်သည်။

"သစ်ခက် ကိုယ့်ဘက်မှာ ရှိနေသမျှ ငါး ဘယ်သူ့ကိုမှ မကြောက်ဘူး"

"သစ်ခက်ကလည်း ဖေဖေကလွဲလို့ ဘယ်သူ့ကိုမှ မကြောက်ဘူး"

သစ်ခက်က လက်ကလေးကို ပြန်ဆုပ်ကိုင်ကာ ပခုံးဦးကို ပြန်မှီနွဲ့တာ ဆိုသည်။ လေသံက နုနုကလေး။ နှလုံးသားက လာကာစမှာ ကျယ်လောင်သော်လည်း ဦးနှောက်ကို ဖြတ်သည့်အချိန်ကျမှ မောလျစွာ ထိုးစွန့်သွားသည့်လေသံမျိုး။

"ငါးကိုရော. . . မကြောက်ဘူးလားဟင်"

"ကြောက်ပါဘူး. . . ငါးကို. . . ချစ်ပဲ ချစ်တာ"





စိုးချိန် သစ်ခက်ကို ပွေ့ထားမိသည်။ အားရှိလာသလိုပဲ ခံစားမိ၏။ ဟုတ်တာပေါ့. . .။ သစ်ခက်က သူ့ကို ဘာဖြစ်လို့ ကြောက်ရမှာလဲ၊ ချစ်ပဲ ချစ်ရမှာပေါ့။

ပြဿနာအားလုံးက ခံစားချက်တစ်ခုမှာ အားလုံးပြီးသွားသည်၊ ချစ်သူနှစ်ဦး တိတ်ဆိတ်သော ကန်ရေပြင်။ လေပြည်ညင်းက ကန်ရေပြင်ကို လှိုင်းထအောင် လှုပ်နိုင်စွမ်းသော်လည်း သူတို့နှစ်ယောက်ကို တိုးမပေါက်သဖြင့် အချင်းချင်း ခွဲကာ တိုးဝှေ့သွားရသည်။

ထိုအချိန်တွင် သစ်ခက်နှင့် ငါးရှိနေသော ကန်ပေါ်က ပန်းခြံကလေးထဲတွင် ဗီဒီယိုရိုက်သော အဖွဲ့တစ်ဖွဲ့ ရှိသည်။ အခန်းက ဗီဒီယိုထဲမှာ ချစ်သူနှစ်ဦး ချိန်းတွေ့ကြသောအခန်းဖြစ်သည်။ ရိုက်ပြီးသွားသည့်အချိန်မှာ ဒါရိုက်တာက. . .

"ကဲ. . . တို့အခန်းလေး ပိုပီပြင်အောင် တကယ်ချိန်းတွေ့နေကြတဲ့ သမီးရည်းစားတွေကို နည်းနည်းစီ ရိုက်စမ်းကွာ၊ Pan ဆွဲပြီး ခဏငြိမ်၊ ပြီးရင် နောက်တစ်တွဲကိုရွှေ့၊ နောက်ဆုံးကျမှ မင်းသားနဲ့မင်းသမီးတို့ ပြမှာ၊ ဟေ့. . . တကယ့်ချစ်သူတွေကို အနှောင့်အယှက်တော့ မဖြစ်စေနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်က ဆင်းဆင်းချင်း လေးလံနေသောစိတ်ကို ပေါ့ပါးသွားအောင် သစ်ခက် ခပ်သွက်သွက် လမ်းလျှောက်လိုက်သည်။ တင်ဇာမော်၏ခွဲလမ်းမှု ပြဿနာသီချင်းကိုလည်း ခပ်ကျယ်ကျယ်ကလေး ဆိုပစ်လိုက်၏။

ပြဿနာတွေက ဖြစ်ပြီးသွားပြီ။ စိတ်ဆင်းရဲနေတော့ရော ဘာများ ထူးဦးမည်နည်း။ အရေးကြီးတာက သူမသည် ပျော်ရွှင်စွာ ကျောင်းက ပြန်လာသည်ဟု အိမ်က လူတွေ ယုံဖို့ပဲ ရှိသည်။ ဒီတော့မှ ဖြစ်ချင်တာဖြစ်ဆိုသော သစ်ခက်၏မူလစိတ်သည် ရင်ထဲမှာ ခိုင်ခိုင်ကြီး ပြန်ရောက်ကာလာသည်။

ထိုဟန်ဆောင်မှုများအားလုံးသည် အိမ်ထဲကို ဝင်လိုက်သည့်အခါ ဧည့်ခန်းတွင် မျက်နှာတင်းတင်းနှင့် ထိုင်နေသော ဖေဖေ့ကို တွေ့လိုက်ရသည့်အခါ အားလုံး ကျဆုံးသွားလေသည်။

သစ်ခက် ခြေလှမ်းများ ဆတ်ခနဲ ရပ်ကာသွားသည်။ သို့သော် မည်သူမျှ သင်ပေးစရာ မလိုဘဲ တတ်လေ့ရှိသော မိန်းကလေးတို့၏တခ်နု





စတ္တိဉာဏ်ကီ သစ်ခက်ကို ကယ်တင်လိုက်သည်။ ထိုကယ်တင်ခြင်းဖြင့် သစ်ခက် ပြုံးလိုက်သည်။

"ဖေဖေရယ်. . . ကားတွေ သိပ်ကြပ်တာပဲ သိလား၊ သမီးဖြင့် အသက်ရှူတောင် မဝဘူး၊ ရေကလည်း ဆာလိုက်တာ လွန်ပါရော ဖေဖေရား ဒီနေ့ သစ်ခက်လေ. . ."

"သစ်ခက်. . ."

ဦးဘသစ် မျက်မှောင်ကြုတ်ကာ ကြုံးအော်ပစ်လိုက်သည်။

တစ်ဆက်တည်း ဒီကောင်မလေး ဘာသဘောလဲဟု စဉ်းစားမိသည်။ သူက စကားမပြောပါဘဲ သူ့ကို လာစကားပြောရိုးထုံးစံ သူ့အိမ်မှာ မရှိ။ ဒီလို အပိုအလုပ်တွေကို သူသည်းမခံနိုင်။ ထို့ထက် ဒီနေ့ နိုင်သင့်ပါလျက်နဲ့ နောက်ဆုံးကျွင်းကျမှ ရှုံးခဲ့ရသော ဂေါက်သီးပွဲအကြောင်း စဉ်းစားရင်း မကျေနပ်သည့်ဒေါသသည် သူ့နှုတ်ဖျားမှ အလိုလို ထွက်သွားလေသည်။

"ဖေဖေ. . . သမီး. . ."

"ဒါ ဘာသဘောလဲ သစ်ခက်"

သွားပြီ။ ကေန္တ ရှေ့ဘုန်းလူဆိုသည့်လူ ချွန်သွားတာ သေချာပြီ၊ သစ်ခက် လက်ဖျားတွေ အေးစက်ကာ လာ၏။

"သမီး. . . သမီးနဲ့ ဘာမှမဆိုင်ဘူး ဖေဖေ"

သူ့ရှေ့မှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ရပ်နေသော သစ်ခက်ကို ကြည့်ကာ ဦးဘသစ် စိတ်ညစ်ကာသွားသည်။ ဟုတ်သည်၊ သူ ဂေါက်သီးရှုံးတာနှင့် ကျောင်းက ပြန်လာသော သူ့သမီး ဘာဆိုင်သနည်း။ တကယ်တော့ သူတို့အုပ်စုထဲမှာ လက်အညံ့ဆုံး ဖြူနုက တက်လာသည့် သူ့ရှေ့စောဝေ စွတ်ရိုက်တိုင်း ကျွင်းထဲ ဘောလုံးတွေ ဝင်ကုန်တာနှင့်ပဲ ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်မဟုတ်လား။ သို့သော် ဘသစ်ဆိုသည့်ကောင်ကလည်း ထွက်ပြီးသားဒေါသတို ပြန်သိမ်းပြီး ချော့တာတွေဘာတွေ လုပ်တတ်သည့်ကောင်မျိုး မဟုတ်၊

"ဘာဖြစ်လို့ မဆိုင်ရမှာလဲ"

ဒေါသသံနှင့် ဆက်အော်ပြီးမှ ရှေ့ထပ်ဆက်ရမည့် စကားကို ရှာမရ ဖြစ်နေသည်။ သူ ထွက်ပြီးသားဒေါသက သူ့သမီးနှင့် ဘာပတ်သက်သည်ဆိုတာကို အသိဉာဏ်ထဲမှာ လျှောက်ရှာနေမိသည်။

ထိုစဉ် ဒေါ်မြခက် အိမ်နောက်ဖေးမှ ထွက်ကာလာသည်၊ တစ်နေကုန် ယောက်ျားအကြိုက်၊ သမီးအကြိုက်ကို ချက်ရတာ မီးဖိုခန်းထဲက ထွက်ရသည်ကို မရှိ။ သို့သော်လည်း သမီးနှင့် ယောက်ျား၊ ထမင်းစားမြိန်သည်ဆိုလျှင် ထိုအမောသည် ပြေရစမြဲ။

"မရမ်းသီးငပိချက် ရပြီ ကိုဘသစ်"

"အေး. . . ဒါပဲ၊ မင်းကလည်း မရမ်းသီးငါးပိချက်ပဲ၊ ဒီမရမ်းသီးတွေ ပေါ်ကတည်းက ငါးပိက ချက်,ချက်နိုင်လွန်းတယ်"

"ဟောတော့. . . တော်ပဲ စားချင်လို့ဆို"

"အေး. . . ရွဲ့ပြောတာဟေ့. . . ရွဲ့ပြောတာ သိရဲ့လား၊ ဟိုကောင်မလေး နင်လည်း ကြပ်ကြပ်သတိထား၊ နောင်ကို ငါ့ကို အရည်မရ အဖတ်မရ စကားတွေ ဘယ်တော့မှ လာမပြောနဲ့"

ဦးဘသစ် ဒေါသဖြင့် ဧည့်ခန်းထဲက ထွက်လာခဲ့သည်။ မြခက်ရဲ့ ငါးပိချက် ကယ်ပေလို့သာပဲဟုလည်း ကျေးဇူးတင်မိသည်။

သစ်ခက်ကတော့ ဘာရယ်မဟုတ် ထုံးစံအတိုင်း မျက်ရည်ဝဲပစ်လိုက်၏။ ဒေါ်မြခက်ကတော့ မျက်နှာအိုသွားသည်။ မရမ်းသီး ငါးပိချက်ကို စားချင်လှပါသည်ဆိုသော သူ့ယောက်ျား ဘာဖြစ်သွားလေသနည်း။





သို့သော် ဘယ်တုန်းကမှ လင်ယောက်ျားကို အပြစ်မပြောတတ်သူ ဖြစ်သည့်အလျောက် မျက်ရည်ဝဲနေသော သမီးကိုသာ ချော့ရသည်။

"ကဲပါ သမီးရယ်. . . ငိုမနေနဲ့တော့၊ ခဏနားပြီး ရေချိုး၊ ဟုတ်လား၊ ပြီးရင် ထမင်းစားကြရအောင်နော်၊ တိတ်တော့. . . ကလေးလည်း မဟုတ်ဘဲနဲ့ဟာ"

မေမေချော့တော့မှ သစ်ခက် ရှိုက်သံတွေဘာတွေပါ ပါလာပြီး ငိုငိုပစ်လိုက်၏။ မေမေက တတွတ်တွတ် ချော့ရင်း မျက်ရည်တွေကို သုတ်ကာပေးသည်။ အိပ်ခန်းထဲအထိ လိုက်ပို့ကာ ခဏနားခိုင်းသည်၊ မေမေ ထွက်သွားတော့ သစ်ခက် မောကာသွားသည်။ ညာငိုမိတာလား၊ တကယ်ငိုမိတာလားဆိုတာ ကိုယ့်ဘာသာကိုယ်လည်း မသိတော့။

မောမောနှင့် သစ်ခက် ခဏအိပ်ပျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေက သဘောတူသည်ဆိုတုန်းက သစ်ခက်ကို ရွှေဘုန်း ခပ်ပေါ့ပေါ့ပင် သဘောထားခဲ့သည်။ တစ်နှစ်လောက် ကြာတော့ ရွှေဘုန်းလူ ဒီကောင်မလေးကို နည်းနည်းစိတ်ဝင်စားလာ၏။ သစ်ခက်သည် တစ်ခါတစ်ရံ နတ်ဘုရားမတစ်ပါးလို နေတတ်သည်။ တစ်ခါတစ်ရံ ယုန်ကလေးတစ်ကောင်လို အရာရာကို မသက်မသာဖြစ်နေတတ်ပြန်၏။ တစ်ခါတစ်ရံ ရေခဲတုံး၊ ဘရိတ်ဒါး၊ အခုမှ ပွင့်လိုက်သည့်ပန်း၊ နွေဥတု. . .။

သေချာတာတစ်ခုကတော့ သစ်ခက်သည် ဘယ်တုန်းကမှ သူ့ကို တစ်သက်မှတ်တည်း မဆက်ဆံ။ ဘယ်တော့မှ ဂရုမစိုက်။ စေ့စပ်ထားခြင်း မရှိသေးသည့်တိုင်အောင် တစ်ချိန်မှာ လက်ထပ်ရမည်ဆိုသည့် ခံစားမှုကလေးမှုပင် သူ့ကို မပေး။

ဒါပေမယ့် မိန်းကလေးတွေဟာ ဖရဲသီးနှင့် တူသည်ဟု ရွှေဘုန်းလူ ထင်ချင်သည်။ အတွင်းသားက ဘယ်လောက်မှည့်ရွှန်းနေနေ အပြင်မှာ စိမ်းပြနေတတ်၏။ အခုတော့ သစ်ခက်သည် သူ့အတွက် ဖရဲသီး တစ်လုံးသာ ဖြစ်၏။





ဟိုတစ်နေ့က ကိစ္စကို သူ မကျေနပ်ပါ။ ဖြစ်ခဲ့သမျှ အားလုံးသည် ဘယ်နည်းနှင့်မျှ သွေးရိုးသားရိုး မဟုတ်နိုင်။ သစ်ခက်နှင့် တစ်နည်းနည်း ပတ်သက်ရမည်ဟု သူ တထစ်ချ ယုံနေသည်။ ဒီကိစ္စကို မေးရန် ကျောင်းကြိုနေ့ မဟုတ်ပါဘဲ သစ်ခက်အိမ်သို့ သူထွက်လာခဲ့သည်။

"စောလှချည်လား မောင်ရွှေဘုန်းရဲ့"

ဒေါ်မြခက် နှုတ်ဆက်စကားကြောင့် ရွှေဘုန်း နည်းနည်းတော့ တွန့်ကာသွားသည်။ ဟုတ်တာပေါ့. . . အခုမှ ခုနစ်နာရီခွဲပဲ ရှိသေးသည်။ ဒါပေမယ့် "ဟုတ်ကဲ့ အန်တီ" ဟု ဟန်မပျက် ပြောကာ ဧည့်ခန်းမှာ ဝင်ထိုင်ရင်း အထူးတလည် ဧည့်ခံရမည့်သူလည်းမဟုတ်၊ အိမ်သားတစ်ယောက်လည်း မဟုတ်သော ခပ်ကြောင်ကြောင် ဧည့်သည်တို့၏ထုံးစံအတိုင်း မနေ့က သတင်းစာအဟောင်းကို ကောက်ဖတ်နေလိုက်ရ၏။

ဆယ်မိနစ်လောက် ကြာသည်အထိ သစ်ခက်တို့အိမ်က တိတ်ဆိတ်ကာနေသည်။ ဒေါ်မြခက်က မီးဖိုချောင်ထဲမှာ ရှိသည်။ ဦးဘသစ်က နိုးလိမ့်ဦးမည် မဟုတ်။ အင်း. . . သူ့ဖရဲသီးကလေးလည်း အိပ်နေတုန်းနေမှာပေါ့။ အိပ်ပေ့စေ။ ဒါမှ ပါးကလေးတွေ ဖောင်းနေမှာ။ သူ့အတွေးတို့ သူ သဘောကျကာ ပြုံးမိတုန်း ရေချိုးခန်း တံခါးဖွင့်သံ ကြားရ၏။ လှည့်ကြည့်မိတော့ သစ်ခက်၏ညဝတ်အကျီအစွန်းစကို လှစ်ခနဲ တွေ့လိုက်ရသည်။

သစ်ခက်တို့၏တစ်ထပ်တိုက်အိမ်ကလေး၏ဖွဲ့စည်းပုံက တော်တော်လေး ဆန်းသည်။ ရန်ကုန်မှာ တွေ့ရခဲသော အိမ်ပုံစံ ဖြစ်၏။ ရှေ့တ်နှာစာတန်းမှာ တံခါးပေါက် မရှိဘဲ တံခါးက ဘေးတံခါးဖြစ်သည်။ တံခါးမှ အိမ်ထဲသို့ ဝင်ဝင်ချင်း ဧည့်ခန်းကို တွေ့ရပြီး ဧည့်ခန်း၏



www.burmeseclassic.com

www.burmeseclassic.com



ညာဘက်တွင် ဘုရားစင်ခန်း ရှိ၏။ ဧည့်ခန်း၏နောက်တွင် နံရံပိတ်တစ်ခုရှိပြီး ထိုနံရံနောက်တွင် မီးဖိုချောင်နှင့် ထမင်းစားခန်း ဖြစ်ပုံရသည်။ ဧည့်ခန်း၏ဘယ်ဘက်တွင် အခန်းတစ်ခန်းရှိပြီး ထိုအခန်းအဆုံးတွင် ရေချိုးခန်း ရှိသည်။ ထို့ကြောင့် ဧည့်ခန်းတွင် ထိုင်နေရင်းက ထောင့်ချိုးခပ်ဟဟတွင် ရှိသော ရေချိုးခန်းတံခါးအစွန်းကို ရွှေဘုန်းလူ မြင်လိုက်ရခြင်းဖြစ်သည်။

ရွှေဘုန်းလူ ရင်တစ်ချက်ခုန်ကာသွားသည်။

ဒေါ်မြခက်က မီးဖိုခန်းထဲမှာ ရှိသည်။ ဦးဘသစ်က အိပ်တုန်း။ မတော်မတရား ကြံစည်ဖို့တော့ မဟုတ်ပါ။ ရေချိုးခန်းထဲမှာ မျက်နှာသစ်နေမည့် သစ်ခက်ကို တံခါးဝနားက သွားကာ စကားပြောရန် ဖြစ်သည်။ ဒါဆို သစ်ခက်လည်း ထွက်ပြေး၍ မရတော့ဘူး မဟုတ်လား။

ထိုအတွေးဖြင့် ရွှေဘုန်း ထိုင်ရာက ထသည်။

သို့သော် သူ့အပြုအမူက လူကြီးလူကောင်းဆန်ပါရဲ့လားဟု တွေးမိကာ ခါးပင် မဆန့်နိုင်ဘဲ ကုန်းကုန်းကြီးဖြစ်ကာ ပြန်ထိုင်ကျသွားပြန်၏။ အို. . . အိမ်က သဘောတူထားတာပဲ။ ငါမှာ ဒီလောက်မှ အခွင့်အရေး မရှိတော့ဘူးလား။ ဒီလိုနှင့် ပြန်ထရပ်မိပြန်သည်။ ခြေတစ်လှမ်းလှမ်းပြီးမှ ဦးဘသစ်နှင့် တိုးလျှင်ကော. . . ဟု တွေးမိပြန်ကာ နောက်တစ်လှမ်းက တန်းလန်းဖြစ်သွားပြန်၏။ အို. . . ဦးဘသစ်က ဂေါက်သီးသွားရိုက်မှာပါ။

နောက်ဆုံး ရွှေဘုန်းလူ ဆုံးဖြတ်ချက်ကို လုံးဝချလိုက်သည်။





သူ ဒီနေ့ ဂေါက်သီးသွားမရိုက်သည့်အတွက် ဦးမြခိုင်တို့၊ ဦးမောင်မျိုးတို့၊ မောင်ပြည့်ဝတို့က သူ့ကို စကျွမ်းကြီးဟူသော ဘွဲ့အစားကြောက်ကြီးဟု ပြောတော့မှာ သေချာသည်။ အခုမှပင် တွေးကာ နောင်တရမိချင်သလိုလို ရှိ၏။ ဒါသကို ရှေ့ထားကာ ဆုံးဖြတ်မိတာ သူ့အမှားပင် ဖြစ်သည်။

မရိုက်တတ်တဲ့သူက နိုင်တယ်ဆိုတာ တစ်ခါတစ်လေ ကံစွတ်တာလောက်ပဲ ဖြစ်နိုင်သည်။ အမှန်ဆို သူ ဒီနေ့ သွားပြီး ဖြူက သူ့ငွေသားတို့ အမှတ်(၂၀)လောက် အေးအေးဆေးဆေး ဖြတ်ကာ ပညာပေးရင်း သူ့ဂုဏ်သိက္ခာကို ပြန်ဆယ်ရမှာ ဖြစ်သည်။ အခုမှတော့ အချိန်မရှိတော့၊ နာရီတောင် ထိုးတော့မည်။ သူ့မျက်နှာကို သူ လက်သီးဖြင့် စွတ်ထိုးပစ်ချင်လောက်အောင် ဒေါသထွက်တာသွား၏။

"သစ်လေး. . ."

ဦးဘသစ် မျက်မှောင်ကို ကြုတ်လိုက်မိသည်။

"သစ်လေး. . . ကိုယ်ပါကွာ၊ အခုလို ရေချိုးခန်းထဲမှာ ပိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တားပြောလို့ ကိုယ့်ကို တစ်မျိုးမထင်ပါနဲ့နော် သစ်လေး"

ဦးဘသစ် ယောင်ကာ သွားတိုက်ဆေးတွေကို မြိုချမိလိုက်၏။

"သစ်လေးရယ် . . . သစ်လေးကို ကိုယ်သိပ်ချစ်ပါတယ်၊ တကယ် ပါ ဒါပေမယ့် မနေ့က ကိစ္စကတော့ သိပ်ရုပ်ဖျက်လွန်းတယ်၊ ကိုယ့်ရင်ထဲ ကို သစ်လေး ဝင်ကြည့်စမ်းပါ၊ ကြားရဲ့လား သစ်လေး"

ဦးဘသစ် သွားပင် မတိုက်ရဲတော့။ သွားတိုက်သံကို ကြားသွား မှာ ဘာကိုမှန်း မသိဘဲ ကြောက်နေမိသည်။

"ဒီကောင်တွေ သက်သက် လူလည်ကျလိုက်တယ်ဆိုတာ သစ်လေး သိမှာပါ၊ ဒီကောင်တွေ သစ်လေးနဲ့ ဘယ်လိုပတ်သက်သလဲ၊ သစ်လေးမှာ ကိုယ့်ထက် ချစ်ရမယ့်လူ ရှိနေပြီလား"

အသံက တိတ်ကာ သွားပြန်သည်။ ဦးဘသစ် အသက်ကိုပင် အောင့်ကာထားမိသည်။ ဘာကို ဆုံးဖြတ်ရမှန်း မသိ။ တံခါးကို ဖွင့်ကာ ထွက်ရမှာကိုလည်း ရှက်သည်။ ဒီအထဲမှာ နေရတာလဲ စိတ်ကျဉ်းကြပ် တာနှင့် ရှက်ရတာနှင့် မွန်းကြပ်လှသည်။

"သစ်လေး . . . စကားတော့ ပြန်ပြောကွာ၊ တစ်ခွန်းပဲဖြစ်ဖြစ်၊ မင်းအဖိုးကြီး နှပ်နေတုန်း ကိုယ်က စွန့်စားပြီး . . ."

တံခါး ဝုန်းကနဲ ပွင့်ကာလာသည်။

ရွှေဘုန်းလူ သူ့ဘဝပျက်ပြီဆိုတာ ချက်ချင်းသိလိုက်၏။

"ဟေ့ကောင် . . . မင်း ငါနဲ့ အခုအပြင်လိုက်ခဲ့စမ်း"

ဦးဘသစ်၏ကျားဟိန်းသလို အသံကြီးအဆုံးတွင် တစ်အိမ်လုံး အလုပ်ရှုပ်သွားလေသည်။





ပြဿနာအားလုံးကို သိသိပြီးချင်း သစ်ခက် ပထမဦးဆုံး လုပ် သောအလုပ်မှာ ကျောင်းသို့ သုတ်ခြေတင်ခြင်းပင် ဖြစ်သည်။ ဒီလောက် ဆိုလျှင် ရှေ့ဆက် ဘာပြဿနာတွေ တက်တော့မည်ဆိုတာကို သစ်ခက် ကောင်းကောင်းသိပြီ။

ရွှေဘုန်းဆိုသည့်လူက ချွန်တာမဟုတ်သည့်တိုင် ဒီအခြေအနေ မှာ အမှန်အတိုင်း ဖွင့်ပြောမှ ရတော့မှာ သေချာသလောက် ရှိသည်၊ ဒေါသတကြီးဖြင့် ပြန်လာသော ဖခင်ကို ဘယ်လိုရင်ဆိုင်ရမည်နည်း၊ သွေးဆူလွယ်သော၊ ဆုံးဖြတ်ချက်ချမြန်သော၊ ရှေ့နောက်စဉ်းစားလေ့ မရှိသော သစ်ခက်၏ဇီဇဝါတွင် ဖခင်ကို သေမလောက် ကြောက်ရ သော ခံစားမှုက ထပ်ကွန့်လိုက်သောအခါ သစ်ခက်၏ဆုံးဖြတ်ချက်သည် ငှက်ကလေးတို့ သဘာဝအတိုင်း ချစ်သူနောက်သို့ လိုက်ရေးသာ ဖြစ်သွား သည်၊

အရေးထဲ ငါးတို့က ရှိနေကျနေရာတွေမှာ ဘယ်လိုမှ ရှာမရ အရင်နေ့တွေဆိုရင်တော့ အတန်းထဲပင် ဝင်ထိုင်ကာ စိတ်အောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖို့ပဲ ရှိသည်။ အခုတော့ မရ။ ငါးကို ဒီနေ့ မတွေ့လို့မဖြစ်။ အခြေအနေအားလုံးကို ရှင်းပြရမည်။ ပြီးလျှင် ငါးကို ခိုးခိုင်းရမည်။ ညနေ ဖေဖေက ဒေါသတကြီးဖြင့် အိမ်က စောင့်နေချိန်တွင် သူနှင့်ငါးတ အိမ်နှင့် ဝေးရာ အဝေးကြီး ရောက်နေလောက်ပြီ။ ဒါဆိုရင်. . . ပြီးပြီ။

သို့သော် ခက်နေတာက ငါးတို့ကို ရှာလို့မတွေ့။ နေရာတွေလည်း နှံ့နေပြီ။ သစ်ခက် ကြောက်လာသည်။ ရင်ထဲမှာ ပူကာလာ၏။ မျက်ရည်ဝဲကာ အရမ်းဝမ်းနည်းအားငယ်နေခဲ့သည်။ ဂျပ်စင်လမ်းကို ပြန်ဝင်လာတော့မှ ငါးတို့အားလုံးကို "ဘွား"ခနဲ တွေ့လိုက်ရသည်။

"ငါး. . . ငါး. . . ငါး" ဟု အသံကုန် အော်ကာ ပြေးသွားသော မိန်းကလေးတစ်ယောက်ကို ဂျပ်စင်လမ်းပေါ်မှာ လျှောက်နေကြသည့် ကျောင်းသားများက နားမလည်နိုင်စွာ လှည့်ငေးကြလေသည်။

သစ်ခက် ပြောပြသည့် ဇာတ်အကြောင်းအရာက သာမန်အချိန်ဆိုလျှင် အူတက်မတက် ရယ်စရာကောင်းမည် ဖြစ်သော်လည်း နှာသီးဖျား နီရဲနေသော၊ အသံတွေ တုန်နေသော၊ မျက်ရည်ဝဲနေသော သစ်ခက်၏အမူအယာကြောင့် ဘယ်သူငယ်ချင်းမှ မရယ်မိကြ။

"သစ်ခက်ကို ကယ်ပါဦး ငါးရယ်"

စကားဆုံးတော့ ငါးရဲ့လက်တစ်ဖက်ကို သစ်ခက် လက်နှစ်ဖက်စလုံးနှင့် ဆုပ်ကိုင်ကာ ထားမိသည်။ ရင်ထဲမှာ အားလည်း တော်တော်ရှိကာသွား၏။ သူငယ်ချင်းအားလုံးလည်း တိတ်ကာသွားသည်။ မိဆွေက အားမလိုအားမရ လေသံဖြင့် "ဒီတောင်ကလည်းဟယ်" ဟု ဆိုသည်။ ငါးက သစ်ခက် လက်နှစ်ဖက်ကို ကျန်လက်တစ်ဖက်ဖြင့် လာရောက် အုပ်မိုးကာ ဆုပ်ကိုင်သည်။





"အဲဒီတော့. . . ငါး ဘာလုပ်ပေးရမလဲဟင်"

ငါး၏စကားကြောင့် သစ်ခက် ဒေါသထွက်ချင်သွားသည်၊ ဒီအခြေအနေမှာ သစ်ခက် အားအကိုးဆုံးလူက ဘယ်သူလဲဆိုတာ သူ သိဖို့ကောင်းသည်။ ဘာလုပ်သင့်သည်ဆိုတာကိုလည်း သူ သိဖို့ကောင်းသည်။ "သစ်ခက်လေး. . . လုံးဝအိမ်မပြန်နဲ့တော့" ဆိုသည့် စကားမျိုးကို သူ ဘာကြောင့် မပြောရတာလဲ။

သို့သော် သစ်ခက် ဒေါသကို မြိုချပစ်လိုက်ပါသည်။ သူ့ချစ်သူသည် တုံးစရာရှိလျှင် အလွန်တုံးတတ်မှန်း သူသိပါသည်။ ဖွဲ့ဂီတောင်ပုံကို ပြလျှင်ပင် ရေခဲမုန့်လားဟု မေးချင်မေးဦးမည်။ ဒီတော့. . . သစ်ခက် အရှက်ကို တမင်လွှတ်ချပစ်လိုက်သည်။

"သစ်ခက်ကို အခု ခိုးတော့. . ."

သစ်ခက်စကားကြောင့် စိုးချိန် ပါးစပ်ပြဲကာ သွားသည်။ ယော ပြီး သစ်ခက်လက်တွေကိုလည်း လွှတ်လိုက်မိသည်။ အခု. . . ခိုးတော ဘယ်နည်းနှင့်မျှ မဖြစ်နိုင်။ အဆောင်မှာတောင် ထမင်းနပ်မမှန်သည် ကောင်က သစ်ခက်ကို ဘယ်လိုခိုးမည်နည်း။ ပြီးတော့ ဒီအခြေအနေ ဒီလောက်အထိ ဆိုးဝါးသောအဆင့်ကို မရောက်သေးဟု သူထင်သည်

"ဟာ. . . ဒါတော့ မဖြစ်ဘူး သစ်ခက်၊ သစ်ခက်ကို ငါး အ ဦးလို့မရသေးဘူး"

"ဘာ. . ."

"ဟိုလေ. . . ငါး ဆိုလိုတာက ဒီလိုပါ၊ ဒီကိစ္စမှာ ဖြေရှင်းစ နည်းလမ်းတွေ အများကြီး ရှိတယ်လို့ ပြောတာ"

"ငါး. . . ဖေဖေ့အကြောင်းကို ဘယ်လောက်သိလို့လဲ"

"ဒေါသသိပ်ကြီးတတ်တယ်ဆိုတာတော့ သိပါတယ်၊ ဒီင



www.burmeseclassic.com

www.burmeseclassic.com



သစ်ခက်ရာ. . . ဟိုကောင်က အားလုံးပြောပြီးပြီပဲထား၊ သစ်ခက်နဲ့ တိုက်ရိုက်မှ မပတ်သက်တာ၊ ငါးနဲ့လည်း တိုက်ရိုက်မှ မပတ်သက်တာ ဆေးလာရင် မသိဘူးလို့ပဲ ဖြေပေါ့၊ ဒီကောင့်ပုံစံကြည့်ပြီး အမြင်ကတ်တဲ့ ကျောင်းသားတွေက ပညာပေးတာလို့ပဲ. . . ”

စိုးချိန် စကားမဆုံးခင် သစ်ခက်က ဝုန်းခနဲ ထရပ်သည်။ သစ်ခက် တစ်ကိုယ်လုံး ဒေါသကြောင့် တုန်ယင်ကာနေ၏။ သူ လွှတ်ချ လိုက်သော အရက်သည် ကွဲရှုံသာမက စုတ်ပြတ်သွားပြီဆိုတာ သစ်ခက် ချက်ချင်းသိလိုက်သည်။ ထိုးအပ်လိုက်သည့် အသည်းနှလုံးကို လက်ဖြင့် စုတ်ချခဲလိုက်ရသဖြင့် တစ်ဘဝလုံး ဆတ်ဆတ်ခါ နာသွားခဲ့သည်။

“ဒီမှာ. . . ငါ၊ သစ်ခက် ထပ်မေးမယ်၊ သစ်ခက်ကို ခိုးမလား မခိုးဘူးလား”

“မဟုတ်ဘူး သစ်ခက်ရာ၊ ငါးမှာက ဘာမှပြည့်စုံတာမှ မဟုတ် တာ၊ အခု ကျောင်းစရိတ်တောင်မှ ရွာက ထောက်ပံ့တဲ့စရိတ်နဲ့ တက်နေရ တာ၊ သစ်ခက်ကို ဘယ်လိုမှ ခိုးလို့မရဘူး၊ အဲဒါ ငါးစေတနာ. . . ”

စိုးချိန် စကားမဆုံးလိုက်. . . ။

သစ်ခက်က နာနာကျည်းကျည်း တစ်ချက်အော်ကာ စိုးချိန် မျက်နှာကို ကုတ်ပစ်လိုက်သည်။ ပြီးတော့ ကျောကုန်းကို ထုသည်။ လက်မောင်းကို ကုတ်သည်။ လွယ်အိတ်နှင့် တွေ့ရာနေရာတွေကို ရိုက် သည်၊ ထုသည်။

သူငယ်ချင်းတွေလည်း ထင်မထားသဖြင့် ရုတ်တရက် ကြောင် နေကြ၏။ သတိရတော့မှ ဆွဲကြလွဲကြသည်။ သစ်ခက်ကိုတော့ မဟုတ်။ အထုခံ၊ အကုတ်ခံနေရသော စိုးချိန်ကိုသာ ဖြစ်သည်။

“အဲဒါမှတ်ထား. . . နင့်ကို ငါသိပ်မုန်းတယ်၊ နောင် နင် ငါနဲ့





ဘယ်တော့မှ မပတ်သက်နဲ့တော့. . . သိလား”

“ဟဲ့. . . သစ်ခက်. . . သစ်ခက်”

ချောစုက စိုးရိမ်တကြီး လှမ်းကာ ခေါ်သည်။ “တစ်ယောက်မှ မလိုက်ခဲ့နဲ့” ဟု သစ်ခက် ကြုံးကာအော်ပြီး ထွက်လာခဲ့သည်။ သစ်ခက် အမြင်တွင် ကမ္ဘာလောကကြီးသည် ခဏလောက်တော့ ပျောက်သွားဟန် ရှိသည်။

ပြန်သတိရတော့ လက်ဖျားတွေ တဆတ်ဆတ် တုန်ကာ နေ သည်။ ရင်က တဒုန်းဒုန်း ခုန်ကာနေ၏။ မျက်ရည်ကလည်း ဝဲကာနေ သည်။ သစ်ခက် မျက်ရည်တွေကို သုတ်ပစ်လိုက်သည်။ သို့သော် မရ။ သွေးကြောကို ဓါးရှသည့်ဒဏ်ရာလို မျက်ရည်က စိမ့်ထွက်ကာ လာပြန် ၏၊ ထပ်သုတ်သည်။ ထပ်ထွက်ကာ လာပြန်၏။

သစ်ခက်အသည်းသည် ဘယ်လောက်များ ကြောက်မက်ဖွယ်ရာ ကွဲသွားသလဲဆိုလျှင် ဘာကိုမှလည်း မကြောက်တော့။ သိလည်း မသိချင် တော့။ သူ့ဘဝမှာ အကြောက်ဆုံး ဖေဖေ့ကိုပင် ရင်ဆိုင်ရဲသွားပြီ ဖြစ် သည်။ သူ အိမ်ကို ပြန်ဖို့ ဆုံးဖြတ်လိုက်၏။

ထိုစဉ်မှာပင် ခေါင်းငုံ့ကာ လျှောက်လာသော သစ်ခက်ရှေ့မှာ ငါးရာတန်တစ်ရွက်ကို တွေ့လိုက်ရသည်။ ဒေါသ၏အရှိန်နှင့် လျှောက် လာသဖြင့် တွေ့သည့်အချိန်မှာ ငါးရာတန်ကို ခြေလှမ်းနှစ်လှမ်းလောက် ထ ကျော်သွားပြီ။

ငါးရာတန်. . . ။

သစ်ခက် ခြေလှမ်း တုံ့ခနဲ ရပ်ကာသွား၏။ အသည်းကွဲလာပါ သည်ဆိုကာမှ ငါးရာတန်နှင့် လာတိုးနေသည်။ သစ်ခက် မျက်ရည်တို့ သုတ်ရင်း တစ်လှမ်းလျှောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ အသည်းကွဲတာနှင့် ငါးရာတန် ဘာဆိုင်သနည်း။ သူ မကောက်ဘဲထားလျှင် သူများ ကောက်သွားလိမ့်မည်။ အသည်းကွဲခြင်းနှင့် မိန်းကလေးတို့၏နဂိုမူလဗီဇသည် စက္ကန့်ပိုင်းအတွင်း သစ်ခက်အာသိစိတ်မှာ အကြီးအကျယ် တိုက်ခိုက်နေကြသည်။

သစ်ခက် တစ်ချက်ရှိုက်သည်။ မျက်ရည်ကို သုတ်ပစ်လိုက်သည်။ ပြီးတော့ ခြေလှမ်းသုံးလှမ်း ပြန်လှည့်ကာ ငါးရာတန်ကို အောင်မြင်စွာ ကောက်ယူနိုင်ခဲ့လေသည်။





"မင်းစေတနာ မမှားဘူး စိုးချိန်၊ လုပ်နည်းလုပ်ဟန်တော့ မှားတယ်"

"စေတနာမှန်ရင် အားလုံးမှန်တယ် မဟုတ်ဘူးလား"

စိုးချိန်စကားကြောင့် မြတ်မိုးက ပြုံးသည်။

"စေတနာ ဆိုတာမျိုးက အမှန်တရားနဲ့ သိပ်မဆိုင်ဘူးကွ၊ ငါဆိုလိုတာက မင်း သူ ခိုးခိုင်းတဲ့အချိန်မှာ မခိုးဘူးလို့ ဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်က မှန်ပါတယ်၊ ဒါပေမယ့် အဲဒါကို ချက်ချင်းသွားပြောလိုက်တာ မှားတယ်"

"ဟာ. . . သူက ချက်ချင်းခိုးပါပဲ ပြောနေတာ၊ ဘယ်လိုလုပ် အချိန်ဆွဲလို့ ရမှာလဲ"

စိုးချိန်အသံက ဒေါသသံ နည်းနည်းပါသွားသဖြင့် အောင်ခန့်တို့ က ခေါင်းကို ခါသည်။ စိုးချိန်လည်း သစ်ခက်လိုပဲ ခေါင်းပူနေချိန် ဖြစ်နေသည့်အတွက် သူငယ်ချင်းအားလုံးက ထိုဒေါသသံကို နားလည်ပေးကြပါသည်။

စကားဝိုင်းက တိတ်ကာသွား၏။



www.burmeseclassic.com

www.burmeseclassic.com



မြတ်မိုးက မြတ်ဆွေကို မျက်နှာရိပ် တစ်ချက်ပြသည်။ သဘော ကတော့ ခဏအနားပေးလိုက်ဦး ဆိုသည့်သဘော။

"အောင်ခန့် . . . CHESS ထိုးရအောင်ကွာ"

"မင်းနှမကို မင်းအမြင်ကတ်တဲ့ကောင်နဲ့ ပေးစားကြေး"

အောင်ခန့်က မြင့်မိုးကို ဆဲသည်။

"ငါ အမြင်ကတ်တဲ့ကောင်တွေက အများကြီးကွ၊ ငါရှုံးရင် ငါ့နှမ လင်တွေအများကြီး ရကုန်မှာပေါ့"

စိုးချိန်မှတစ်ပါး အားလုံး ရယ်ဖြစ်ကြသည်။ မကြာမီ ဆေးပေါ့ လိပ်ငွေ့ တထောင်းထောင်းဖြင့် အင်မတန် စိတ်ဝင်စားဖို့ကောင်းသော CHESS တစ်ပွဲ စိုးချိန်နံဘေးနားမှာ ရောက်လာသည်။ မြတ်ဆွေက လည်း နံဘေးမှ ထိုင်ကာ CHESS ပွဲထဲ ရောက်ကာသွား၏။ နံဘေးမှ စိုးချိန်တစ်ယောက်တည်း အထီးကျန်ကာနေသည်။ စိုးချိန် အဆောင်ထဲ က ထွက်လာခဲ့သည်။ လက်ထဲမှာ DIARY စာအုပ်ကလေးကိုတော့ ယူလာခဲ့၏။

သူ့ရင်ထဲမှာ ရှုပ်ထွေးနေသည်။ ဗလောင်ဆူနေသည်။ ဘာ တစ်ခုကိုမှ ခံစား၍မရ။ သစ်ခက်နှင့်သူ ဗုဒ္ဓဟူးနေ့မှာ ပြဿနာတက် သည်။ ကြာသပတေးနေ့ သူ သစ်ခက့်အခန်းသို့ သွားသည်။ သစ်ခက်က သူ့ကို လုံးဝဂရုမစိုက်။ နံဘေးက သူငယ်ချင်းတွေလည်း ဘာမှမတတ်နိုင်။ သူ နောက်က လိုက်ကာ စကားပြောတော့ သစ်ခက်က ဘာမှပြန်မပြော။ သစ်ခက်နံဘေးနားမှာ တစ္ဆေတစ်ကောင်လို သူရှိနေခဲ့သည်။ နောက်ဆုံး တော်ရစ်တာအလယ် ရောက်တော့မှ သစ်ခက်က ရုတ်တရက် လှော့က် နေရာမှ ရပ်ကာ သူနှင့် မျက်နှာချင်းဆိုင်သည်။ မျက်ဝန်းတွေက စိမ်း တားသည်။ နှုတ်ခမ်းတွေက ပြတ်သားသည်။ လေသံက မာထန်နေကာ





ပြောချလိုက်သည့် စကားလုံးတွေက ကြောက်မက်ဖွယ်ရာ ကောင်းလေ သည်။

"နင် ငါနဲ့ လုံးဝမပတ်သက်နဲ့တော့၊ နင့်မျက်နှာ ငါ မကြည့်ချင် ဘူး" ဆိုလား၊ "နင် ငါ့ရှေ့က အခုထွက်သွား၊ နောက်တစ်ခါ နင့်မျက်နှာ ငါမမြင်ချင်ဘူး" . . . ဆိုလား။ အသေအချာ စိုးချိန် မမှတ်မိတော့။ စိုးချိန်နှလုံးသား ပြာသွားသဖြင့် ဘာကိုမှ အတိအကျ မမှတ်မိတော့။ သေချာတာ တစ်ခုရဲ့ အဓိပ္ပါယ်ကတော့ သစ်ခက်သည် သူ့ကို မုန်းပစ် လိုက်ပြီဆိုတာပဲ ဖြစ်သည်။

ချောစု၊ မေစိုးနှင့် မိဆွေတို့နှင့် တွေ့တော့ အခြေအနေကို အကြောင်းစုံ သိရသည်။ ထိုအခြေအနေ အကြောင်းစုံသည် ရင်နာစရာ ကို အသေးစိတ် သိရခြင်းပင် ဖြစ်၏။

"သစ်ခက်က နင့်ကို တော်တော်လေးကို နာကျည်းသွားတာ၊ နင့်လက်ထဲကို ထည့်ပေးလိုက်တဲ့ သူ့နှလုံးသားကို နင်က ကိုင်ပေါက်ပစ် လိုက်တာတဲ့၊ သူ နင့်ကို မုန်းတယ်လို့ချည်း ပြောနေတာနဲ့ ငါတို့လည်း ဆက်မမေးဘဲ ထားလိုက်တာ"

"သစ်ခက် ရှက်သွားတာလည်း ပါတာပေါ့၊ မိန်းကလေးတစ် ယောက်က ခိုးပါတော့လို့ ပြောတဲ့စကားဟာ သူ့ဘဝအတွက်တော့ အကြီးမားဆုံး စွန့်လွှတ်မှုပဲ၊ ငါတို့လည်း ကြားဝင်လို့ မရတာတော့ အမှန် ပဲ"

မိဆွေကတော့ စဉ်းစဉ်းစားစားနှင့် အခြေအနေကို ပြောပြ သည်။

"အရင်တုန်းက သစ်ခက်က သွေးဆူလွယ်တယ်၊ ဆုံးဖြတ်မြန် တယ်၊ ပြီးရင်ပြီးရောပဲ . . . ဘာမှမဟုတ်ဘူး၊ ဒါပေမယ့် ဒီတစ်ခါတော့



www.burmeseclassic.com

www.burmeseclassic.com



တော်တော်လေးကို အေးစက်နေတယ်၊ အရင်တုန်းကလို လွယ်လွယ်ထလေးနဲ့ စိတ်ကောက်တာမျိုး မဟုတ်ဘူးလို့ ငါထင်တယ်၊ နင်ကြိုးစားကြည့်ပါဦး"

သစ်ခက်သူငယ်ချင်းသုံးယောက်ထံမှ အစွမ်းကုန်စကားများကို သူ ကြားရခြင်းဖြစ်ပြီး သောကြာနေ့မှာ သူ့အခြေအနေ အဆိုးဆုံးကို ရောက်သွားပြီဆိုတာ စိုးချိန် သိလိုက်ရသည်။ သစ်ခက်က ဟိုရွှေဘုန်းလူဆိုသည့်လူ၏ကားနှင့် ကျောင်းကို လာသည်။ ကင်န်တင်းမှာ အတူထိုင်တာ စားကြသည်။ အစားအသောက် အနေအထိုင်က တည်တည်ငြိမ်ငြိမ်ဝင် ဆိုသော်လည်း၊ သူရှိနေမှန်း သိလျက်နှင့် သူ့ကို ဂရုမစိုက်ခြင်း၊ တစ်စုံတစ်ရာ တုန်လှုပ်မှု မပြခြင်း၊ အပြန်မှာ ထိုကားနှင့်ပင် အတူပြန်သွားခြင်း. . . စသည့် အကြောင်းအရာများက စကားတစ်ခွန်းမှ သူ့ကို မပြောဘဲ ရက်စက်သော အမူအယာ တစ်စုံတစ်ခု မပါဘဲ သူ့ရင်ဝမှာ ဝှနေအောင် လုပ်သွားနိုင်ခဲ့သည်။

ဒါပေမယ့် သစ်ခက်ကို သူ မခိုးဖြစ်ခဲ့သည့်အတွက်တော့ သူ ဘယ်တော့မှ နောင်တမရပါ။ သစ်ခက်သည် သူ့ကို ချစ်တာပဲ သိသည်။ သူ့အခြေအနေကို ဘာမှသိသူ တစ်ယောက်မဟုတ်။ ဒီလောက်လှသည့် မိန်းကလေးတစ်ယောက်နှင့် အတူနေဖို့ကိစ္စကို ဘယ်ယောက်ျားလေးက လက်လွှတ်ခံချင်မှာလဲ။ အဲဒီ သူတပ်မက်ချင်စိတ်ကလေးတစ်ခုနှင့် သစ်ခက် ဘဝတစ်သက်လုံး ဒုက္ခရောက်မှာကို သူ မလိုချင်ခဲ့ပါ။

သူ မှန်ခဲ့ပါသည်။ ထို့ကြောင့် အသည်းကွဲ၏။ ရင်တွေ ပူနေသည်။

ပုစ္ဆာနှင့်အဖြေသည် တစ်ထပ်တည်း ကျနေသည့်အတွက် သူ အမှတ်ပြည့် အသည်းကွဲလေသည်။





လက်ထဲမှာ ပါလာသော DIARY စာအုပ်ကလေးကို ဖွင့်ကာ သူဖတ်သည်။ အရင်တုန်းက သစ်ခက်နှင့်သူ အတူဖတ်ကြတိုင်း ရင်ခုန်ကြ၊ ပျော်ရွှင်ကြ၊ ကြည်နူးကြရသော ဒီစာအုပ်ထဲက စကားလုံးတွေက အခုတော့ ခါးသီးနေကြသည်။ သူ့ရင်ဝမှာ ပူနေသော အပူစကြီးကို ထပ်ကြီးမားအောင် လုပ်နေကြသည်။ သစ်ခက်နှင့်သူနှင့် ဝေးသွားပြီဆိုတာကို ခိုင်ခိုင်မာမာကြီး သက်သေခံနေသလို ရှိသည်။

ဒီလိုနှင့် တစ်ရွက်ချင်း လှန်ရင်း သစ်ခက်နှင့် စတွေ့တုန်းက ရခဲ့သည့် ငါးဆယ်တန်ကလေးကို ကပ်ထားသော စာရွက်ကို ရောက်ကာသွား၏။

စိုးချိန်ရင်ထဲ ဆို့ကာသွားသည်။

“ငါးဆယ်ကောင်” ဟူသော အသံတစ်သံသည် သူ့အသိစိတ်ထဲမှာ ကျယ်လောင်စွာ မြည်ဟီးပြီး ဖြတ်သန်းကာ ဟိုးအဝေးသို့ ရောက်ကာသွား၏။

သူထိုင်နေသည့် ခုံကလေးအပေါ်က တာဝံရွက်များကို ဖောက်ချလာသော နေပျောက်ကလေးတွေက ငါးဆယ်တန်ကလေးအပေါ်မှာ ဟိုဒီပြေးလွှားနေကြသည်။ ငါးဆယ်တန်ရော. . . ထိုနေပျောက်ကလေးတွေပါ ငေးကြည့်နေရင်း တဖြည်းဖြည်း ဝါးလာကြသည်။

သတိရရချင်း စိုးချိန် စိတ်ကို ထိန်းလိုက်နိုင်သည်။ စိတ်ကို ထိန်းလိုက်သည့်အခါ တစ်ခုခုသည် အဝေးသို့ လွင့်ထွက်သွားသလိုလည်း ခံစားလိုက်ရ၏။ ဆုံးဖြတ်ချက်ကို ချကာ DIARY ထဲမှာ ကပ်ထားသည့် ငါးဆယ်တန်ကို စိုးချိန် ခွာသည်။ စိတ်ကပဲ လောကြီးနေလို့လား၊ ရင်ထဲကပဲ မချိလို့လားတော့ မသိ။ ငါးဆယ်တန် ဘယ်ဘက်အပေါ်ထောင့်က လက်နှစ်ဆစ်ခန့် ပြဲရှသွားသည်။ ငါးဆယ်တန်ကို တစ်ဝက်ခေါက်၊ အပြ



www.burmeseclassic.com

www.burmeseclassic.com



တို့ အထွင်းထဲ ထည့်တာ DIARY ကို ဂျိုင်းကြားညှပ်ရင်း စိုးချိန် အဆောင်ဝင်းထဲက အပြင်သို့ ထွက်လာခဲ့သည်။

သူတို့အဆောင်ရှေ့ ကွမ်းယာဆိုင်က ညိုမက ကာတွန်းစာအုပ် တစ်အုပ်နှင့် ငိုမ်ကျကာနေ၏။ သူ စီးကရက်ဘူး ထည့်ထားသော ဖန်ပုလင်းအဖုံးကို ဖွင့်တော့မှ တစ်ချက်မော့ကာ ကြည့်သည်။ သူ စီးကရက် တစ်လိပ်ကို နှုတ်ခမ်းတွင် တေ့ကာ နောက်ထပ် သုံးလိပ်ထပ်ကာ ယူလိုက်သည်၊ ပြီးတော့ သူ့နှုတ်ခမ်းက စီးကရက်ကို မီးညှိပစ်လိုက်သည်။

သူ ငါးဆယ်တန်ကို ထိုးပေးတော့မှ ညိုမက စာအုပ်ကို လက်မှ ခွာကာ ပိုက်ဆံကို ယူသည်။ ပြီးပြီ။ သို့သော်. . .

"အာ. . . ဦး၊ ပိုက်ဆံက ပြန်နေတယ်"

"နည်းနည်းလေးပဲဟာ. . . ညိုမကလည်း"

သူက ညိုမခေါင်းက ဆံပင်ကို လှမ်းဖွရင်း၊ စရင်း ပြောသည်။ ညိုမက ပိုက်ဆံကို ဟိုဘက်ဒီဘက်လှန်ကာ ကြည့်ပြန်သည်။

"ဟင်. . . နောက်မှာလည်း ကော်တွေနဲ့၊ အသစ်လဲပေး"

"ဟာ. . . ငါ့ ဒါပဲ ရှိတာဟ"

"အဲဒါဆိုရင် ယူသွား၊ နောက်တော့မှ ပေးတော့၊ အပြဲကြီးတော့ မယူချင်ဘူး"

ရော. . . ဒီကလေးမ ခက်ပါလား။

"ဒါဆိုလည်း ငါးဆယ်ဖိုးလုံး ယူလိုက်မယ်ဟာ"

"ယူချင်ရင်လည်းယူ. . . ဒီအပြဲကြီးတော့ မယူဘူး၊ နောက်နေ့မှ ဝဲပေး"





တစ်နေ့ခင်းလုံး အိပ်ထားခဲ့သဖြင့် ခေါင်းတစ်ခုလုံး အုံ့ကာနေ သည်။

သွေးလေးကာ ခန္ဓာကိုယ်ကလည်း မလှုပ်ချင်။ ဂိုက်က လုံးဝ တက်ကြွလန်းဆန်းခြင်း မရှိ။ ညက အိပ်မပျော်သဖြင့် အိပ်ဆေးတစ်လုံး သောက်သည်၊ မရ။ ခန္ဓာကိုယ်ကသာ လေးသွားသည်၊ အသိစိတ်က အတွေး ဟိုရောက်ဒီရောက်နှင့်။ ရောက်သမျှအတွေးအားလုံးကလည်း သူ့စိတ်ကို နှိပ်စက်သည့် အတွေးများသာ ဖြစ်နေသဖြင့် ဒေါသဖြစ်ကာ နောက်ထပ် အိပ်ဆေးတစ်လုံးကို ညတစ်နာရီကျော်မှ ထပ်သောက်သည်၊ အိပ်၍ကား မရ။ မနက်လေးနာရီလောက်မှ အိပ်ပျော်သည်။

အိပ်ယာက နိုးတော့ ဘာမှ စားချင်စိတ်မရှိ။ မေမေ အတင်း ကျွေးသဖြင့် ပေါင်မုန့်နှင့် ကော်ဖီတစ်ခွက်သာ ဝင်သည်။ အိပ်ယာမှ လည်း မထချင်။ ဘယ်သူ့ကိုမှလည်း စကားမပြောချင်။ တစ်ယောက် တည်း နေရတာလည်း စိတ်ဆင်းရဲလှသည်။

သူ့ကိုယ်သူ အနိုင်ရခဲ့သူဟု သစ်ခက် ထင်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲလှချည်လား၊ အရင်တုန်းကလို သူ ဘာကြောင့် မပျော်နိုင်ရ တာလဲ၊ ဖြစ်ချင်တာ ဖြစ်ပလေ့စေဆိုပြီး မနေနိုင်ရတာလဲ။ သူ ဒီလို စိတ်ဆင်းရဲရတိုင်း တစ်ဖက်က လူကတော့ ပျော်နေမှာပဲဟု သစ်ခက် တွေးနေမိသည်၊ ထိုအပ်လိုက်သည့် သူ့နှလုံးသားကိုတောင်မှ အားလုံးရှေ့ မှာ ရက်ရက်စက်စက် ချနင်းနိုင်သူက စိတ်ဆင်းရဲနေလိမ့်မည်ဟု သစ် ခက် ဘယ်လိုမှ တွေး၍မရ။

သူ့ကို လာတောင်းပန်သည့်မျက်နှာကိုလည်း အကောင်းမထင်။ အားလုံးရှေ့မှာ ပြောလို့ကောင်းအောင် တာဝန်ကျေ လုပ်ပြနေသည်ဟုပဲ ထင်သည်၊ ဒီလိုတွေးလိုက်တိုင်း သစ်ခက် ရင်က တိုး၍နာလာစမြဲ။ သူ့ကို အနိုင်ရအောင် အရင်တုန်းကလို ပျော်ရွှင်စွာ နေချင်သည်။ အစားအစာတွေကို စားပစ်လိုက်ချင်သည်။ ခြံထဲက လိပ်ပြာကလေးတွေ ကို ကြည့်ရင်း ဘာရယ်မဟုတ်ဘဲ ပျော်မြူးပစ်လိုက်ချင်သည်၊ သို့သော် ဘာတစ်ခုမှ လုပ်၍မရ။

သူ့ကို မုန်းရတာ ဒီလောက်ပင်ပန်းလိမ့်မည်ဟု သစ်ခက် ကြို တွေးမထားခဲ့။ ငါက နိုင်တာပဲဟုသာ တွေးခဲ့သည်။ အကြောင်းအရာမှာ တော့ သူနိုင်ခဲ့ပါသည်။ ခံစားမှုမှာတော့. . .။

သူ့ကို မုန်းပြီး ပြန်လာသည့်နေ့က သစ်ခက် အလိုလို ရဲရင့်နေ တာကို မှတ်မိသည်။ ဘယ့်အထိ ရဲရင့်သွားသလဲဆိုလျှင် ဖေဖေ့ကိုပင် ကြောက်ရွံ့စိတ် တစ်ခုမှ မရှိဘဲ စကားပြောနိုင်ခဲ့သည်။ ဖေဖေက စစ်မေး တာလျှင် အားလုံးကို ဖွင့်ပြောလိုက်ဖို့ကိုလည်း စိတ်ကူးထားသည်။ ဒေါသ လျှော့က် ဖေဖေ ပေးချင်သည့်အပြစ်ကိုပေး၊ ခံယူလိုက်ဖို့ကိုလည်း အသင့်ရှိနေခဲ့သည်၊

သို့သော် ဖေဖေသည် သူ့ကို ခေါ်တွေ့ပြီး မေးသည့်အခါ တစ်စုံ





တစ်ရာ ဒေါသထွက်နေတာမျိုး သိပ်မရှိ။ သူ့ဆီက ဖေဖေ သိချင်တာ နည်းနည်းပဲ ရှိသည်ဆိုတာ သစ်ခက် သတိထားမိသည်။

"အင်း. . . ဒီကောင်ကလည်း ခပ်ကြွားကြွား အစားထဲကပဲ ဆိုတာတော့ ရိပ်မိပါတယ်၊ ဒီကောင့်ကို ပြဿနာရှာတဲ့ ကျောင်းသားတွေ က သမီးတို့အုပ်စုထဲကလား"

"မဟုတ်ဘူး ဖေဖေ၊ သူ့ကို ကြည့်မရတဲ့ ကျောင်းသားတွေက လုပ်တာ နေမှာပေါ့၊ ဒါမှမဟုတ် သူ့ဘာသာသူ သွေးရိုးသားရိုး ဖြစ်တာ ကို မလုံတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ ဖေဖေ၊ သမီးကတော့ ဘာမှကို မသိဘူး"

ထိုစကားကို သူ ယူသုံးလိုက်ရသည့်အတွက် ငါးကိုတော့ ကျေးဇူး တင်မိပါသည်။ ဖေဖေက လေးလေးနက်နက် စဉ်းစားသွား၏။ အမြဲ ဒေါသကြီးတတ်သော ဖေဖေသည် ရွှေဘုန်းလူဆီက အားလုံးကို သိပြီး သည့်တိုင် သူ့အပေါ် အရင်တုန်းကလို ဒေါသမကြီးခဲ့။ သူပြောတာ ဟုတ်နေပါလားဟုလည်း တွေးမိသေးသည်။

"သမီးစိတ်ကို ဖေဖေယုံပါတယ်၊ ဒီကောင် အလကား ရမယ်ရှာ နေတာ၊ ငါ့သမီးကို မယုံရင် သူ့လက်ထဲ ငါ ဘယ်လိုအပ်ရမလဲ၊ သူ့ဘာ သာသူ ဖြစ်ချင်တာ ဖြစ်လာပြီးမှ ငါ့သမီးကို အပြစ်ပြောချင်သေးတယ် ဒီတစ်ခါတော့ ရှိစေတော့၊ လူကြီးချင်း လွှန်ထားတဲ့စကားက မနည်းလို့ ငါ ဒီကောင့်ကို ခွင့်လွှတ်လိုက်မယ်၊ သမီးကလည်း ကိုယ့်ဘက်က မမှား အောင်နေ၊ ဘယ့်နှယ့်ကွာ. . ."

ဖေဖေ့ထံမှ ပထမဦးဆုံး ယုံကြည်မှုကို ကိုယ်တိုင်ကိုယ်ကျ တွေ့ရ ခြင်းပင် ဖြစ်သည်။ မိဘဆိုတာ ကိုယ့်သားသမီးနှင့်သူစိမ်း ယှဉ်လာလျှင် ကိုယ့်သားသမီး မှန်သည်ဟု ထင်တတ်ကြသည် မဟုတ်လား။ ဖေဖေက



www.burmeseclassic.com

www.burmeseclassic.com



သူ့အခေါ် ယုံကြည်မှု ရှိလေလေ ဖေဖေ့ကို လိမ်ကာ ဒီကောင့်ကို နှစ်ခဲ့တာကို ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်လေလေ။ ဒီကောင့်ကို မုန်းပါ စယ်လို့ ဆုံးဖြတ်ပြီးမှ ဘာမှ စားမရ၊ သောက်မရ၊ အိပ်မရ ဖြစ်ရတာကို ဒါတန်လေလေနှင့် သစ်ခက်စိတ်ထဲမှာ ရှုပ်ထွေးကာ ဘယ်ဟာကို အမုန် သူ့ရမှန်း မသိလောက်အောင် ဖြစ်လာလေသည်။

"နောင်တစ်ခါတော့ ကိုယ့်ဘက်က မမှားစေနဲ့ သမီး၊ ဖေဖေ ါပဲ ပြောမယ်၊ သွားအိပ်တော့"

ထိုနေ့ကစပြီး သစ်ခက် အိပ်မပျော်တာပဲ ဖြစ်သည်။

ဖေဖေ့ကို သနားသည်။

အဲဒီကောင်ကို မုန်းရတာ အားမရ။

အဲဒီလိုဖြစ်နေသော ကိုယ့်ကိုယ်ကိုလည်း သစ်ခက် မကျေနပ် ချေ။





တနင်္ဂနွေ ကျောင်းပိတ်ရက် ဖြစ်သောကြောင့် အဆောင် လမ်း ထိပ်က လက်ဖက်ရည်ဆိုင်မှာ လူရှင်းလျက်ရှိသည်။

ဆောင်းနေ့လည်ခင်းက ငြိမ်ငြိမ်ကြီး ပူလျက်ရှိ၏။ လေကတော့ တိုတာ တိုက်လိုက်၊ ဗီက တိုက်လိုက်နှင့် ရှိသည်။ လေတိုက်ယည့်အခါ မြေပေါ် ကြွေကျနေသော သစ်ရွက်ကလေးတွေက ခုန်ထသည့်အခါ သည်။ တစ်ချို့က ဂဏန်းတစ်ကောင်လို ဘေးတိုက်ပြေးကာ သွားကြ ၏၊ တစ်ချို့က လေထဲသို့ ကော့တက်ကာ သုံးလေးငါးပတ် လိမ့်ပြီး ထွန်းထိုးကာ ဦးစိုက်ပြန်ကျလာကြပြန်သည်။ ပြီးတော့ ကိုယ်ရောက်ရာ နေရာကလေးတွေမှာ ငြိမ်ကာ နောက်တစ်ကြိမ် လေအလာကို မျှော်နေ ကြပြန်သည်။

ထိုကြွေကျသွားသော သစ်ရွက်ကလေးများကို "သစ်ရွက်သေ" ဟု ကဗျာဆရာတစ်ယောက်က ရေးဖူးသည်။ "သစ်ရွက်သေများပေါ်က ကျော်တော်သောဂီတ" ဟု ထိုကဗျာဆရာက သုံးသည်။ စိုးချိန်ကတော့ ကြွေကျနေသည့် သစ်ရွက်များကို သစ်ရွက်သေဟု မမြင်ပါ။ သစ်ရွက်တို့

www.burmeseclassic.com



၏အသက်ရှင်လှုပ်ရှားမှု အသက်ဓါတ်သည် လေ၏လက်ထဲတွင် ရှိသည်။ သစ်ဝင်ခေါ်မှာတုန်းကလည်း သစ်ရွက်များသည် လေတိုက်မှ လှုပ်ရှားကြရသည်။ ထိုလေကပင် ခြွေချ၍ မြေခရပြန်တော့လည်း လေတိုက်လျှင် တိုခုန်ဒိန္ဒွေ့ အသက်ဓါတ်၏လှုပ်ရှားခြင်းကို တွေ့ရသည်။ လေကုန်သွားလျှင်တော့ ကြုံရာမှာ ငြိမ်နေတတ်ကြ၏။ နောက်တစ်ခါ ခဏခုန်ထခွင့်တို့ စောင့်ကြရပြန်သည်။

ငေးရင်းတွေးရင်းနှင့်ပင် စိုးချိန်လည်း သူ့ဘဝကို သစ်ရွက်ကြွေနှင့် တော်တော်တူပါကလားဟု နှိုင်းယှဉ်မိသွားသည်။

သူလည်း အချစ်ဆိုသည့် လေကလေးအဝှေ့မှာ အမိအရ ခုန်ထခဲ့ဖူးသည်၊ ဘေးတိုက်လည်း ပြေးဖူးသည်။ လေထဲ ဝဲလွင့်ကာ သုံးလေးငါးပတ် လိမ့်ရင်း လှုပပ ကျွမ်းထိုးပြခဲ့ဖူးသည်။ အခုတော့ အချစ်လေသည် သူ့ဘက်ကို မတိုက်တော့။ သူလည်း ရောက်ရာနေရာမှာ အသက်ဓါတ်ကင်းမဲ့စွာ ငြိမ်သက်နေရပြီ။

သူ့အသက်ဓါတ်ကလေးသည် သွားစရာနေရာတွေကလည်း များလှသည်။ မြက်ခင်းစိမ်းစိမ်းပေါ်မှာပဲ လူးလိမ့်နေမလား၊ ကန်ရေဖွေးဖွေးပေါ်မှာပဲ လှိုင်းကလေးတွေ မွှေးဖွားပေးနေမလား၊ နှင်းဆီခင်းတစ်ခင်းထဲ တိုးဝင်ကာ သူ့ကိုယ်သူ မွှေးပျံ့အောင် လုပ်မလား။ အားလုံးဖြစ်နိုင်သည်။

နောက်တစ်ကြိမ် အသက်ဓါတ်ကလေး ရဖို့ စောင့်နေသောသူ့ထံကိုတော့ ရောက်မလာတော့။ ဘယ်တော့မှ လာတော့မည်လည်းမဟုတ်တော့။

အောင်ခန့်စကားကြောင့် စိုးချိန် အသိပြန်ဝင်လာသည်။ စားပွဲပေါ်ကို ကြည့်တော့ လက်ဖက်ရည် သုံးခွက်က ရောက်နေပြီ။





"ငါအတွေးလွန်သွားလို့ပါကွာ၊ မင်းတို့ ပြန်လို့ ဘယ်ရမလဲ၊ ဒီကိစ္စမှာ မင်းတို့ ပါကိုပါရမယ်"

သူငယ်ချင်းများ တိတ်သွားကြပြန်သည်။ သို့သော် အားလုံးမျက်နှာတွေကတော့ မကောင်းကြ။ မနေ့က DIARY ထဲက ဖြုတ်တုန်းကပြုသွားသော ငါးဆယ်တန်ကို သူ အသေအချာ ကပ်လာခဲ့သည်၊ ဒီငါးဆယ်တန်ကို သုံးပစ်လိုက်မှကို ဖြစ်မည်။ အခု လက်ဖက်ရည်သုံးခွက်မှာထားသည်။ သောက်ပြီးလျှင် ပိုက်ဆံရှင်းရမည်။ ပြီးပြီ. . .။

"စိုးချိန်. . . အဲဒီငါးဆယ်တန် မရှိတာနဲ့ မင်း ခံစားရတာတွေအားလုံးက ပြီးရောလား"

မြတ်ဆွေက လေးနက်သော လေသံနှင့် မေးခြင်းဖြစ်သည်။ စိုးချိန် နည်းနည်းဖြေရကြပ်သွား၏။ ထိုငါးဆယ်တန်ကို ရလာစဉ်က လက်ဖက်ရည် သောက်ပစ်မယ်ဟု သူ့ဆီက လုတဲ့သူတွေ။ အခုကျတော့ ဘာဖြစ်လို့ ဒီငါးဆယ်တန်နဲ့ ဝယ်တိုက်တာကို မသောက်ချင်ကြရတာလဲ။

ဒီငါးဆယ်တန်သည် ရိုးရိုးငါးဆယ်တန် မဟုတ်တော့ ဆိုတာကို အားလုံး လက်ခံထားကြလို့ပဲ ဖြစ်သည်။

"ငါ့ရင်ထဲမှာ ဆူးဆယ်ချောင်း စူးနေတယ်ဆိုရင် အဲဒီ ငါးဆယ်တန်ဟာ အကြီးမားဆုံး အဓိကဆူးပဲ၊ အဲဒါကို ငါ နှုတ်ပစ်ချင်တာ မြတ်ဆွေ. . . ဒါပဲ"

"အေး. . . မင်းကလည်း ဇွတ်၊ ဟိုကလည်း ဇွတ်၊ မင်းတို့နှစ်ယောက် တွေ့တာ ကောင်းပါတယ်ကွာ"

မြတ်မိုးက တားမရတဲ့အဆုံး နောက်ဆုံးစကားကို သုံးလေသည်။

"ငါ့ဘက်က မှန်နေတာပဲကွာ၊ ငါ သူ့ကို မခိုးနိုင်ဘူးဆိုတာ မင်းတို့အားလုံး အသိပဲ၊ အေး. . . အဲဒါ သူ့အတွက်ကွ၊ ငါသာ ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုဝဲ ကြည့်မယ်ဆိုရင် ဒီကိစ္စတွေ ဘာဖြစ်စရာ ရှိမလဲ"

"လာပြန်ပြီလား ဒီစကား၊ မင်းကို မှားတယ်လို့ ငါတို့ မပြောဘူး၊ မဖြစ်သင့်တာတွေ ဖြစ်သွားလို့ စိတ်မကောင်းတာကွ၊ သူက အားကိုးတကြီး ခိုးခိုင်းတဲ့အချိန်မှာ မင်းက အချိန်ဆွဲတတ်ရမယ်၊ ပါးနပ်ရမယ်၊ တို့ ပြောနေကျစကားလိုပဲ၊ ကောင်မလေးက ဖေဖေဆူမှာစိုးလို့ မင်းဆီ ပြေးလာတာ၊ သူ့အားကိုးတကြီး ခံစားချက်ကို မင်းက လက်ခံရမယ်၊ ပြီးရင် ဖြေရှင်းနည်း ပေးရမယ်၊ ဖြေရှင်းလို့မှ မရရင် ခိုးမယ်ပေါ့၊ ဒါဆိုရင် ဒီလိုဖြစ်စရာကို မရှိဘူး"

မြတ်ဆွေ စကားကြောင့် စိုးချိန် နည်းနည်းလွမ်းသွားသည်။ သူ့လက်ကို ဆုပ်ကိုင်ကာ "သူ့ကို ခိုးပါ" ဟု ပြောသော သစ်ခက်၏ ထိတ်လန့်တုန်လှုပ်နေသော မျက်နှာကလေးကို ပြန်မြင်သည်။ ရင်သည် နင့်ခနဲ ဖြစ်သွားသည်။

"ဘာပဲဖြစ်ဖြစ်ကွာ. . . အခုချိန်မှာ အားလုံးပြီးသွားပြီ၊ ကဲ. . . လက်ဖက်ရည်သောက်ကြကွာ"

စိုးချိန်က လေသံကို တမင်ရွှင်မြူးအောင် လုပ်ကာ ပြောသော်လည်း လုပ်သံကြီးမှန်း သိသာနေသည်။ အောင်ခန့်က ခေါင်းကို ခါကာ သက်ပြင်းကို ချသည်။ စိုးချိန် ဒီလိုလုပ်ပြလေလေ သူတို့က ဒီလက်ဖက်ရည်ကို မသောက်ချင်လေလေ ဖြစ်သည်။

"ဟ. . . ဆော့ခရစ္စတီး အဆိပ်ခွက် သောက်တာတောင် မင်းတို့ လောက် မကြာဘူး၊ ကဲ. . . သောက်ကွာ. . . လာ"

စိုးချိန်က လက်ဖက်ရည်ခွက်ကို ကောက်မ,ကာ သောက်ချလိုက်သည်။ သူ့ဘဝတွင် တစ်ကြိမ်မှ ထိုလက်ဖက်ရည် အရသာမျိုးကို မခံစားဖူးပါ။ အီလည်နောက်ကျိကာ ပျို့ချင်သလိုကြီး ဖြစ်ကာနေသည်။





အခက်ခဲဆုံး သောက်ရသော လက်ဖက်ရည်တစ်ခွက်သာတည်း။

သူငယ်ချင်းသုံးယောက်က လက်ဖက်ရည်နှစ်ခွက်ကို သုံးယောက် မျှကာ သောက်ကြသည်။ အရင်တုန်းကလို တစ်ငုံ,ငုံလိုက်၊ ဖိမ်ယူလိုက်၊ ဆေးပေါ့လိပ်ကလေး ဖွာလိုက်တော့ မဟုတ်ကြ။ စိုးချိန်လိုပဲ တိုယ့်အလှည့်မှာကိုယ် ဖုံးမော့ကြ၏။

ပြီးသည်နှင့် စိုးချိန်က စားပွဲထိုးကလေးကို လှမ်းခေါ်ကာ အိတ်ထဲက ငါးဆယ်တန်ကို မကြည့်ဘဲ လှမ်းပေးသည်။

"သုံးခွက်. . . လေးငါး. . ငါးဆယ်တန်၊ ငါးကျပ်အမ်း"

စားပွဲထိုးကလေးက ပိုက်ဆံကို ကိုင်ကာ အော်ရင်း ကောင်တာသို့ သွားသည်။

"ဟော့. . . ပိုတာကို ဆေးပေါ့လိပ် ယူခဲ့ကွာ"

စိုးချိန်က တမင်စာရင်းပြတ် ရှင်းဖြစ်၏။ ငါးဆယ်တန် ပြီးတော့ ငါးကျပ်တန် သူ့ထံမှာ ကျန်မနေချင်။ ငါးဆိုသည့်ဂဏန်းကို သူ တော်တော်ကြောက်နေပြီ ဖြစ်သည်။

စိုးချိန် ဆေးပေါ့လိပ်တစ်လိပ်ကို သောက်ကာ မီးညှိဖွာရှိုက်ပစ်လိုက်သည်။ သို့သော် ဆေးပေါ့လိပ်အရသာကလည်း တစ်မျိုးဖြစ်နေပြန်သည်။

"စိုးချိန်. . . အခု ငါးဆယ်တန် မင်းဆီမှာ မရှိတော့ဘူး၊ ပြီးသွားပြီ မင်းစိတ်ထဲကရော ဒီငါးဆယ်တန် ထွက်သွားရဲ့လား"

အကြောက်ဆုံးသောစကားကို မြင့်မိုးက မေးသည်။ စိုးချိန် အဖြေရမှန်းမသိ။

"ကြာတော့လည်း မေ့သွားမှာပါကွာ၊ ငါ့ဘဝမှာ ဒီထက်ဆိုးတာတွေတောင် မေ့ခဲ့ရသေးတာပဲ၊ ငါ့ဘဝမှာ အဖေကို မေ့ဘဝကပဲ



www.burmeseclassic.com

www.burmeseclassic.com



သိခဲ့ရတယ်၊ ပုံဖော်လို့ မရခဲ့ဘူး၊ အဖေဆုံးတော့ ငါ (၂)နှစ်၊ အမေဆုံးတော့ ငါ (၁၅)နှစ်၊ ဒီလိုပဲ. . . ကြာတော့လည်း ပစ္စုပ္ပန်ကိုပဲ အာရုံထားရလွန်းတော့ အတိတ်က သူ့ဟာသူ ပါးသွားတာပဲ၊ တိုက်ဆိုင်တဲ့အခါမျိုးဆိုရင်တော့ ငါ အမေ့ကို သတိရတာပေါ့ကွာ၊ ဥပမာ. . .”

“တော်ပြီ. . . . စိုးချိန်၊ Sorry ကွာ”

မြတ်မိုးက သူ့ကို ထပ်ဒုက္ခမပေးချင်တော့သည့်သဘောနှင့် တောင်းပန်သည်။ အောင်ခန့်က “ထကြရအောင်” ဟု တောင်းဆိုသည်။ စိုးချိန်တို့ ထရပ်လိုက်ကြသည့်အချိန်မှာ ကောင်းထက်နှင့် ဆုံသည်။ ကောင်းထက်က စီးကရက်လေး ခဲကာ ကောင်တာက အထွက်ဖြစ်သည်။

ကောင်းထက်က Eco major ကဖြစ်ပြီး မနှစ်က စိုးချိန်တို့အဆောင်မှာ နေသည်။ ဒီနှစ်တော့ လှည်းတန်းဘက်က အဆောင်မှာ ပြောင်းနေသည်။ ကောင်းထက့်ပုံစံက အားနာနေသလို၊ ရှက်နေသလို ဖြစ်နေသည်။

“စိုးချိန်. . . မင်းတို့ အရင်အဆောင်မှာပဲလား”

“အေး. . မင်း လှည်းတန်းဆောင် ပြောင်းသွားတာဆို”

“အေးကွာ. . . အဲဒီကတည်းက မတွေ့ကြတော့တာ၊ မင်းတတော့ ငါ့ကို စိတ်ဆိုးနေမလား မသိဘူး၊ ငါလည်း မကြုံလို့ပါ စိုးချိန်ရာ”

ကောင်းထက်က စိုးချိန်လက်ကို ကိုင်ကာ တောင်းပန်သံနှင့် ပြောရင်း အိတ်ထဲကို လက်နှိုက်သည်။

“မင်းဆီက မနှစ်က ငါယူထားတဲ့ နှစ်ရာ့ရှစ်ဆယ်”

စိုးချိန် ကြောင်ကာသွားသည်။ ပြီးတော့မှ မှတ်မိသည်။ မနှစ်က စာမေးပွဲ ဖြေခါနီး ကောင်းထက် သူ့ထံက ချေးလည့်ထားသောငွေ ဖြစ်သည်။ စိုးချိန်က မေ့နေသဖြင့် အံ့ဩရခြင်း ဖြစ်သည်။ ဒါကို ကောင်း





ထက်က စိတ်ဆိုးနေသည်ဟု ထင်ပုံရသည်။

“သွားမယ်နော်. . . မြတ်မိုး သွားမယ်”

အားနာနာနှင့် လှည့်ထွက်သွားသော ကောင်းထက်ကို ကြည့်ကာ စိုးချိန် ပိုက်ဆံကို အိတ်ထဲ ထည့်လိုက်သည်။ ကောင်းထက် တစ်မျိုးထင်သွားတာကိုပင် မရှင်းလိုက်ရ။

“ဟော့ကောင် စိုးချိန်”

အောင်ခန့်က ဝမ်းသာအားရ ပြုံးကာ စိုးချိန်ပခုံးကို ပုတ်သည်။ ဘာပဲဖြစ်ဖြစ် ငွေပြတ်နေချိန်မှာ ဒီလောက်ပိုက်ဆံလည်း မနည်းဘူး မဟုတ်လား။ စိုးချိန်က ပြုံးကာ ခေါင်းကို ဆတ်ပြလိုက်ပြီး “တို့အားလုံး တူတူသုံးကြတာပေါ့ကွာ၊ မျှော်လင့်ထားတဲ့ ပိုက်ဆံမှ မဟုတ်တာ” ဟု ပြောသည်။

“ငါ အဲဒါပြောတာ မဟုတ်ဘူး၊ ဟိုကောင် ပေးသွားတဲ့ ပိုက်ဆံထဲမှာ မင်းငါးဆယ်တန် ပြန်ပါလာတယ်”

“ဘာ. . . .”

အောင်ခန့်စကားကြောင့် စိုးချိန်အိတ်ထဲက ပိုက်ဆံကို ကမန်းကတန်း ပြန်ထုတ်ကြည့်တော့ ရာတန်နှစ်ရွက်၊ ငါးဆယ်တန်တစ်ရွက်၊ ဆယ်တန်သုံးရွက်။

“ကဲ. . . စိုးချိန်၊ မင်းဘာမှလုပ်မနေနဲ့တော့၊ ဒီငါးဆယ်တန်ဟာ မင်းဆီက ဘယ်တော့မှ မထွက်ဘူး၊ ဇမ္ဗူထိပ် နိမိတ်တဲ့ကွ၊ သစ်ခက်မင်းဆီကို ပြန်ကိုရောက်ရမယ်ကွာ”

မြတ်မိုးက ဝမ်းသာအားရ ဆိုသည်။ စိုးချိန် ငါးဆယ်တန်တို့ကြည့်ကာ ရင်ထဲမှာ လှိုက်ခနဲ ဝမ်းသာသွားသည်။ အကြီးအကျယ်ရှုံးထွက်လိုက်ရသည့် အမြတ်နိုးဆုံးပစ္စည်းကို ပြန်ရလိုက်သလိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ခံစားလိုက်ရ၏၊

“တဲ. . . စိုးချိန်၊ ကံတရားက မင်းဘက်မှာ ကျန်သေးတယ်၊ ဘာမှ အားငယ်မနေနဲ့၊ အဲဒီငါးဆယ်တန်ကို မင်းပဲ သိမ်းထားလိုက်တော့”

သစ်ခက် သူ့ကို ပြန်ပေးလိုက်တုန်းက နမ်းသလို စိုးချိန် ငါးဆယ်တန်ကို အသံထွက်အောင်ကို နမ်းပစ်လိုက်သည်။

“တကယ်တော့ ငါလည်း သစ်ခက်ကို လုံးဝမေ့လို့မရပါဘူးကွာ၊ မင်းတို့ ပြောတဲ့အတိုင်းသာ ဖြစ်စမ်းပါစေ၊ ဒီတစ်ခါ ခိုးဆိုလို့ကတော့ ဖြစ်ချင်တာဖြစ် ငါ ရအောင်ကို ခိုးတော့မယ်”

စိုးချိန် စကားဆုံးတော့ အားလုံး ဝိုင်းရယ်ကြသည်။

ဘဝသည် ဘာကြောင့်မှ မဟုတ်သေးဘဲ ချက်ချင်းကို ပျော်စရာကြီးဖြစ်ကာသွား၏။ ကောင်းထက်ကို ကျေးဇူးတင်ရပါသည်။





ဖေဖေခေါ်သည်ဆိုသည့်အတွက် သစ်ခက် ခေါင်းဖြီးကာ အခန်းထဲမှ ထွက်လာခဲ့သည်။ သုံးယောက်တည်းသာ ရှိသော သူတို့မိသားစု မျက်နှာချင်းဆိုင် မဆုံကြတာ လေးငါးရက် ရှိနေပြီဖြစ်သည်။ တမင်ရှောင်နေခြင်း မဟုတ်သော်လည်း အရင်တုန်းကလို တစ်ယောက်နှင့်တစ်ယောက် စောင့်တာတွေ၊ တမင်တွေ့တာတွေကို မလုပ်ကြခြင်းသာ ဖြစ်သည်။ မဆုံဖြစ်ဆုံးကတော့ သစ်ခက်နှင့် ဖေဖေသာ ဖြစ်သည်။ မေမေကတော့ ထုံးစံအတိုင်း ပုဏ္ဏားတိုင် ဖြစ်၏။

ဧည့်ခန်းကို ရောက်တော့ ရွှေဘုန်းလူကိုပါ တွေ့ရသည်။ သိပ်တအံ့တသြ မဖြစ်မိသော်လည်း စိတ်တော့ နည်းနည်းရှုပ်သွား၏၊

“သစ်ခက် နေမကောင်းဘူးဆို”

“အင်း. . . နည်းနည်းပါးပါးပါ”

ရွှေဘုန်းက တည်တည်ငြိမ်ငြိမ် မေးရင်း စိုးရိမ်နေသည့်မျက်လုံးများနှင့် လှမ်းကာကြည့်သည်။ သစ်ခက်က တမင်တကာ ဖေဖေ့နံဘေးမှာ ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မောင်ရွှေဘုန်းက သမီးပျင်းရင်ကြည့်ဖို့ ဗီဒီယိုအခွေတွေ လာပေးတာတဲ့"

မေမေက သစ်ခက် ငြင်းလိုက်မှာ စိုးရိမ်သလိုမျိုးလေသံနှင့် ပြောသည်။ သစ်ခက်မှာ ငြင်းချင်စိတ်လည်း မရှိ။ ကြည့်ချင်စိတ်လည်း မရှိပါ။

"အေး. . . ကောင်းသားပဲကွ၊ ငါတို့လည်း ပျင်းနေတာနဲ့ အတော်ပဲ၊ အိမ်မှာကလည်း အခွေဆို သစ်ခက် ငှားမှပါပဲကွာ၊ ငါက လည်း အားတာမဟုတ်ဘူး၊ မင်းအန်တီကလည်း ဘာအခွေက ဘာမှန်း သိတာမဟုတ်ဘူး"

"အေးအေးဆေးဆေးသာကြည့် အန်ကယ်၊ ဒီအခွေတွေက ဆိုင် က ငှားတာ မဟုတ်ဘူး၊ ကျွန်တော့်သူငယ်ချင်း ထုတ်ဝေသူတွေဆီက ယူလာတာ၊ တစ်ချို့အခွေတွေဆို ထွက်တောင် မထွက်သေးဘူး"

"ဟုတ်လား"

ဖေဖေက စိတ်ဝင်စားကာ အခွေတွေကို ယူကာကြည့်သည်။ အခွေတွေက ဆယ်ခွေလောက် ရှိမည်ထင်သည်။

"အင်္ဂလိပ်အခွေတွေတော့ ပြန်ယူသွားကွာ၊ မိသားစုလိုက် ကြည့် လို့ မသင့်တော်ဘူးကွ၊ မြန်မာခွေတွေပဲ ယူထားလိုက်မယ်"

"ဟုတ်ကဲ့. . . အန်ကယ်ကြည့်ပြီးရင်လည်း ပြောပါ၊ နောက် အခွေတွေနဲ့ လာလဲပေးပါ့မယ်"

ရွှေဘုန်းက ဖေဖေပြန်ပေးသော အခွေတွေကို ယူကာ အားလုံး တို့ နှုတ်ဆက်ပြီး ပြန်ကာသွားသည်။ ရွှေဘုန်းသည် အိမ်မှာ ဖြစ်နေသော ကြောင့် ပြဿနာတွေကို မေမေမှတစ်ဆင့် အနည်းငယ်တော့ သိထားပုံ ပေါ်သည်။ ဒါ့ကြောင့် ပြဿနာ အနည်းဆုံးနှင့် လူလိမ္မာတစ်ယောက်လို





နေရင်း သူတို့အိမ်အတွက် လိုအပ်သည်များကို ကူညီသည်။ ဒီလိုနေရင်း နှင့်ပင် သူသည် တစ်နေ့ သစ်ခက်ကို လက်ထပ်ရလိမ့်မည်ဟု ထင်ထား ရသည်။

"ကဲ. . . အမေကြီးရေ. . . လက်ဖက်သုပ်ကွာ၊ ဗီဒီယို ကြည့်ကြ ရအောင်"

ဖေဖေက လေသံချိုချိုဖြင့် မေမေ့ကို ပြောသည်။ တင်းမာခြင်း မရှိသော်လည်း နွေးထွေးမှု နည်းနေသော သူတို့မိသားစု ဆက်ဆံရေး ဖေဖေက ရွှေဘုန်းလူ လာပေးသော ဗီဒီယိုကားများဖြင့် ပြန်လည်ရယူ ဟန်တူပါသည်။

မေမေက လက်ဖက်သွားသုပ်သည်။ ဖေဖေက ဗီဒီယိုတစ်ခွေ ရွေးကာ ဖွင့်သည်။ သစ်ခက် ကြည့်ချင်စိတ် သိပ်မရှိသော်လည်း ဖေဖေ ကိုယ်တိုင် ဦးဆောင်ထားသော အခြေအနေကို မငြင်းဆန်ချင်သဖြင့် ထိုင်ကြည့်နေရသည်။

ဗီလိုနှင့် လက်ဖက်သုပ်စားရင်း ကြည့်နေကြတုန်း တစ်နေရာ အရောက်မှာ ဖေဖေက နောက်ကို မှီကာ အေးအေးဆေးဆေး ကြည့်နေ ရာမှ ဝုန်းခနဲ ထသည်။ ပြီးတော့. . . TV ပေါ် တင်ထားသော Re- mote ကို သွားယူကာ ပြန်ရစ်သည်။ သစ်ခက်ပင် အံ့သြသွားသည် ဗီဒီယိုဇာတ်လမ်းက ပြန်ရစ်ကြည့်စရာ မလိုသော ကားသာဖြစ်သည်

"အဖေကြီး ဘယ်လိုဖြစ်. . ."

"တိတ်စမ်း မြခက်"

ဖေဖေ့အသံက ကျားဟိန်းသလို ထွက်လာသဖြင့် သားအမိ နှစ်ယောက် ပိုနားမလည် ဖြစ်သွားကြသည်။ ဖေဖေက Remote ကို အတိကြီးစွဲထားကာ နှိပ်ရင်း တစ်နေရာမှာ Pause ကို ဖိပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"တဲ့ . . . ကြည့်စမ်း မြခက်၊ ဒါ . . . မင်းသမီး မဟုတ်လို့ ဘယ်သူလဲ"

"မင်းသမီး . . . ဘယ်က မင်းသမီးလဲ"

မေမေက ကြောင်တောင်တောင်နှင့် မေးသည်။ TV ဖန်သားပေါ်က မြင်ကွင်းကြောင့် သစ်ခက်ဦးခေါင်းသည် ရှစ်စိတ်လောက် ကွဲသွားပြီဟု ထင်ရသည်။ ဖန်သားပေါ်မှာ သူနှင့်ငါး နဖူးချင်း တိုက်ကာ ရယ်နေကြသည်။

"TV မင်းသမီးကို ပြောတာမဟုတ်ဘူးကွ၊ မင်းရဲ့သမီး သစ်ခက်၊ သစ်ခက် မတွေ့ဘူးလား"

"ဟယ် . . . ဟုတ်ပါရဲ့၊ သမီးလေးက ဘယ်တုန်းက TV တွေ ဘာတွေရိုက် . . ."

"မြခက် . . ."

ဖေဖေက ဒေါသတကြီး အော်ပစ်လိုက်ပြီး ဝုန်းဆို သစ်ခက်ရှေ့သို့ ရောက်လာသည်။

"ပြောစမ်း . . . အဲဒီကောင်က ဘယ်သူလဲ၊ ပြောစမ်း"

". . . . . . . . ."

"ဟော့ . . . ငါမေးနေတယ်လေ . . . မေးနေတယ်"

ဖေဖေက ခေါင်းငုံ့ထားသော သစ်ခက်နဖူးကို ကြမ်းတမ်းစွာ ပစ်တွန်းလိုက်သဖြင့် သစ်ခက် ဆိုဖာနောက်မှီပေါ် လန်ကျသွားသည်။ မေမေက အထိတ်တလန့်နှင့် "ကိုဘသစ်" ဟု အော်ကာ အနားသို့ ရောက်လာသည်။ ဖေဖေ့တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ကာနေသည်။ အသံတွေ တုန်ကာနေသည်။





"ငါ မေးနေတယ်လေ"

"အဲဒါ . . . သမီးရဲ့အရင်တုန်းက ချစ်သူပါ"

သူကိုယ်တိုင် ခိုးပြေးပါဟု ပြောခဲ့သည်မှတစ်ပါး သစ်ခက် အားလုံးကို အမှန်အတိုင်း ဖွင့်ပြောပြလိုက်သည်။ ဖေဖေသည် အံတကြိတ်ကြိတ် လက်သီးတပြင်ပြင်နှင့် ရှိသည်။ သူ ခိုးပြေးခိုင်းလို့ ဟိုက မခိုးဆိုတာပါ ထည့်ပြောလိုက်လျှင် ဖေဖေသည် သူ့ကိုယ်သူများ သတ်သေသွားမလား မသိ။ ထူးဆန်းတာတစ်ခုက ဖေဖေ့ကို ပြောပြသည့် တလျှောက်လုံး သစ်ခက် အသံတွေ မတုန်။ ငိုလည်းမငို။ စိတ်ထဲမှာ ကြောက်ရွံ့တုန်လှုပ်နေတာမျိုးလည်း မရှိ။ အကြောက်ဆုံးနှင့် တွေ့လိုက်ရသည့်အခါ လူသည် ဒီလိုပဲ သတ္တိရှိသွားတတ်သလားဟု သစ်ခက် တွေးနေမိသည်။

"သြော် . . . ဘသစ် . . . ဘသစ်၊ မင်းကိုယ့်ကိုယ်ကို ပိုင်လှ . . . ခိုင်လှနဲ့၊ ကိုယ့်သမီးကို နိုင်လှ . . . နိုင်လှနဲ့၊ ဟင် . . . နောက်ဆုံးကျတော့ ကိုယ့်သမီးအတွက် အဖြေကို ကိုယ်က ပေးမိရက်သား ဖြစ်နေပါလား တောက် . . . ရာဇဝင်ရိုင်းလိုက်တာကွာ၊ ရာဇဝင်ရိုင်းလိုက်တာ"

ဖေဖေသည် မချိတင်ကဲ ပြောကာ အံကို ကြိတ်ထားသည်။ မေမေက "အဲဒါ ရှင့်ဒေါသတွေလေ . . . ဒေါသတွေပေါ့၊ သမီးမိန်းကလေး မွေးထားတယ်ဆိုတာကိုလည်း ရှင်သတိထားဦးမှပေါ့" ဟု လေသံပြတ်ပြတ်နှင့် ပြောသည်ကိုပင် ဘာမှ ထပ်မပြောနိုင်တော့။ ဖေဖေ အကြာကြီး ငြိမ်နေပြီးမှ ရွှေဘုန်းလူကို အခုလာခဲ့ဟု Phone ဆက်ခေါ်သည်။

ရွှေဘုန်းလူ ရောက်လာတော့ ထိုအရုပ်ကို ပြသည်။

"ကျွန်တော့်ကို နှောင့်ယှက်တဲ့အထဲမှာတော့ သူမပါဘူး အန်ကယ် ဒါပေမယ့် သူ့ကို ကျွန်တော် သစ်ခက်တို့အဖွဲ့ထဲမှာ သုံးလေးခါ



www.burmeseclassic.com

www.burmeseclassic.com



မြင်ဖူးတယ်"

"တဲ့. . . ဒီအခွေက မထွက်ရသေးဘူးဆိုရင်တော့ မင်းမိတ်ဆွေတို အဲဒီနေရာ ဖြတ်ပေးဖို့ ပြောပေးကွာ၊ ပြီးတော့ မင်းမိဘတွေကိုပြော၊ သစ်ခက် စာမေးပွဲပြီးတာနဲ့ စေ့စပ်ဖို့ကိစ္စကို လုပ်တော့လို့. . ."

"ဟုတ်ကဲ့ အန်ကယ်"

"ပြီးတော့. . . သစ်ခက်၊ မင်း ဒီနေ့ကစပြီး ကျောင်းတက်စရာ မလိုတော့ဘူး၊ စာမေးပွဲက 'တစ်လလောက်ပဲ လိုတော့တာဆိုတော့ စာလည်း စုံရောပေါ့၊ မြခက်. . . သူ့ကို အိမ်ထဲက အိမ်ပြင် ပေးမထွက်နဲ့၊ ဘယ်သူမှလည်း သူ့ဆီကို မလာစေနဲ့. . . ကြားလား"





စိုးချိန် ရှင်းပြသည့်စကား ဆုံးသည့်တိုင် ဆွေဆွေတို့က ကြေ ကြီးတွေနဲ့ ရှိနေသေးသည်။ ရှင်းပြနေသည့်တစ်လျှောက်လုံးမှာလည်း အားနာတတ်သော ချောစုတစ်ယောက်သာ "အင်းလေ" ၊ "ဒါပေါ့" "ဟုတ်ပါတယ်ဟယ်" စသည်ဖြင့် ဝင်ကာ ထောက်ပေးသည်။ မေစိုးနှင့် ဆွေဆွေကတော့ လုံးဝ ဝင်မပြောကြ။

"ငါ နင်တို့ကို အမှန်အတိုင်း ပြောပြပြီး အကူအညီ တောင်းတာ ပါဟာ၊ နင်တို့ကရော ငါ့ကို သစ်ခက်နဲ့ အတူတူ ရောပြီး စိတ်ဆိုးနေကြတာလား"

စိုးချိန်စကားကြောင့် ဆွေဆွေက သက်ပြင်းကို ချသည်၊

"တို့က ဘေးလူတွေပဲ. . . အနေသာကြီးပေါ့၊ ဒါပေမယ့် သစ်ခက်က ဒီကိစ္စနဲ့ ပတ်သက်လို့ ဝင်မပါဖို့ ငါတို့ကို တားထားတယ်၊ သူ့စိတ်နဲ့သူ ဆုံးဖြတ်ပါရစေတဲ့၊ တို့တစ်တွေကလည်း ကတိပေးထားတယ်"

"ဟား. . ."

စိုးချိန် တော်တော်စိတ်ဓါတ်ကျသွားသည်။ သစ်ခက်သည် သူ့



www.burmeseclassic.com

www.burmeseclassic.com



အပေါ် တော်တော်လေး နာကျည်းနေဟန်တူ၏။ ဒီလိုကိစ္စမျိုးမှာ သူငယ်ချင်း၊ အတွင်းလူ စသည်ဖြင့် မပါ၍မဖြစ်။ အခု မေစိုးတို့ပုံစံ ကြည့်ရတာက သူ့ကို ကူညီချင်ပုံမရ။ သစ်ခက်ဘက်မှနေ၍ အခုထိ စိတ်ဆိုးပြေကြသေးဟန်မတူ။ ဒါမှမဟုတ် သူများကိစ္စမှာ ဝင်မပါချင်၊ မရှုပ်ချင်တာမျိုးလည်း ဖြစ်နိုင်သည်။ ထိုစဉ် မြတ်ဆွေက စိုးချိန်ပေါင်ကို ခုံအောက်မှ အသာတို့ကာ ဝင်စကားပြောသည်။

"ဒါဆိုရင် ဆွေဆွေတို့လည်း ကတိမပျက်ရအောင် ဒီလိုလုပ်ပါလား၊ စိုးချိန်အကြောင်း သစ်ခက်ကို ဘာမှမပြောပြနဲ့၊ ဝင်ပြီး ဆုံးဖြတ်ပေးတာတို့ဘာတို့လည်း မလုပ်နဲ့၊ ဒါပေမယ့် သစ်ခက်အကြောင်းတော့ ငါတို့ကို ပြောပြ. . ."

"ဟင်. . ဘာထူးလို့လဲ၊ ကုလားကြီးနဲ့ မာမူကြီးပဲဟာ"

"အရာကြီးပါဟာ. . . မိဆွေကလည်း"

"ဘာပဲဖြစ်ဖြစ် အတူတူပဲ၊ မာမူကြီးပဲဖြစ်ဖြစ် အရာကြီးပဲဖြစ်ဖြစ်"

အရေးထဲ မေစိုးနှင့် မိဆွေက အရာကြီးနှင့် မာမူကြီး လုနေကြသေးသည်။

"ဘယ်တူမလဲ ဆွေဆွေရဲ့၊ သစ်ခက် တောင်းထားတဲ့ကတိက စိုးချိန်နဲ့ ပတ်သက်ပြီး သူချတဲ့ ဆုံးဖြတ်ချက်တွေအပေါ်မှာ ဝင်မပါဖို့ပဲ မဟုတ်လား၊ အခုဟာက သစ်ခက်ရဲ့သတင်းကိုပဲ ငါတို့က သိချင်တာ၊ ဆွေဆွေတို့ ထားထားတဲ့ကတိ မပျက်ပါဘူး. . . မဟုတ်ဘူးလား"

အောင်ခန့်နှင့် မြတ်မိုးတို့က ဝိုင်းထောက်ခံကြသည်။ ဆွေဆွေတ ခေါင်းကို ကုတ်သည်။ မေစိုးက ဘာလဲဆိုသည့်သဘောနှင့် မျက်စကို ပစ်သည်။ ချောစုတစ်ယောက်သာ နေဝံ့ထိုင်ပုံကို ပြင်ပြီး ဘာဆုံးဖြတ်ကြ





မလဲဆိုတာကို သိချင်နေပုံရ၏။ ချောစုက သူ့ကို ကူညီနေချင်မှန်း သိသာနေသည်။

"ကောင်းပြီလေ. . . ဒါဆိုရင် နင်တို့ဘက်ကလည်း ကတိတစ်ခု ထားရမယ်. . . ဘယ်လိုလဲ"

"ပြောလေ ဆွေဆွေ. . . ဘာကတိလဲ"

"သစ်ခက်နဲ့ ပတ်သက်ပြီး ဘာကိုပဲလုပ်လုပ်၊ ဘာပဲဆုံးဖြတ်ဆုံးဖြတ် ငါတို့ကို အသိပေးရမယ်၊ ပြီးတော့ အဲဒီဆုံးဖြတ်ချက်ထဲမှာ ငါတို့ သဘောမတူတာ ပါရင် မလုပ်ရဘူး၊ သစ်ခက်ကိစ္စကို စိုးချိန်တစ်ယောက်တည်း နင်တို့အုပ်စု တစ်စုတည်းနဲ့ မဆုံးဖြတ်ပါဘူးဆိုတဲ့ကတိ"

သူငယ်ချင်းအပေါ်မှာ တော်တော်သစ္စာရှိတဲ့ ကောင်မလေးတွေပဲဟု စိုးချိန် မှတ်ချက်ချလိုက်သည်။

"ပေးတယ်ဟာ. . . ငါတို့ ဘာပဲလုပ်လုပ် နင်တို့ သိကိုသိရမယ်၊ နင်တို့ သဘောတူမှလည်း ငါတို့ လုပ်မယ်"

"နောက်တစ်ခုက သစ်ခက်ရှေ့မှာ သူနေစေချင်တဲ့ပုံစံနဲ့ပဲ နေပါ၊ သစ်ခက် လစ်တော့မှ ထူးခြားတာရှိရင် ဆုံကြတာပေါ့"

သဘောတူညီမှုများစွာ၊ ကတိများစွာနှင့် သူတို့တွေ့ဆုံမှု အထမြောက်သွားခဲ့ကြသည်။ စိုးချိန် ရင်ထဲမှာ မောကာနေသည်။ သစ်ခက်ကို လိုက်တုန်းကထက်ပင် ပို၍ပင်ပန်းသည်ဟု စိုးချိန် ထင်သည်။ လျှို့ဝှက်မှုတွေရော၊ ဟန်ဆောင်မှုတွေရော၊ သဘောတူညီမှုတွေရော အားလုံးနှင့်အတူ သစ်ခက်ကို သူပြန်မှ ရနိုင်ပါ့မလား။

သို့သော် သူတို့ ထိုနေ့က လွပ်လပ်စွာပင် တွေ့ဆုံကြပါသည်။ အဘယ်ကြောင့်ဆိုသော် သစ်ခက် ကျောင်းမတက်သောကြောင့် ဖြစ်၏။ စိုးချိန် ရင်တော်တော်ပူသွားသည်။ သစ်ခက် ဘာဖြစ်လို့ ကျောင်းမတက်



www.burmeseclassic.com

www.burmeseclassic.com



ရတာလဲ၊ ထိုမေးခွန်းကို ဖြေနိုင်သည့်လူတစ်ဦးမှ မရှိ။

သူ ဝနာမငြိမ်ပုံကို ကြည့်ကာ ဆွေဆွေကပင် နှစ်သိမ့်ပေးသည်။

"သိပ်လည်း စိုးရိမ်မနေပါနဲ့ဟာ၊ ကျောင်းတစ်ရက် မတက်ဘူးဆိုတာ အကြောင်းအမျိုးမျိုး ရှိမှာပေါ့၊ ဒီလောက် အဖြစ်မသည်းပါနဲ့"

"ငါတို့ ကူညီချင်လာအောင် တမင်သည်းပြနေတာတော့ မဟုတ်ပါဘူးနော်"

"ဟာ. . . မဟုတ်ပါဘူးဟာ၊ ငါ့ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်နေလို့ပါ၊ သောကြာနေ့က သူဘာပြောသွားသေးလဲ"

"ထူးထူးခြားခြားတော့ ဘာမှမပြောပါဘူး၊ မနက်ဖြန်တော့ လာမှာပါ"

အဆောင်ရောက်တော့ စိုးချိန်ကို မြတ်မိုးတို့က ဝိုင်းကောလေသည်၊ ဒီလောက်လေးနဲ့ ရုပ်ပျက်ရမလားဟု သူတို့က ဆို၏။ ကိုယ်ချင်းစာပေးနိုင်သည့်အတွက် မြတ်မိုးတို့ကို စိုးချိန် အပြစ်မတင်ချင်ပါ။ တာယက်ရှင်နှင့်ဘေးလူ ဒီလောက်တော့ ကွာခွင့်ရှိပါသည်။ အဲဒီညက စိုးချိန် အိပ်မပျော်တာတော့ အမှန်ပဲ ဖြစ်သည်။





ထိုနေ့ညက သစ်ခက်လည်း အိမ်မှာ အိပ်မပျော်ပါ။

အမှန်တော့ တနင်္လာနေ့တစ်နေ့ကို သစ်ခက် ကျောင်းမသွားဖို့ ဆုံးဖြတ်ထားပြီးသား ဖြစ်ပါသည်။

ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေ နှစ်ရက်စလုံး သူခံစားရသလို တစ်ဖက်က မခံစားရဟု စိတ်ထဲမှာ ထင်နေသဖြင့် တနင်္လာနေ့ကို တမင် တစ်ဖက်က ခံစားရအောင် ကျောင်းမသွားဖို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ဖြစ်ချင်တော့ တနင်္ဂနွေနေ့ညမှာ ထင်မှတ်မထားသော ပြဿနာ လာတက်သည်။

ဖေဖေက ကျောင်းလုံးဝသွားခွင့်မပြုတော့။

တနင်္လာနေ့မှ မဟုတ်။ ဘယ်နေ့မှ သွားခွင့်မပြုတော့။ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ချက်နှင့် မလုပ်ခြင်းထက် တစ်စုံတစ်ယောက်၏ အမိန့်နှင့် မလုပ်ရခြင်းမှာ ခံစားချက်တွင် အတော်ကွာခြားလေသည်။

ဖြစ်ခဲ့သော ပြဿနာက သူ့ကြောင့်လည်း မဟုတ်။ ငါးကြောင့် လည်းမဟုတ်။ ရွှေဘုန်းဆိုသောလူကြောင့်လည်း မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စကို ဟိုကောင်တွေ အားလုံးကို ပြောပြချင်နေမိသည်။ ငါးတို့လည်း ခေါ်ကာ ကျောကုန်းကို တဘုန်းဘုန်း ထုရင်း ဘာမှမဆိုင်ဘဲ အပြစ်တွေ ပုံချကာ ပြဿနာရှာလို့ ရသေးသည်။

ကျောင်းကို ပြေးသွားလိုက်ချင်စိတ်က ခန္ဓာကိုယ်သွေး ဆဲလ်တိုင်းမှာ ခုန်ပေါက်သောင်းကျန်းနေသည်။ အသိဉာဏ်တစ်ခုလုံးမှာ ပိုးပုရွက်တွေလို တရွရွ တက်ကာနေသည်။

သို့သော် သူ့ကို ဘယ်သူကမှ အလစ်မပေးကြ။

ဖေဖေက သူ့ Company ကိုပင် မသွား။ မေမေကတော့ ပြောမနေနှင့်တော့၊ ရေချိုးခြင်းနှင့် အိမ်သာတက်ခြင်းမှလွဲ၍ သစ်ခက်အနားမှာ အရိပ်လို ကပ်ကာနေသည်။ သစ်ခက် အရိပ်ကမှ ဆယ့်နှစ်နာရီ နေရောင်အောက်တွင် ပျောက်ချင် ပျောက်ဦးမည်။ မေမေက မပျောက်သွား။

"မိဘတွေ စိတ်ဆင်းရဲအောင် ထပ်မလုပ်ပါနဲ့တော့ သမီးရယ်" ဆိုသော စကားကို နာရီဝက်တစ်ခါလောက် ပြောတတ်သည်။ မေမေနှင့် ဖေဖေသည် ဂရုစိုက်တာ မဟုတ်တော့ဘဲ ချုပ်ချယ်နေတာဟု သစ်ခက် ခံစားလာရသည်။

ဖေဖေသည် အရင်တုန်းကလို ဒေါသတကြီး မရှိတော့သော်လည်း သစ်ခက်နှင့် ပတ်သက်၍ မယုံသင်္ကာမှုက ပို၍ကြီးမားလာသည်ဟု သစ်ခက် ထင်သည်။ ညနေဘက် အိမ်ရှေ့ပန်းခြံရှေ့ကို သစ်ခက် ဆင်းတာတောင်မှ ဖေဖေသည် ဂေါက်သီးရိုက် လေ့ကျင့်သလို ဘာလို့နှင့် သစ်ခက်နှင့် မလှမ်းမကမ်းတွင် ရှိနေသည်၊ သစ်ခက်ကိုတော့ ဘာမှ ပြောတာဆိုတာ မရှိ။

မနက်ဖြန်မှာလည်း ဖေဖေသည် ရွှေဘုန်းနှင့် သူ့မိဘများကို





ခေါ်ထားကာ ရွှေတောင်ခေါက်ဆွဲ လုပ်စားကြမည်ဟု ဆိုသည်၊ ဖေဖေသည် တစ်ဖက်ရန်ကို ကြောက်ပြီး ရွှေဘုန်းနှင့် သူ့ကို အတင်းရင်းနှီးအောင် နေခိုင်းခြင်း မရှိသော်လည်း မိသားစုချင်း ရင်းနှီးကျွမ်းဝင်မှုတော့ အရင်ကထက် အလေးထားလာတာ အမှန်ပင်ဖြစ်သည်။

ရွှေဘုန်းနဲ့ လက်ထပ်ရမည်ဆိုသောကိစ္စကို အရင်တုန်းက သိ... အလေးအနက် မထားခဲ့သော်လည်း အခုတော့ နီးကပ်လာသော အခြေအနေကြောင့် သစ်ခက် ထိတ်လန့်တုန်လှုပ်လာတာ အမှန်ပဲဖြစ်သည်... သူ ရွှေဘုန်းကို မမုန်းပါ။ ဒါပေမယ့် ဘယ်လိုမှ ချစ်လို့မရ။ မချစ်တဲ့သူနှင့် လက်ထပ်ပေါင်းသင်းရမှာလောက် ကြောက်စရာကောင်းသော ကိစ္စသည် မိန်းကလေးတို့ဘဝတွင် မရှိတော့။

မနက်ဖြန် သူ ကျောင်းသို့ သွားချင်သည်။

ဘာအကြောင်းပြချက်နှင့် ကျောင်းကို ရောက်အောင် သွား... မည်နည်း။ မေမေ့ကို လိမ့်လို့ဖိန့်လို့ ရသည်ထားဦး။ မေမေသည် ဖေဖေက ယုံကြည်ခွင့်ပြုလာအောင် စွမ်းဆောင်မပေးနိုင်ဆိုတာ သေချာသည်။ ဒါပေမယ့် သစ်ခက် နောက်ဆုံးအနေနှင့် ကြိုးစားကြည့်ပါသေးသည်။

"မေမေ. . . ဒီနေ့ သမီး ကျောင်းကို တစ်ရက်သွားမှတော့ဖြစ်... မယ်၊ သမီးက ကျူရှင်လည်း တက်တာမဟုတ်တော့ spot တွေဘာ... မရဘူး၊ အဲဒါ ဟိုကောင်တွေဆီမှာ spot တွေ သွားကူးချင်လို့၊ ဒီတစ်... ရက်ထဲပါ၊ နောက်နေ့တွေ သွားစရာ မလိုတော့ပါဘူး. . နော် မေမေ"

ဒေါ်မြခက်သည် လုပ်လက်စ အလုပ်တွေကို လုပ်ရင်း သစ်ခက်... စကားကို မကြားချင်ယောင်ဆောင်ထားသည်။ သို့သော် မျက်စိ... ညည်းနည်းအိုသွားသည်ကိုတော့ သစ်ခက် သတိပြုမိသည်၊ သစ်ခက်... မေမေ့ကို မျက်ဝန်းချင်းဆုံအောင် ကြည့်သည်၊ မေမေက မျက်ဝန်းချင်း...

www.burmeseclassic.com



အဆုံမခံဘဲ အလုပ်ကိုသာ စိတ်ဝင်စားသလို ဖိလုပ်နေ၏။

"မေမေ. . . နော်. . . ဆို၊ ခဏပဲ. . . သမီး တစ်နာရီလောက်ပဲ ကြာမှာပါ၊ spot ကူးပြီးတာနဲ့ ချက်ချင်းပြန်ခဲ့ပါ့မယ်. . နော်. . မေမေ"

လက်မောင်းကို အတင်းကိုင်လှုပ်ကာ ပြောတော့မှ ဒေါ်မြသစ်သည် သမီးဖြစ်သူကို မျက်နှာအိုအိုနှင့် လှည့်ကြည့်ကာ သက်ပြင်းကို ချသည်။

"သမီးအဖေ ပြောသွားတာ သမီးလည်း ကြားသားပဲ၊ သွားချင်ရင် သူ့ကိုပဲပြော သမီး၊ သမီး ဘယ်ကိုသွားသွား မေမေနဲ့တော့ မလွှတ်ဘူး၊ သူကိုယ်တိုင် လိုက်ပို့မှာတဲ့"

သစ်ခက် ကျောင်းကို သွားရေး အကြံအစည်ကို လက်လျှော့လိုက်ရ၏။ အခုအချိန်မှာ ဖေဖေဖြစ်ချင်သလို နေပေးလိုက်တာ အတောင်းဆုံးဟု သစ်ခက်ထင်သည်။

သစ်ခက်မှာ မျှော်လင့်စရာတစ်ခုပဲ ကျန်တော့သည်။ ထိုမျှော်လင့်ချက်က သူ ကျောင်းသုံးလေးရက် မလာလျှင် ဟိုကောင်တွေ ကိန်းသေလိုက်လာကြလိမ့်မည်။ သူတို့ လိုက်လာလျှင် အကောင်းဆုံးဖြစ်အောင် သစ်ခက် ဘာလုပ်ရမလဲ။

မျှော်လင့်ချက်ကလည်း မသေချာ။ သူ ဘာလုပ်ရရင် ကောင်းမှာလဲဆိုတာကိုလည်း မတွေးတတ်။

အကောင်းဆုံးက သစ်ခက် အခန်းတံခါးပိတ်ကာ အိမ်ခန်းထဲကို ဝင်နေလိုက်တာပဲ ဖြစ်သည်။





ဗုဒ္ဓဟူးနေ့အထိ သစ်ခက် ကျောင်းမတက်သည့်အခါ စိုးချိန်၏ စိုးရိမ်ပူပန်မှုကို မည်သူကမှ အပြစ်မပြောတော့။ အားလုံးက သစ်ခက် တစ်ခုခုကြောင့် ကျောင်းမတက်ဆိုသည့် ကောက်ချက်ထက် သစ်ခက် မတက်ခြင်းသည် စိုးချိန်နှင့် ပတ်ကို ပတ်သက်ရမည်ဟု ဆုံးဖြတ်ကြသည်

"နင်တို့ ငါ့ကို ကူညီကြပါဦးဟာ၊ ဒီကိစ္စက နင်တို့ပဲ တတ်နိုင်မှာ"

"ကောင်းပြီလေ. . . ဆွေတို့ ညနေကျောင်းအပြန် သစ်ခက်အိမ် ဝင်သွားလိုက်မယ်၊ နင် ဘာမှာချင်သလဲ၊ ဒါမှမဟုတ် စာရေးပေးလိုက် မလား"

"ဟာ. . . အဲဒီလောက် လောလို့မကောင်းဘူး မိဆွေ၊ ဟိုမှာ သစ်ခက်က ဘာဖြစ်နေမှန်း မသိဘဲနဲ့ စာပေးတာတို့ဘာတို့ လုပ်င သိသွားရင် အားလုံး ပြဿနာ တက်ကုန်လိမ့်မယ်၊ ငါတို့ သိချင်တာက သစ်ခက် ဘာဖြစ်လို့ ကျောင်းမတက်သလဲ. . . အဲဒါပဲ"

မြတ်မိုး စကားကြောင့် စိုးချိန် တော်တော်ဒေါသဖြစ်သွား၏ ဆွေဆွေတို့ ရောက်မှတော့ သစ်ခက်ကို စာပေးဖို့ကိစ္စက ဘာမှမခ



www.burmeseclassic.com

www.burmeseclassic.com



တော့။ သူ့ရင်ထဲမှာ ခံစားနေရသည့်ကိစ္စတွေကို သစ်ခက် သိစေချင်သည်၊ နားလည်စေချင်သည်။

“မြတ်မိုး. . . မင်းကိုယ်ချင်းမစာတော့ မပြောနဲ့ကွာ၊ ငါ့ရင်ထဲမှာ ဘယ်လောက်ခံစားနေရတယ်ဆိုတာ မင်းသိဖို့ကောင်းတယ်၊ ဆွေဆွေတို့ ရောက်ပြီဆိုရင် စာပေးဖို့ ဘာခက်တော့မှာလဲ”

“စေတနာကို မစော်ကားနဲ့ စိုးချိန်၊ မင်းက ခံစားချက် ကြီးသလို စိတ်လည်း လောကြီးတယ်၊ အေး. . . သစ်ခက် ကျောင်းမတက်တာဟာ သွေးရိုးသားရိုး မဟုတ်ဘူးလို့ ယူဆတယ်ဆိုရင် မင်း စာမပေးသင့်ဘူး၊ မင်းစာကို တစ်ယောက်ယောက် တွေ့သွားရင် ပိုရှုပ်ကုန်မှာစိုးလို့ ပြောတာ”

“ဖတ်ပြီးတာနဲ့ ဖြဲပစ်လို့ မှာ့မှာပေါ့ကွ”

တစ်ယောက်တစ်ပေါက်နှင့် စကားဝိုင်းက တော်တော် ဆူညံကာ သွားသည်။ နာရီဝက်လောက် ဆွေးနွေးပြီးမှ အားလုံး လက်ခံသော အဖြေကို ရသည်။ စိုးချိန်က စာပေးလိုက်မည်။ အခြေအနေကို ကြည့်ကာ ပေးသင့် မပေးသင့်ကို ဆွေဆွေတို့က ဆုံးဖြတ်လိမ့်မည်။

“ကဲ. . . ဒါဆို ရေးထားလိုက် စိုးချိန်၊ ညနေ ငါတို့ စာလာယူပြီးမှ သစ်ခက်ဆီ သွားမယ်”

ဆွေဆွေတို့ ထွက်သွားကတည်းက စိုးချိန် စာအုပ်ကို ထုတ်ကာ စာရေးဖို့ ပြင်သည်။ ရင်ထဲမှာ ပြောစရာတွေ၊ ပြောချင်တာတွေက သိပ်များနေသည်။ ဘာက စရေးရမှန်း မသိတော့။ သစ်ခက်ကို အရင် တောင်းပန်ရမှာလား၊ ကိုယ့်ခံစားချက်ကို အရင်ချရေးရမှာလား၊ သူ့ဆုံးဖြတ်ချက်ကို ပြောပြရမှာလား။ အခု ဘာဖြစ်လို့ ကျောင်းကို မလာတာလဲ. . . ရေးရမှာလား။





တစ်ရွက်ရေးလိုက် မကျေနပ်လိုက်၊ နောက်တစ်ရွက်ရေးလိုက် မဟုတ်သေးဘူးမှန်း သိလိုက်နှင့် လုံးလည်လိုက်နေသော စိုးချိန်ကို မြတ်ဆွေတို့က ဘာမှဝင်မပြောဘဲ ဘေးက တိတ်ဆိတ်စွာ ကြည့်နေကြသည်။

ဆွေဆွေတို့ အတန်းတစ်ချိန်တက်ပြီး ပြန်ရောက်လာသည်အထိ စိုးချိန် စာရေးလို့မရသေး။

“စိုးချိန်. . . ဆွေဆွေတို့ လာနေပြီ၊ သူတို့ သိပြီးသားတွေကို မင်းထည့်ရေးမနေနဲ့တော့၊ မင်းဖြစ်စေချင်တာကိုသာ အတိုဆုံးရေး၊ စိတ်ကို လျှော့ထားလိုက်၊ အဓိကဟာပဲရေး”

မြတ်ဆွေပြောမှ စိုးချိန် ဘောလ်ပင်ကို စာရွက်နှင့် ထိကာ ဘာရေးရမှန်း ပိုပြီးမသိ ဖြစ်သွားသည်။ နောက်ဆုံးတော့ စာက သုံးကြောင်းပဲ ပါသွားသည်။

သစ်ခက်. . .

အရမ်းချစ်တယ်။

ဘယ်လိုမှ ခွဲနေလို့မရဘူး. . .

ကိုယ်ဘာဆက်လုပ်ရမလဲ. . . ဆိုတာ သစ်ခက် ပြောပါ။

ငါး



www.burmeseclassic.com

www.burmeseclassic.com



ဆွေဆွေတို့ ရောက်သွားတော့ အိမ်ရှေ့အိမ်ခန်းမှာ ကျောင်းစာအုပ်တွေ ဟိုလှန်ဒီလှန် လုပ်နေသော သစ်ခက်ကို တွေ့ရလေသည်။

"ဟော့ကောင် သစ်ခက်၊ မင်း ဘာဖြစ်လို့ ကျောင်းမတက်တာလဲ"

"ဟာ. . . မိဆွေ"

ညှိုးလျော်နေသော သစ်ခက်မျက်နှာက ဝင်းခနဲ ဖြစ်သွားသည်။ အံ့ဩခြင်း၊ ဝမ်းသာခြင်းတို့ကိုလည်း မျက်နှာပေါ်တွင် တစ်ပြိုင်နက်ထဲ တွေ့ရလေသည်။

"နေမကောင်းလို့ မတက်တာလား၊ ဆရာမ ဒေါ်တင်မာရီက တောင် မင်းကို မေးနေသေးတယ်"

"ဟယ်. . . ဟုတ်လား၊ ဆရာမကို ငါ စာမေးမယ်ဆိုပြီး ပြောထားတာ"

"နင် နည်းနည်းပိန်သွားတယ် သစ်ခက်၊ ဘာလဲ. . . အစာအိမ်ပြန်ဖြစ်ပြန်ပြီလား"

"အင်း. . . ဒီလိုပါပဲဟယ်"





ရုတ်တရက်တော့ သူတို့ဝိုင်းကလေးသည် ဆူညံကာ သွားသည်။ သစ်ခက်မှာ ပျော်သွားတာ မတ်တတ်ထရပ်ပြီးမှ ဘာလုပ်ရမှန်းမသိသလို ဖြစ်နေသည်။ သစ်ခက်ပုံစံက ထူးခြားနေသည်။ သစ်ခက် ပိန်သွားတာ မှန်သော်လည်း နေမကောင်းလို့ ကျောင်းမတက်တာ မဟုတ်ဟု ဆွေဆွေ ဆုံးဖြတ်သည်။ သစ်ခက်မှာ ကိစ္စတစ်ခုခုတော့ ရှိနေပြီ။

ထိုအချိန်မှာပင် သစ်ခက်မေမေ ရောက်လာပြီး သူတို့ကို နှုတ်ဆက်သည်။ တစ်ခါမှ မတွေ့ဖူးသည့်တိုင် သစ်ခက်မေမေသည် သဘောကောင်းသူတစ်ဦး ဖြစ်ကြောင်း ဆွေဆွေ အကဲခတ်မိသည်။

"သမီးသူငယ်ချင်းတွေလား၊ ထိုင်ကြဦး. . . ထိုင်ကြဦး၊ အန်တီက သစ်ခက်မေမေပါ"

"ဟုတ်ကဲ့ အန်တီ"

"ထိုင်ကြဦးနော်. . . ကော်ဖီသွားဖျော်လိုက်ဦးမယ်"

"ဟာ. . . နေပါစေတော့ အန်တီ၊ သမီးတို့က အိမ်ပြန်တာနဲ့ ထမင်းစားတော့မှာ၊ ဒီကောင် ကျောင်းမတက်လို့ စိတ်ပူပြီး လာမေးကြတာ"

"ကဲ. . . အမေကြီး၊ အဲဒါဆိုရင် အအေးပဲ ဖျော်လိုက်တော့"

ပြတ်သားသော အသံနှင့်အတူ သစ်ခက်နံဘေးတွင် ရောက်လာသော အသက်(၅၀)ကျော်ခန့်ရှိ တည်ငြိမ်သောလူကြီးကို သစ်ခက်ဖေဖေဟု အားလုံးသဘောပေါက်လိုက်ကြသည်။ သစ်ခက်သည် ချောသည်ဟုဆိုလျှင် သူ့ဖေဖေဆီက မျိုးရိုးအမွေ(၇၅%)ကို ပိုင်ဆိုင်သောကြောင့်သာ ဖြစ်သည်။

"အန်ကယ်က သစ်ခက်ဖေဖေပါ၊ ကဲ. . . သမီးတို့ ထိုင်ကြလေ"

ဖေဖေက ထိုင်လိုက်သဖြင့် အားလုံး ကိုယ့်နေရာမှာကိုယ် အသီး



www.burmeseclassic.com

www.burmeseclassic.com



သီး ထိုင်လိုက်ကြသည်။ ဆွေဆွေတို့သုံးယောက်က အလယ်ကောင် စားပွဲ၏ညာဘက်အခြမ်းမှာ ရှိပြီး သစ်ခက်နှင့် ဦးတသစ်တို့က ဘယ်ဘက်မှာ ဘေးချင်းယှဉ်လျက် ရှိသည်။ သစ်ခက်မျက်နှာမှာ ဝမ်းသာခြင်းနှင့် ပျော်ရွှင်ခြင်း မရှိတော့ဘဲ ညှိုးလျော်ကာ သွားသည်ကို ဆွေဆွေ သိသည်။ အနေအထားက မျက်စကလေးမျှ ပစ်ပြဖို့ မလွယ်။ မေးလေး တစ်ချက်မျှ ဆတ်ပြ၍မရသော အခြေအနေ ဖြစ်သည်။

"သမီးနဲ့ မေဂျာတစ်ခုတည်းပဲလား"

"ဟုတ်ကဲ့ အန်ကယ်"

စကားအနည်းဆုံး ချောစုက သွက်သွက်လက်လက်ပင် ဖြေသည်။ သစ်ခက်ဖေဖေက ပြုံးကာ ခေါင်းကို သုံးလေးခါ ညိတ်ရင်း ဆိုဖာလက်တန်းကို လက်ချောင်းလေးများနှင့် ခေါက်ကာ နေသည်။ ပြီးတော့ အားလုံးကို တစ်ချက်ဝေ့ကာ ကြည့်သည်။

"ဆရာမက ဘာတဲ့လဲဟင်"

"ဒေါ်တင်မေရီလား. . . ကိုယ်တို့ ကင်န်တင်းကအပြန် ကော်ရစ်တာမှာ တွေ့တာ၊ သစ်ခက်က စာမေးမယ် ပြောထားပြီး မတွေ့လို့ မေးတာနေမှာပေါ့"

"ဟယ်. . . ဆရာမကို အားနာလိုက်တာ"

ဆွေဆွေက တည့်တည့်ငြိမ်ငြိမ်လေးပင် ဖြေသည်။ သစ်ခက်က ဆရာမကို အားနာတယ်ဟု ဆိုတာ ခေါင်းကို ငုံ့သွား၏။ အမှန် သူမတို့ မေဂျာမှာ ဆရာမ ဒေါ်တင်မေရီဆိုတာ မရှိပါ။ သစ်ခက်ကလည်း ဘယ်ဆရာမကိုမှ စာမေးဖို့ ပြောမထားဖူးပါ။ အခြေအနေသာ ပုံမှန်ဆိုလျှင် သစ်ခက်က "ဟဲ့. . . ငါ ဘယ်ဆရာမကို စာမေးဖို့ ပြောလို့လဲ" ဟု မေးမှာ သေချာသည်။ အခု သစ်ခက်ကိုယ်တိုင်က ဒီစကားကို





လိုက်ပြောနေသဖြင့် အခြေအနေသည် ပုံမှန်မဟုတ်ဆိုတာကို သတင်းပေးပြီးသား ဖြစ်သွားပြီ ဖြစ်သည်။

"ဆရာမက အားနာစရာ မလိုပါဘူး၊ မင်း အတန်းတက်တော့ သွားတွေ့လိုက်ပေါ့၊ ဒါနဲ့ မင်း ဘယ်နေ့ ကျောင်းတက်မလဲ သစ်ခက်"

မေစိုးစကားကို သစ်ခက်က မဖြေဘဲ သူ့ဖေဖေဘက်သို့ မျက်လုံးအသာလှန်ကာ ကြည့်သည်။

"သမီးက ဘာစာမေးထားတာလဲ"

သစ်ခက်၏ဖေဖေ မေးသောလေသံက ငြင်သာပါသည်။

"Paper-4 ဖေဖေ"

"သမီးက အတန်းမှန်မှန်မတက်ဘူးလား"

ဒီတစ်ခါ လေသံကတော့ နည်းနည်းပြတ်သားသည်။ ဒီမေးခွန်းကို ဆွေဆွေတို့ ဝင်ဖြေ၍မရ။

"တက်ပါတယ် ဖေဖေ၊ အတန်းထဲမှာဆိုတော့ တစ်ချို့နားလည်တာတွေ ရှိတယ်၊ သမီးက ကျူရှင်တွေဘာတွေလည်း မတက်ဘူးဆိုတော့ တစ်ချို့နားမလည်တာတွေကို ဆရာမကို မေးဖို့ ပြောထားတာပါ"

သစ်ခက်ဖေဖေက ခေါင်းကို သုံးလေးခါ ညိတ်သည်။ ထိုအချိန်မှာ အားလုံးအတွက် တော်တော် အသက်ရှူကျပ်သွားသောအချိန်လည်းဖြစ်ပြီး သစ်ခက် ကျောင်းမတက်ရခြင်းကိစ္စသည် သစ်ခက်၏ဖေဖေ အမိန့်ကြောင့်ဆိုတာ သိသာသွားသောအချိန်လည်းဖြစ်သည်။ ကံကောင်းချင်တော့ သစ်ခက်မေမေက အအေးလာချသဖြင့် ဖန်ခွက်တွေ ရွှေ့ကြရင်း စကားစက ပြတ်သွားသည်။ သို့သော် သစ်ခက်ဖေဖေက မရ။ အအေးခွက်တွေအားလုံး ရွှေ့ပြီးချိန်မှာ စကားပြန်စသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးအတွက် အခက်အခဲ သိပ်ဖြစ်နေရင် အဲဒီဆရာမကို အိမ်ကို ဖိတ်ပြီး သမီးမေးချင်တာ မေးလို့ရမလား"

"အာ. . . အဲဒါတော့ ရမှာမဟုတ်ဘူး ဖေဖေ၊ ဆရာမက ကျူရှင်ပြတဲ့ ဆရာမ မဟုတ်ဘူး၊ မာနလည်း အရမ်းကြီးတယ်၊ စာမေးချင်တဲ့ကျောင်းသားက သူ့ဆီ မသွားဘဲ သူ့ကို ခေါ်လို့ ဘယ်လိုမှ မရနိုင်ဘူး"

သစ်ခက်ဖေဖေက ပြုံးပြီး ခေါင်းကို ညိတ်ပြန်သည်။ ကျေနပ်သွားဟန်လည်း ရှိ၏။

"ပညာမာနဆိုတာ အဲဒါပဲ သမီး"

"သိပ်လည်း စိတ်ပူမနေပါနဲ့ သစ်ခက်ရာ၊ ဆရာမက အဓိကထား ကြည့်ရမယ့်အပိုဒ်တွေတော့ ပေးထားတယ်၊ အဲဒီအထဲမှာ မင်းမသိတာ ဘယ်နှစ်ပုဒ် ပါလဲ၊ ကျောင်းတက်တော့ ဆရာမနဲ့ တွေ့ရင် မေးပေါ့"

ဆွေဆွေက ပြောရင်း လွယ်အိတ်ထဲက စာအုပ်တစ်အုပ်ကို ထုတ်ကာပေးသည်။ သစ်ခက် လှမ်းယူချိန်မှာ ဆိုဖါနောက်မှီတွင် အေးအေးသက်သာ ထိုင်နေသော ဦးဘခက်က ဆိုဖါနောက်မှီမှ ကျောကို ဖျတ်ခနဲ ခွာကာ စာအုပ်ကို လှမ်းကာယူသည်။

"အန်ကယ် ခဏကြည့်လို့ ရတယ်မဟုတ်လား"

ဆွေဆွေပေးသော စာအုပ်သည် လက်သုံးဖက်နှင့် ကိုင်ထားလျက်သားရှိသည်။ သစ်ခက်က မျက်နှာတော်တော်ပျက်နေပြီဖြစ်၏။ ဆွေဆွေ တစ်ချက်ပြုံးကာ သူ့လက်ကို လွှတ်လိုက်သည်။ သစ်ခက်လည်း သူ့လက်ကို လွှတ်ပေးလိုက်ရသည်။

ဦးဘသစ်က စာအုပ်ကို တစ်ရွက်ချင်း လှန်ကာ သေသေချာချာ ကြည့်သည်။ အခုမှ မြတ်မိုး သတိပေးသောစကားကို ဆွေဆွေ





ကျေးဇူးတင်ရသည်။ စာအုပ်ထဲမှာ စာရေးထားတာ၊ စာထည့်ထားတာ ပါလို့ကတော့ သွားပြီ။ သစ်ခက်၏ဖေဖေသည် သမီးနှင့် ပတ်သက်၍ မည်သူ့ကိုမျှ အားမနာတတ်သော ဖခင်တစ်ယောက်ဆိုတာ သေချာသွားပြီ။

သစ်ခက်ကတော့ သူတို့ကို အားနာတာရော၊ အထဲမှာ စာပါမလား ဘာလား မသိတာရောနှင့် မျက်နှာအကြီးအကျယ် ပျက်နေပြီဖြစ်သည်။

"စာအုပ်ထဲမှာ အနီရောင်နဲ့ စတားပြထားတဲ့ ခေါင်းစဉ်တွေပဲ သစ်ခက် မင်းကူးထားလိုက်၊ ကူးပြီးရင် တို့ပြန်တော့မယ်"

ဦးဘသစ်က စာအုပ်ကို သေသေချာချာကြည့်နေရာမှ ဆွေဆွေ့တို မျက်လုံးတစ်ချက် လှန်ကာကြည့်သည်။ ထို့နောက် စာအုပ်ကို တစ်ရွက်ချင်း ကြည့်ပြန်သည်။ ဆွေ့ခန်းသည် တိတ်ဆိတ်၍သွားသည်။ အအေးဖန်ခွက်ထဲက Gas ရေမြှုပ်ကလေးတွေ ပေါက်နေသံကိုပင် ကြားရမလောက် ထင်ရသည်။

လက်ရေးနှင့် ရေးထားသော စာရွက်များ ကုန်သွားသည့်တိုင် ဦးဘသစ်က နောက်စာရွက်လွတ်များကို အားလုံးဆက်လှန်ကာ ကြည့်သည်။ ဘာမှမတွေ့ရတော့မှ စာအုပ်ကိုပိတ်ကာ လက်ထဲမှာ ခဏကိုင်ထားပြီး ခဏစဉ်းစားသည်။ ပြီးတော့မှ သစ်ခက်ဘက်သို့ လှမ်းကာပေးရင်း. . .

"မှင်နီနဲ့ စတားပြထားတာတွေ ကူးထားလိုက် သမီး၊ ကဲ. . . ဒီတာသမီးတွေကလည်း အန်ကယ့်အပြုအမူကို ရိုင်းတယ်လို့ မထင်ပါနဲ့၊ ထင်ရင်လည်း အန်ကယ် တောင်းပန်ပါတယ်၊ အန်ကယ့်မှာ အခုစိုးထိတ်ထားနေရတဲ့အချိန်မို့ပါ"

www.burmeseclassic.com



"သမီးတို့ကတော့ နားမလည်ဘူး အန်ကယ်၊ သမီးတို့က သစ်ခက် ကျောင်းမတက်လို့ လာမေးတာပါ။ ပြီးတော့. . . သမီးတို့က. . "

ဦးဘသစ်က ဆွေဆွေ့ စကားမဆုံးမီ လက်လှမ်းကာသည်။

"အန်ကယ် သမီးတို့ကို ယုံပါတယ်၊ မယုံတာက သူ့ကိုပါ၊ အန်ကယ် လုံးဝခွင့်မလွှတ်နိုင်တဲ့ ကိစ္စတစ်ခုကို သူ ကျူးလွန်ထားတယ်၊ ဒါကြောင့် အန်ကယ် သူ့ကို ကျောင်းမလွှတ်တော့တာပါ၊ သမီး စာမေး ထားတယ်ဆိုတဲ့ ဆရာမကိုလည်း ပြောပြလိုက်ပါ၊ အန်ကယ်က တောင်း ပန်လိုက်ပါတယ်လို့. . . "

"ရပါတယ် အန်ကယ်၊ သမီးတို့က ကိစ္စမရှိပါဘူး၊ ဆရာမကို တော့ ပြောပြလိုက်ပါမယ်"

ဧည့်ခန်းသည် ပြန်လည်တိတ်ဆိတ်သွားပြန်သည်။ သစ်ခက်က တော့ ခေါင်းမဖော်ဘဲ ခေါင်းစဉ်တွေကို ဖိကူးနေသည်။ ထိုစဉ်မှာပင် ချောစုစိတ်ထဲ သတိရသွားတာ တစ်ခုရှိသည်။ နောက်ဆုံးမျှော်လင့်ချက် အတွက် စွန့်စားကြည့်လိုက်ဖို့ ဆုံးဖြတ်သည်။ သစ်ခက်ကိုလည်း သနားလှ ပါပြီ။

စာတွေ ကူးပြီးသွားတော့ သစ်ခက်မျက်နှာက ငိုချလိုက်တော့ မလားဟုပင် ချောစု ထင်လိုက်သေးသည်။ ဆွေဆွေနှင့် မေစိုးမျက်နှာက တော်တော်ပျက်နေပြီ။

"သစ်ခက်. . . ချောစုကို သီချင်းနာမည်တွေ ထပ်ရေးပေးလိုက် ဦး"

"သီချင်းနာမည်. . . "

"အေးလေ. . . ကာပင်တာ(Carpenter)ရဲ့ သီချင်းနာမည် တွေလေ၊ ချောစု ကူးမယ်ဆိုတာဟာ၊ သစ်ခက် တစ်ခါရေးပေးတဲ့ စာရင်း





က ပျောက်သွားလို့. . . "

သစ်ခက်က ခဏကြာအောင် စဉ်းစားနေသည်။ သို့သော် ချက် ချင်း သစ်ခက်မျက်နှာ ဝင်းပကာ သွား၏။

"ဟာ. . . သစ်ခက်လည်း အကုန်မမှတ်မိတော့ဘူးဟ"

"မှတ်မိသလောက်ပေါ့ဟာ. . . ချောစုက သီချင်းတွေကိုပဲ ကြိုက် တာ၊ နာမည်တွေ လုံးဝမသိဘူး၊ မင်းပဲ သိတာ"

"အေး. . . စဉ်းစားလိုက်ဦးမယ်ဟာ"

"ဆွေဆွေ့စာအုပ် နောက်ကျောဖုံးမှာပဲ ရေးပေးလိုက်"

သစ်ခက် ခဏငြိမ်ကာ သွားသည်။ ဦးဘသစ်က ချောစုက် သေသေချာချာ ကြည့်ကာနေသည်။ ချောစုသည် သူတို့အုပ်စုထဲမ စကားအနည်းဆုံး၊ အကြောက်တတ်ဆုံး။ ချောစုမျက်နှာက ကလေး မျက်နှာကလေးလို အပြစ်ကင်းသည်။ မာန်မာန ရှုပ်ထွေးမှု ဘာမှမ သော ဖြူစင်သည့်မျက်ဝန်းများ ရှိသည်။ သို့သော် ချောစုသည် သီချင်းန ၍ "မြနန္ဒာ" သီချင်းကိုပင် စ၊ လယ်၊ ဆုံး ရသူမဟုတ်ဆိုတာ အားလ သိသည်။ အခု ချောစု ဘာလုပ်သည်ဆိုတာကိုတော့ ဘယ်သူမှ မ သဖြင့် အားလုံး အသာငြိမ်နေလိုက်ကြသည်။

"သမီးက စာမေးပွဲ နီးတာတောင် သီချင်းနားထောင်တုန်း လား"

ဦးဘခက် အပြုံးနှင့် လှမ်းကာမေးသည်။ သစ်ခက်က စဉ်း ရင်း. . .

"အာ. . . အိမ်မှာလည်း နားမထောင်ရဘူး အန်ကယ်ရ တလည်း အန်ကယ့်လိုပဲ သိပ်စည်းကမ်းတင်းကြပ်တာ၊ စာကျ ငြီးငွေ့တဲ့အချိန်လောက်ပဲ ရတာ၊ ဒါတောင် walk man နဲ့ နားထော



www.burmeseclassic.com

www.burmeseclassic.com



ရတာ၊ သစ်ခက်က သီချင်း specialist ဆိုတော့ သူ့ဆီက သမီးကြိုက်တဲ့ သီချင်းတွေ ကူးချင်လို့ပါ"

ထိုစဉ် သစ်ခက်က စာအုပ်နောက်ကျောဖုံးမှာ စရေးသဖြင့် ဦးဘသစ်တ စကားဆက်မပြောတော့ဘဲ လှမ်းကာကြည့်သည်။ သစ်ခက် ရေးသမျှအားလုံးကို ဦးဘသစ် ကောင်းစွာပင် မြင်ပြီး ဖတ်နေတာကို အားလုံးမြင်ရသည်။

သစ်ခက်ကတော့ မသိ၊ ဆွေဆွေတို့ သုံးယောက်စလုံး ရင်ခုန်နေကြသည်။ သစ်ခက်က စဉ်းစားလိုက် ရေးလိုက် လုပ်နေသောအချိန် နှစ်မိနစ်လောက်ကို တစ်ကမ္ဘာလောက် ကြာသည်ဟု ထင်သည်။

"ခုနစ်ပုဒ်ပဲ စဉ်းစားလို့ ရတယ်ဟာ၊ အဲဒါပဲ ကူးပြီးနားထောင်တော့"

သစ်ခက်က စာအုပ်ကို လှမ်းပေးသည်။ ချောစုက သီချင်းခေါင်းစဉ်တွေကို ဖတ်ကြည့်ကာ. . .

"ရပါတယ်ဟာ. . ဘယ်မှာ ကူးရင် ကောင်းမလဲဟင်၊ music world မှာ ရလား"

"သစ်ခက်ကတော့ SN'T မှာပဲ သွင်းတာ၊ အဲဒီမှာ ပိုစုံတယ်"

ချောစုတို့အားလုံး မတ်တတ်ရပ်လိုက်ကြသည်။

"အခုလို သမီးလေးဆီ လာမေးတဲ့အတွက် ကျေးဇူးပါပဲ၊ သမီးတို့လည်း စာမေးပွဲနီးပြီဆိုတော့ သူငယ်ချင်းအိမ်တွေ လျှောက်သွားမနေကြနဲ့တော့၊ စာပဲ ကျက်တော့. . . ဟုတ်ပြီလား"

ယဉ်ကျေးစွာဖြင့် နောက်တစ်ကြိမ် မလာနှင့်တော့ဟု ပြောခြင်းဖြစ်မှန်း အားလုံးသိကြပါသည်။

"ဟုတ်ကဲ့ အန်ကယ်၊ သစ်ခက်ရေ. . . သွားပြီဟေ့"





သစ်ခက် နှုတ်ဆက်ဖို့ပင် အသံမထွက်နိုင်တော့။

ချောစုတို့ ခြံတံခါးဝကို ဖွင့်ကာ ထွက်သွားတော့ ဆိုဖာပေါ် အရုပ်ကြိုးပြတ် ထိုင်ချကာ အားရပါးရ ငိုပစ်လိုက်သည်။

ဖေဖေက သစ်ခက်ကို ရပ်ကာ ငေးကြည့်နေသည်။ ပြီးတော့ သက်ပြင်းချကာ ဘာမှမပြောဘဲ သူ့အခန်းထဲ ဝင်သွားလေသည်။

♡ ♡ ♡



www.burmeseclassic.com

www.burmeseclassic.com



1. Fish
2. Pardon me
3. House
4. The door open
5. Thief of me
6. Some day some way
7. I love you

သစ်ခက်ပေးလိုက်သော သီချင်းစာရင်းကို ကြည့်ကာ သူတို့ခုနစ်ယောက် (၁၀)မိနစ်ခန့်တော့ အလုပ်များသွားကြသည်။ နောက်တော့မှ ချောစုက သစ်ခက်နှင့်သူ အတန်းမှာ သီချင်းခေါင်းစဉ်များနှင့် အဖျင်းပြေ စာရေးတတ်ခဲ့ဖူးကြောင်းကို ပြောပြမှ အားလုံးသဘောပေါက်ကာ ဘာသာပြန်တော့မှ အောက်ပါဘာသာပြန်ကို ရ၏။

၁။ ငါး

၂။ ခွင့်လွှတ်ပါ





၃။ အိမ်

၄။ တံခါးတွေ ဖွင့်ထား

၅။ သူ့ကို ခိုးပါ

၆။ ဘယ်နေ့ဘယ်နည်း

၇။ ငါ မင်းကိုချစ်တယ်

ရေးပေးလိုက်သည့် စကားလုံးတွေက အတိအကျလည်း မဟုတ်၊ ဘယ်သီချင်း၏ခေါင်းစဉ်မှလည်း မဟုတ်သည့်တိုင် သူတို့က အနီးစပ်ဆုံး အခြေအနေနှင့် တိုက်ကာ ဘာသာပြန်ကြခြင်းလည်း ဖြစ်သည်။ စကားလုံးတစ်လုံးကိုမှ သမီးထံ ကျွံအလာမခံဘဲ စကားလုံးတစ်လုံးကိုမှ သမီးထံမှ ထွက်ခွင့်မပေးသော ဖခင်၏ရှေ့တွင် သစ်ခက်က အတိုဆုံးနှင့် အထိရောက်ဆုံး သတင်းပေးလိုက်နိုင်တာလည်း ဖြစ်သည်။

"ကိုင်း. . . ကိုသိန်းမောင်ရေ၊ ကိုယ့်လူရဲ့အကြောင်းကိုလည်း ပြောခွင့်မရ၊ ကိုယ့်လူရဲ့စာကိုလည်း ပေးခွင့်မရဘဲ ကလေးမနဲ့တခ်နုပတ္တိဉာဏ်နဲ့ ရေးလိုက်တာဆိုတော့ ကျုပ်တွေးလုံးအရ ဒီစာကို ဖော်ပြီးတဲ့နောက်မှာ ကိုယ့်လူ လုပ်စရာတွေက များလာပြီလို့သာ ထင်လိုက်ချင်တော့တာပဲ၊ ဘယ့်နှယ့်ထင်သလဲ ကိုသိန်းမောင်ရဲ့"

"အစဖော်ပုံနဲ့ တွေးလုံးကတော့ ယဉ်ပါတယ်ဗျာ၊ ကိုင်း. . . ဘာဆက်လုပ်ကြရမလဲ ဆိုတာပဲ ရှိပါတော့တယ်"

မြတ်ဆွေနှင့်မြတ်မိုးတို့က ဆရာကြီးရွှေဥဒေါင်း၏ဇာတ်လိုက်များဖြစ်ကြသော ဦးစံရှားနှင့် ကိုသိန်းမောင် လေအတိုင်း ပြောကာ ပေါ့ပေါ့ပါးပါးဖြစ်သွားဟန်တူ၏။ စိတ်ဒုက္ခ ခံစားနေရသော စိုးချိန်ကို တမင်နောက်နေကြဟန်လည်း ရှိ၏။ မြတ်ဆွေက ဆေးတံတစ်ဆုံကို မွှောဘဲရှေ့မှ စီးကရက်တစ်လိပ်ကိုသာ ယူကာ မီးခိုးပါးပါးကလေး ထွက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်ဖွာနေသည်။ စိုးချိန်မှာ ဘာလုပ်ရမှန်း မသိ။

"ဒီအမှုဟာ ဘာမှမဟုတ်သော်လည်း စိတ်ဝင်စားစရာတွေ ပါနေတယ်ဆိုတာကိုတော့ ကိုသိန်းမောင်လည်း သိမှာပေါ့၊ ကျုပ်ကလည်း နေမကောင်းဖြစ်ပြီးကာစမို့ ဘာအမှုမှ လက်မခံချင်လေတော့ ဒီလို ပေါ့ပေါ့ပါးပါးနဲ့ ဉာဏ်ချင်း ကစားရမယ့်ကိစ္စမျိုးကို ပထမအနေနဲ့ စမ်းကြည့်ချင်တာပဲ၊ ကျုပ်ကဖြင့် အဖြေတွေ့ပါပြီ၊ သို့ပေမယ့် မောင်စိုးချိန်ကို မေးစရာကလေး တစ်ခုနှစ်ခုပဲ ကျန်ပါတော့တယ်၊ ကိုင်း. . . မောင်စိုးချိန်တ ဒီကလေးမကို ရရင်ဖြင့် တစ်သက်လုံး ရိုးမြေကျ ပေါင်းမှာတဲ့လား"

"ဟော့ကောင်တွေ တော်ကွာ"

"ကိုစံရှားရယ်. . . ဒီသူငယ့်ပုံ ကြည့်ရတာဖြင့် ငှက်ဖျားပဲ မိနေသလိုလို၊ လေငန်းပဲ ဖမ်းချင်သလိုလို ဖြစ်နေမှတော့ ရိုးမြေကျ ပေါင်းမယ်ဆိုတာ ကျုပ်ဖြင့် အာမခံဝံ့ပါရဲ့ဗျာ၊ သို့ပေမယ့် နေထိုင်မကောင်း ဖြစ်ပြီးတာစ ကိုစံရှား ပင်ပန်းမှာကိုသာ စိုးရိမ်မိတာပဲ"

"ဟော့ကောင်တွေ. . . တော်ကြတော့လို့ ပြောနေတယ်ကွာ၊ ဒါ နောက်နေရမယ့်အချိန် မဟုတ်ဘူးကွ"

"ဒါကိုတော့ စိုးရိမ်မနေပါနဲ့ဗျို့၊ ဒိအရင် အမှုတွေလို ဟိုနယ် သွား ဒီနယ်ပြေးနဲ့ ကျုပ်ကိုယ်တိုင် အပင်ပန်းခံပြီး လုပ်ရမယ့်အမှုမျိုးမှ မဟုတ်တာ ကိုသိန်းမောင်ရဲ့၊ ကုလားထိုင်ပေါ် ထိုင်ရင်းနဲ့ ဉာဏ်ကစားရုံ သက်သက်တင်ပါ၊ ကျုပ် တစ်နာရီလောက် ထိုင်စဉ်းစားရုံနဲ့ ကလေးနှစ်ယောက် တစ်သက်လုံး စိတ်ချမ်းသာရမယ့် ကိစ္စမျိုးဆိုတာ မကူညီထိုက်ဘူးလားဗျာ"

"ဆိုထိုက်ပါတယ်ဗျာ. . . ကျုပ်ကလည်း ကိုစံရှား ကူညီမယ်ဆိုရင် စိတ်ဝင်စားစရာ နှစ်ချက်ရှိတယ်ဗျို့၊ တစ်အချက်က ဒီကိစ္စဟာ





ချစ်ရေးချစ်ရာ ဖြစ်နေတာရယ်၊ နှစ်အချက်က ကိုစံရှားက လူပျိုကြီး ဖြစ်နေတာရယ်ကြောင့်ပဲ"

မြတ်မိုးစကားဆုံးတော့ စိုးချိန်မှအပ အားလုံးဝိုင်းရယ်ကြသည်။ မြတ်ဆွေမှာ စိတ်ကူးလည်း ကောင်း၊ လူကလည်း တည်ငြိမ်သလောက် သူ့ကို ချစ်မည့်သူ မရှိခြင်းနှင့် သူကလည်း ချစ်ရမည့်သူတစ်ယောက်မှ မတွေ့ခြင်းကို အားလုံးက သိထားသောကြောင့် ဖြစ်သည်။ ဆွေဆွေတို့ အဖွဲ့ကလည်း မြတ်ဆွေနှင့်မြတ်မိုး အချီအချ စကားပြောများကို သဘောကျကာ "ဆက်ပြော. . . ဆက်ပြော" ဟု မြှောက်ပေးနေကြသဖြင့် စိုးချိန် ဘာမှဝင်မပြောတော့။

"ကျုပ်ကတော့ ဒီကိစ္စကို ကိုသိန်းမောင် တွေးသလို မတွေးဘူး၊ အမှုတစ်ခုလိုပဲ တွေးတာပါ၊ တစ်အချက်. . . ဦးဘခက်ဆိုတဲ့လူကြီးက ဝစ္စည်းဥစ္စာ ကြွယ်ဝတယ်၊ တစ်အိမ်လုံးအပေါ်မှာ ဩဇာညောင်းတယ်၊ ဒေါသကြီးတယ်၊ ပြီးတော့ တော်တော်လည်း စေ့စပ်သေချာတဲ့ လူကြီး တစ်ယောက်ပဲဗျို့"

"မှန်ပါတယ်"

"နှစ်အချက်က သူ့အချစ်ဆုံးသမီးကို သူ့အိမ်ဝင်းထဲက သူ့မျက်စေ့အောက်တင် ရှိနေတဲ့အတွက် စိတ်ချယုံကြည်နေဟန်လည်း ရှိတယ်"

"အဲဒါ ခက်နေတာပဲ မဟုတ်လားဗျ ကိုစံရှားရဲ့"

"ရှေ့ကို မလောစမ်းပါနဲ့ ကိုသိန်းမောင်ရဲ့၊ ဦးဘခက်ဟာ သူ့သမီးရဲ့ရုပ်ခန္ဓာကိုသာ သူ့ရှေ့မှာ ထားလို့ရသော်လည်း စိတ်ကိုတော့ဖြင့် ထားလို့မရဘူးဆိုတာ ဒီကနေ့ ရလာတဲ့ ဝှက်စာအရ သိသာနိုင်အောင် အဲဒီဝှက်စာကို ဖခင်ရှေ့မှာပဲ ရအောင်ယူလာနိုင်တဲ့ ကလေးမကလေးတို



www.burmeseclassic.com

www.burmeseclassic.com



တော့ ခိုးတူးထိုက်တယ်ဗျို့၊ ဒီစာသာ မရရင် ကျုပ်စဉ်းစားသော်လည်း ခပ်ခတ်ခတ်ထဲက နေမှာပဲ"

"ကိုစံရှားထက်ပဲ တော်ရောမလားဗျာ"

"ဆိုနိုင်တယ်ဗျ. . . ကျုပ်တို့စုံထောက်အလုပ်ဆိုတာ ယောက်ျားရင့်မကြီးစိတ်နဲ့ ခိုင်ခိုင်ကြီး ထားပြီး ကောက်ချက်တွေ ထုတ်ရပေမယ့် အမှုပေါ်ဖို့ကိစ္စတွေကျတော့ မိန်းကလေးရဲ့တခ်နုပတ္တိဉာဏ်ကို အားကိုးရတာတွေ ရှိတယ်၊ ခဲရာခဲဆစ် အမှုတွေမှာ ကျုပ် ချက်ချင်းဖော်ထုတ်နိုင်တာ အဲဒီဉာဏ်ကြောင့်ပဲဗျ၊ အဲဒီဉာဏ်မျိုး ရအောင် ကျုပ် အချိန်တော်တော်ကြာကြာ လေ့ကျင့်ခဲ့ဖူးတယ်"

မြတ်ဆွေ စကားဆုံးတော့ ဆွေဆွေတို့က ရယ်ကြပြန်သည်။ ချောစုကလည်း ရက်ကာ လက်ကိုင်ပုဝါနှင့် ပါးစပ်ကို အုပ်ရင်း တခွီးခွီး ရယ်ကာနေသည်။ ဟိုနှစ်ကောင်ကတော့ ထိုရယ်သံတွေကြောင့် ဘာအနှောင့်အယှက်မှ မရှိဘဲ သူတို့နှစ်ဦးတည်းသာ ရှိသလို ပြောနေကြသည်။

"ဒီလောက်တောင်ပဲလား ကိုစံရှားရဲ့"

"အမှန်ပဲဗျို့၊ ကိုင်း. . . မယုံရင် ကိုသိန်းမောင် သာမန် မိန်းကလေးတစ်ယောက်နဲ့ ရန်ဖြစ်ကြည့်ပါလား၊ ခင်ဗျား စကားသုံးခွန်းထက် ပိုပြောနိုင်မှာ မဟုတ်ဘူး၊ သူတို့က စကားထောက် အင်မတန် ကောင်းတယ်ဗျ၊ အဲဒါ တခ်နုပတ္တိဉာဏ်က လာတာပေါ့၊ အင်း. . . ကျုပ်တို့ စုံထောက်အဖွဲ့မှာ မိန်းမအမှုစစ် တစ်ဝက်လောက် ရှိရင် အမှုလိုက်ဖို့ အချိန်တစ်ဝက်လောက် သက်သာသွားမှာ အမှန်ပဲ"

"ကိုင်း. . . အမှုဆီ ဆက်ကြဦးစို့ဗျာ"

"ဟုတ်ပါရဲ့ ကိုင်း. . . နောက်ကြို့မှ အဲဒီဉာဏ်အကြောင်း





ကိုသိန်းမောင်ကို ပြောပြတာပေါ့၊ ကလေးမရဲ့ဝှက်စာက အဓိပ္ပါယ် ပေါ်သော်လည်း သွားခိုးရအောင်အထိတော့ မပြည့်စုံသေးဘူးဗျ ကိုသိန်းမောင်၊ နှစ်ဦးသဘောတူလို့ ခိုးကြတယ်ဆိုတာက တိကျသေချာမှ ရတာမျိုးကိုဗျ၊ ဒီစာမှာက some day some way. . . ဆိုတော့ အဲဒီကိစ္စအတွက်တောင် စိုးချိန်က ဘယ်နေ့ ဘယ်အချိန်ဆိုတာကို ဟိုဘက်က သူငယ်မနဲ့ ညှိရလိမ့်မယ်၊ အဲဒီလို ညှိဖို့လည်း မောင်စိုးချိန်နဲ့ ဒီသူငယ်မ တွေ့မှကို ဖြစ်မှာ"

"ဟာ. . . ဖြစ်ပါ့မလား ကိုစံရှားရဲ့၊ မိန်းကလေးသူငယ်ချင်းတွေ သွားတာတောင်မှ အလစ်မပေးတဲ့အိမ်ထဲကို ဘယ်လို ဝင်ရမှာတုန်းဗျ"

"နည်းကိုတော့ ကျုပ်သိပြီ ကိုသိန်းမောင်၊ ဒါ့ကြောင့်လည်း ဒီစကားကို ပြောရတာပဲ၊ သေချာဖို့နဲ့ အချိန်ကိုက်ဖို့သာ လိုတယ်၊ ခင်ဗျားတော့ နည်းနည်းပင်ပန်းချင် ပင်ပန်းလိမ့်မယ်ဗျို့ ကိုသိန်းမောင်"

ပထမ နောက်နေတာဟု စိုးချိန် ထင်သော်လည်း သူတို့ ပြောနေပုံက စိတ်ပါလက်ပါ ရှိသည့်အပြင် သူနှင့်ပါ ပတ်သက်လာသဖြင့် ထမတုန်းကလို ဒေါသမထွက်တော့ဘဲ စိုးချိန်ပါ စိတ်ဝင်စားစပြုလာသည်၊ မေစိုးက မဲ့ကာ ပခုံးတွန့်သည်။ ဒီအိမ်ထဲကို ဝင်ဖို့ မလွယ်ဆိုသည့် သဘောဖြစ်သည်။ ဆွေဆွေနှင့် ချောစုကတော့ စိတ်ဝင်စားနေကြ၏။ အောင်ခန့်ကတော့ အခုထိ ဟာသဟု ထင်နေသလားမသိ၊ ခပ်ပြုံးပြုံးနှင့် ဖြဲဖြဲအမူအယာ ရှိသည်။

"ပင်ပန်းပါစေဗျာ. . . ကျုပ်ကလည်း အဲဒီဘက်မှာ ကံခေလေတော့ ပါရမီသဘောပဲ ထားပါတယ်၊ လုပ်ရမှာသာ ပြောပါတော့"

"နည်းကတော့ ဝှက်စာကို ဦးဘခက်ရှေ့မှာတင် ယူလာတဲ့ ကလေးရဲ့နည်းပဲဗျို့၊ ကိုယ့်ကိုယ်ကို သိပ်သေချာတယ်လို့ ထင်တဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့အားနည်းချက်က အဲဒီသေချာခြင်းပဲ ကိုသိန်းမောင်၊ အဲဒီတော့ ဦးဘခက် ရှိတဲ့အချိန်မှာကို မောင်စိုးချိန်ဟာ အဲဒီအိမ်ကို ဝင်ရလိမ့်မယ်"

"ဟုတ်နိုင်ရိုးလား ကိုစံရှားရယ်၊ အားလုံး ဒုက္ခများကုန်ပါ့မယ်"

"ကျုပ်တွေးရင် လွဲခဲပါတယ် ကိုသိန်းမောင်၊ မောင်စိုးချိန်ဟာ ဦးဘခက် ရှိတဲ့အချိန်မှာကို ဝင်ရမယ်၊ ခိုးကြောင်ခိုးဝှက် သွားလို့ကတော့ လွတ်လမ်းကို မရှိဘူး"

"ကျုပ်က ဘယ်နေရာ ပင်ပန်းရမှာလဲ ကိုစံရှားရဲ့"

"ကလေးမ အိမ်ရဲ့လူအဝင်အထွက်ကို သိမှရမယ်ဗျ၊ ခင်ဗျား တစ်ယောက်တည်း မဟုတ်ပါဘူးလေ၊ ကျုပ် လက်ဖက်ရည်ဖိုးကလေး ဘာလေး ပေးပြီး မွေးထားတဲ့ ကုလားလေး အောင်ခန့်ဆိုတာ ရှိတယ် ကိုသိန်းမောင်ရဲ့"

ဒီနေရာ ရောက်တော့ ဆွေဆွေတို့က အောင်ခန့်ကို ကြည့်ကာ ရယ်ကြပြန်သည်။ အောင်ခန့်က ဗမာစစ်စစ် ဖြစ်သော်လည်း ကုလား ဆင်မို့ ရယ်ကြခြင်းဖြစ်၏။ အောင်ခန့် တိုးတိုးကျိန်ဆဲရင်း "ငါ့ကို ဆွဲ မထည့်နဲ့နော်" ဟု ဝင်ကာ အော်သည်။

"ဆိုပါဦးဗျာ. . ."

"ကျုပ်တပည့်ကလေးနဲ့ ကိုသိန်းမောင် တွဲပြီး (၃)ရက်လောက် တလေးမရဲ့အိမ်အဝင်အထွက်ကို စောင့်ကြည့်ဗျာ၊ (၃)ရက်မှာ လူအဝင် အထွက်စာရင်းကို ကျုပ်သိချင်တယ်"

"ရစေ့မယ် ကိုစံရှား၊ ဒါပေမယ့် အိမ်ထဲ ဝင်ဖို့ကတော့. . ."

"နည်းသိမှတော့ လမ်းက ကျုပ်မှာ ရှိပြီးသားပါဗျ၊ ကိုင်း. . . ဆိုကြစို့ရဲ့၊ ဦးဘခက်ဟာ ကြွယ်ဝသူတစ်ဦး ဖြစ်လေတော့ သူ့အိမ်မှာ သုံးတဲ့ပစ္စည်းတွေက အကောင်းစားချည်း သုံးမယ် မဟုတ်ဘူးလား"





"TV ၊ ရေခဲသေတ္တာ၊ Air con. . . အစရှိတဲ့ အသုံးအဆောင် တွေမှာ အားလုံးဟာ ထိပ်တန်းကပဲ နေမှာပေါ့၊ အိမ်ထဲ ဝင်ခွင့်ရတဲ့ တလေးမလေးတွေ့ လစ်သွားတာ တစ်ခုရှိတယ် ကိုသိန်းမောင်၊ ဦးဘခက် အိမ်က ဖိမ်ခံပစ္စည်းတစ်ခုခုရဲ့ company နာမည်ကို သိရင် သိပ် ကောင်းမှာပဲ၊ အဲဒါဆို နေရာကျပြီဗျာ"

ထိုနေရာတွင် မေစိုးက အားရဝမ်းသာ ဝင်ကာပြောသည်။

"တခြားဟာတွေတော့ မသိဘူး၊ တီဗွီကတော့ Sony ပဲ"

"ကိုင်း. . . နေရာကျပြီ ကိုသိန်းမောင်၊ ခင်ဗျားနဲ့ ကျုပ်တပည့် အိမ်အဝင်အထွက်ကိုသာ လေ့လာပေတော့၊ နာရီနဲ့ လူတော့ မှန်ပေစေ ဗျာ၊ ခင်ဗျားတာဝန်ဟာ အရေးအကြီးဆုံးပဲဗျို့"

ထိုနေရာရောက်တော့မှ စကားတွေ တစ်ယောက်တစ်ပေါက်နှင့် အားလုံးဆူညံကုန်ကြသည်။ အိမ်ထဲသို့ စိုးချိန်ကိုယ်တိုင်ဝင်ရေးကို စိုးရိမ် ကြသူတွေလည်း ရှိသည်။ ဖျက်သူက ဖျက်ကြ၏။

"အိမ်ထဲအထိ ဝင်ဖို့ကတော့ မလွယ်ဘူး ထင်တယ်နော်၊ ဦးဘ ခက်က နင့်ကိုလည်း မြင်ဖူးထားတယ်၊ ပြီးတော့ သစ်ခက်က ဟန်ဆောင် ထိပ်မကောင်းဘူး"

ဆွေဆွေက စိုးရိမ်တကြီး ဝင်တားသည်။ စိုးချိန်ကတော့ ဖြစ် သလိုဖြစ်ရော သူကိုယ်တိုင် သွားချင်သည်။ သစ်ခက်ရဲ့မျက်နှာကိုလည်း မြင်ချင်သည်။ သူကိုယ်တိုင် သစ်ခက်အတွက် ဘယ်လောက်ကြိုးစားသည် ဆိုတာကိုလည်း သိစေချင်သည်။

"တို့ဘက်က သေသေချာချာ ပြင်ဆင်သွားမှာပဲ၊ ဦးဘသင် ထားရင် မမှတ်မိတဲ့ပုံစံ ပြောင်းမှာပေါ့၊ ငါကိုယ်တိုင် သွားချင်တာ အမှန်ပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အကြမ်းဖျင်း အစီအစဉ်အရ မြတ်မိုးနှင့် အောင်ခန့်က လူအဝင်အထွက်ကို စောင့်ကြည့်မည်။ မြတ်ဆွေနှင့် စိုးချိန်က အိမ်ထဲဝင်ဖို့ ဆုံးဖြတ်ကြ၏။ Company တံဆိပ်ပါသော ဝတ်စုံအတွက်တော့ မြတ်ဆွေက သုံးရက်အတွင်း ရအောင် သူကြိုးစားမည်ဟု ဆိုသည်။ ထိုအစီအစဉ်ကို အားလုံးကလည်း သဘောတူကြသည်။

"မြတ်ဆွေ. . . နင်က စုံထောက်လို တကယ်တွေးနိုင်တာပဲနော်"

ချောစုက ချီးမွမ်းတော့ မြတ်ဆွေက တဟဲဟဲ ရယ်သည်။

"ငါလည်း ပထမတော့ နောက်ပြီး ပြောတာပဲဟ၊ ပြောရင်းပြောရင်းနဲ့ ဘယ်လိုလုပ် ဦးစံရှားလို တွေးမိသွားလဲ မသိဘူး၊ ဆရာကြီးရွှေဥဒေါင်းရဲ့ဝတ္ထုတွေကို သိပ်ကြိုက်တာလည်း ပါမှာပေါ့ဟာ"





သစ်ခက်နှင့် ပြဿနာ စဖြစ်ကတည်းက မရိတ်မိသော နှုတ်ခမ်းမွှေးနှင့် ပါးသိုင်းမွှေးများကို စိုးချိန်က မရိတ်ဘဲ ဆက်ထားသည်၊ ပြီးတော့ ဆံပင်ကို ကတုံးဆံတောက်သာသာ ညှပ်ပစ်လိုက်၏။ မြင်နေကျလူအတွက် မထူးခြားလှသော်လည်း တစ်ကြိမ်တစ်ခါသာ မြင်ထားဖူးသူအတွက်တော့ ရုတ်တရက် ပြန်မှတ်မိရန် မလွယ်သည့်ပုံသို့ ရောက်ကာသွားသည်။ ထိုအကြံကိုလည်း မြတ်ဆွေကပင် ပေးခြင်းဖြစ်သည်၊

သုံးရက်အတွင်း မြင့်မိုးတို့ သစ်ခက်အိမ်ရှေ့ သွားကာ ရယူနိုင်သည့် လူဝင်လူထွက်စာရင်းကလည်း ဘောက်သောက် ဖြစ်ကာနေသည်၊ ပုံမှန် ဘာမှသိပ်မရှိလှ၊ ပုံမှန်ရှိတာဆို၍ နံနက်(၈)နာရီ နွားနို့ပို့သော တုလားကလေးနှင့် (၁၀)နာရီခွဲတွင် သတင်းစာ လာပို့သောသူ တင်ယောက်သာ ရှိသည်။ ဦးဘသစ်ကလည်း ထွက်ချင်သည့်အချိန်တွင် ထွက်တာ ပြန်ဝင်ချင်သည့်အချိန်တွင် ပြန်ဝင်တတ်သည်။ သစ်ခက် အိမ်ရှေ့ ဝန်းခြံကလေးကို ဆင်းထိုင်သည့်အချိန်ကလည်း မမှန်ချင်၊ ပထမနေ့က ညနေ(၅)နာရီလောက် ဆင်းသည်၊ ဒုတိယနေ့က မနက်(၁၀)နာရီ၊



www.burmeseclassic.com

www.burmeseclassic.com



တတိယနေ့က ညနေ(၃)နာရီ ဖြစ်၏။ သေချာတာတစ်ခုက သစ်ခက်သည် အိမ်ထဲက ပန်းခြံမှအပ ဘယ်နေရာမှ မသွားရဆိုတာပဲ ဖြစ်သည်။ သစ်ခက်၏မျက်နှာမှာ ညှိုးနေသည်ဟုလည်း အောင်ခန့်က ဆိုသည်။

ဒုတိယနေ့ မနက်ပိုင်းတွင်တော့ ထူးခြားမှုတစ်ခု ရှိခဲ့သည်။ ပန်းခြံထဲမှာ ထိုင်နေသော သစ်ခက်က မြတ်မိုးနှင့် အောင်ခန့်ကို တွေ့သွားသည်ဟု ဆိုသည်။ ဒါနဲ့ ဒုတိယအကြိမ် ပြန်လျှောက်တော့ ပန်းခြံထဲမှာ သစ်ခက်ကို မတွေ့ရတော့၊ တစ်စုံတစ်ခု ဆက်သွယ်ဖို့ စာပဲ သွားရေးသလား၊ လူပဲ လွှတ်မလား. . . ဟူသော မျှော်လင့်ချက်နှင့် မြတ်မိုးတို့ အခေါက်ခေါက် လျှောက်သော်လည်း သစ်ခက် အိမ်ထဲက ပြန်ထွက်မလာတော့။ တစ်စုံတစ်ရာမျှလည်း မထူးခြား။

တတိယနေ့မှာ သစ်ခက် (၁၀)နာရီလောက်များ ထွက်လာမလား. . . ဟူသော ဆုံးဖြတ်ချက်နှင့် မြတ်မိုးတို့ သေသေချာချာ စောင့်သော်လည်း သစ်ခက်က ညနေ(၃)နာရီမှ ပန်းခြံထဲ ဆင်းကာ သူတို့ဘက်ကို လုံးဝလှည့်မကြည့်ဟု သိရသည်။

အဆိုးဝါးဆုံးအချက်ကတော့ ထိုသုံးရက်အတွင်းမှာ ရွှေဘုန်းလူဆိုသည့်ငနဲက လေးကြိမ်လာခြင်းပင် ဖြစ်သည်။ ဒုတိယနေ့မှာ နှစ်ကြိမ်လာခြင်းဖြစ်၏၊ ထိုအကြိမ်အရေအတွက်သည် စိုးရိမ်စရာ ကောင်းနေသည့်အတွက် စိုးချိန်ရင်မှာ ပူလှပြီဖြစ်သည်။

မြတ်မိုးတို့ကို တွေ့ပါလျက်နှင့် နောက်တစ်နေ့ ဘာကြောင့် မစောင့်ရသနည်း။ တစ်စုံတစ်ရာ ထူးခြားမှု ဘာကြောင့် မပြရသနည်း။ မြတ်ဆွေကတော့ လေးလေးနက်နက် စဉ်းစားကာ ဆိုသည်။

"အဲဒါ သစ်ခက် ပါးနပ်တာပေါ့ကွ၊ ငါတို့တစ်တွေ သူ့ကို ကူညီဖို့ ရှိနေပြီဆိုတာကို သူသိသွားပြီ၊ အိမ်က မသင်္ကာ မဖြစ်ရအောင် နောက်





ထပ် ဘာမှမဆက်သွယ်တာ၊ မင်း ဘာမှ မစိုးရိမ်နဲ့"

သူတို့အော်ပရေးရှင်း စမည့်နေ့တွင် တော်တော်တုန်လှုပ်နေတာကို ဝန်ခံရမည်ဖြစ်သည်။ သစ်ခက်ကို ပေးဖို့စာကို အားလုံးနှင့် တိုင်ပင်ကာ ခိုးမည့်နေ့ ခိုးမည့်အချိန်ကို ရေးရသည်။

"စားထိကောင်း မန်းကျိုးစ၊ ထိုင်ထိကောင်း လှေကားဝ၊ အိပ်ထိကောင်း မိုးသောက်စတဲ့ကွ၊ ဒီတော့ မိုးသောက်စမှာ ခိုးတာ အကောင်းဆုံးပဲ"

"ဟဲ့. . . နင့်ကဗျာက ဘာလဲ မြတ်ဆွေရ၊ မော်ဒန်ကဗျာလား"

"ကဗျာမဟုတ်ဘူး မေစိုးရဲ့၊ အဲဒါ ကရင်စကားပုံဟ၊ စားလို့ အကောင်းဆုံးက ထမင်းကျိုး၊ ထိုင်လို့အကောင်းဆုံးက လှေကားဝတဲ့ အိပ်လို့အကောင်းဆုံးအချိန်က မိုးသောက်စတဲ့၊ ဒီတော့ လူကြီးတွေ အိပ်လို့ကောင်းတဲ့ မိုးသောက်ချိန်ဟာ အကောင်းဆုံးလို့ ပြောတာ"

ဒီလိုနှင့်ပင် တနင်္ဂနွေနေ့ မနက်လေးနာရီကို သစ်ခက်ကို ခိုးရန် အချိန်အဖြစ် အားလုံး သဘောတူကာ စာရေးပြီး သစ်ခက်အိမ်သို့ စိုးချိန်တို့ ထွက်ခဲ့ကြသည်။ ကင်းထောက် လွှတ်ထားသော အောင်ခန့်နှင့် မြတ်မိုးကို တွေ့တော့ အခြေအနေအားလုံး OK။

သစ်ခက်တို့အိမ်ကို ဝင်မည့် လမ်းထောင့်ချိုးမှာ ခဏနားရင်း နောက်ဆုံးအကြိမ်အဖြစ် တိုင်ပင်ကြသည်။

"စိုးချိန်. . . မင်းသိပ်စိတ်မလှုပ်ရှားနဲ့၊ ပုံမှန်ပဲနေ၊ ပြောစရာရှိတဲ့ စကားကို ငါပဲ ပြောမယ်၊ အဖိုးကြီးကို ငါ ရတဲ့နည်းနဲ့ ပထုတ်ပေးမယ် အဖိုးကြီး လစ်တာနဲ့ မင်း သစ်ခက်ကို စာပေး၊ အခြေအနေအရ ကျန်တာတွေ ကြည့်လုပ်ကြတာပေါ့ကွာ"

သစ်ခက်တို့အိမ်ရှေ့ ခြံဝင်းတံခါးဝကို ရောက်တော့ စိုးချိန်



www.burmeseclassic.com

www.burmeseclassic.com



ရင်တော်တော်တုန်နေပြီ ဖြစ်သည်။ သစ်ခက်တို့အိမ်က တိတ်ဆိတ်ကာနေသည်။ ခြံတံခါးက သော့ခတ်မထား။ ဘဲလ်တွေ ဘာတွေလည်း မရှိတာနှင့် မြတ်ဆွေက ခပ်တည်တည်ပင် ဖွင့်ကာ ဝင်လာခဲ့ကြသည်။

အိမ်ရှေ့တံခါးကို ရောက်တော့လည်း ထိုနည်းအတိုင်းပင်။ တံခါးက Lock တွေဘာတွေ ချမထား။ ခပ်ဟဟ ပွင့်ကာနေ၏။ စိုးချိန်နှင့်မြတ်ဆွေ တစ်ယောက်နှင့်တစ်ယောက် စိုက်ကြည့်လိုက်ကြကာ အသက်ကို ဝဝရှူလိုက်ကြသည်။

မြတ်ဆွေက တံခါးကို တွန်းဖွင့်ကာ အိမ်ထဲသို့ ဝင်လိုက်သည်။

အိမ်ထဲ ရောက်ရောက်ချင်း ဆိုဖာပေါ်မှာ Time မဂ္ဂဇင်းတစ်စောင်ကို ဖတ်နေသော ဦးဘသစ်ကို တန်းတွေ့ရလေသည်။

"ဟော့. . . မင်းတို့ ဘာကိစ္စလဲကွ"

"ကျွန်တော်တို့ Company ကပါ အန်ကယ်၊ အန်ကယ့် TV ကို ဆားဗစ်ဆင် လုပ်ဖို့အတွက် လာတာပါ"

"ဆားဗစ်ဆင် လုပ်ဖို့. . . ငါလည်း Phone မဆက်ထားပါလား၊ ပြီးတော့ TV ကလည်း ကောင်းနေတာပဲ"

ဦးဘသစ်က မသင်္ကာဟန် ရှိသော်လည်း အဝတ်အစားများ ဝါနေသဖြင့် ဘာမှတော့ မပြော။

"ဟုတ်ပါတယ် အန်ကယ်၊ ကျွန်တော်တို့ဆီကို Phone ဆက်စရာ မလိုပါဘူး၊ ကျွန်တော်တို့က (၂)နှစ်အာမခံဆိုတော့ ခြောက်လတစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ် အိမ်တိုင်ရာရောက် ဆားဗစ်ဆင် လုပ်ပေးတာပါခင်ဗျာ၊ အာမခံ နှစ်ကုန်ရင်တော့ Center မှာ ကျသင့်ငွေနဲ့ လာပြင်လို့ ရပါတယ်ခင်ဗျာ၊ အခု ဆားဗစ်ဆင်ကတော့ အခမဲ့ပါ"

ဦးဘသစ်က မဂ္ဂဇင်းကို ချကာ ခေါင်းတဆတ်ဆတ် ညိတ်ရင်း





ပြုံးကာ ထရပ်သည်။

"ဟ. . . တယ်ကောင်းတဲ့ အစီအစဉ်ပါလားကွ၊ ငါတောင် မသိပါလား"

"customer တွေ အဆင်ပြေရအောင် အခုမှ Company က စီစဉ်တာပါ အန်ကယ်"

"အေး. . . ကောင်းတာပေါ့ကွာ၊ ကဲ. . . အန်ကယ် အခု ဘာကူညီရမလဲ"

"မလိုပါဘူး၊ အန်ကယ်၊ မီးဖွင့်ထားရင် ကျွန်တော် TV ကို စစ်ကြည့်ပါ့မယ်"

မြတ်ဆွေက ခလုတ်ကို ဖွင့်ကာ အရုပ်၊ အရောင်၊ အသံ အားလုံးကို ကျွမ်းကျင်အောင် စစ်သည်။ ဦးဘသစ်ကလည်း TV ကို စိတ်ဝင်စားကာ နေသည်။ ထိုအချိန်အထိ သစ်ခက် ဧည့်ခန်းသို့ ရောက်မလာသေး။

"ကျန်တာတွေ စစ်ကြည့်ရအောင်၊ ကျွန်တော် အခွေစမ်းဖွင့်ကြည့်မယ်နော် အန်ကယ်"

"ထိုးကြည့်လေ. . . ထိုးကြည့်"

ဦးဘသစ်က အခွေတစ်ခွေကို လှမ်းကာပေးသည်။ မြတ်ဆွေက အခွေကို ထိုးကြည့်ကာ အရောင်ကို ထပ်စစ်သည်။ ထိုအချိန်တွင် စာအုပ်အလေး ကိုင်ကာ ဧည့်ခန်းထဲသို့ သစ်ခက် ဝင်လာခြင်း ဖြစ်သည်။

သစ်ခက်မျက်နှာသည် အံ့ဩထိတ်လန့်ကာ ကြောက်လန့်သွားပုံရသည်။ စိုးချိန်ကလည်း ရင်တွေ တဒိန်းဒိန်း ခုန်ကာ မျက်လုံးတွေ ပြူးတာသွား၏။ တစ်ယောက်နှင့်တစ်ယောက် ကြောင်ငေးကာ ဆယ်စက္ကန့်လောက် ကြည့်နေမိသည်ကို မြတ်ဆွေက မြင်သည်။ သို့သော်

www.burmeseclassic.com



မြတ်ဆွေတ ဣန္ဒြေမပျက်၊ ဦးဘသစ်ကလည်း ဖန်သားပြင်ကိုသာ ငေးနေသဖြင့် စိုးချိန်တို့ အဖြစ်အပျက်ကို မသိလိုက်ချေ။

"Colour က အဝါနည်းနည်း များနေတယ် အန်ကယ်၊ ကျွန်တော် ညှိပေးခဲ့မယ်"

"အေးကွာ. . . ကောင်းသလိုသာ လုပ်ပါ၊ ကိုယ်တို့ကတော့ ဘာမှ နားလည်လှတယ် မဟုတ်ဘူး၊ ဝယ်ပြီး ဒီလိုပဲ ကြည့်လိုက်တာပဲ"

"အဝါများလို့ ကြာရင် မီးလုံးထိတတ်တယ် အန်ကယ်ရဲ့၊ ပြီးတော့ Original Colour ကို ပုံမှန်ပဲထား၊ Bright သိပ်များရင်လည်း ကြာရင် မီးလုံးထိတတ်တယ်၊ ကျွန်တော် အားလုံးချိန်ပေးခဲ့ပါမယ်"

"အေး. . . အေး၊ ကောင်းသလိုသာ လုပ်ခဲ့ပါကွာ"

Company မှ အဝတ်အစား၊ ပြောနေသောစကားတို့ကြောင့် အခြေအနေကို သစ်ခက် သဘောပေါက်သွားဟန် ရှိသည်။ မျက်လွှာကိုချတာ အနီးက ဆိုဖာတွင် ဝင်ကာထိုင်နေသည်။ စိုးချိန်လည်း မျက်နှာလွှဲလိုက်ရ၏။

သစ်ခက် ဆိုဖာတွင် ဝင်ထိုင်သံကြားတော့ ဦးဘသစ်က လှည့်တာကြည့်သည်။ သို့သော် သစ်ခက်က ဝင်ထိုင်ပြီးပြီးချင်း ကျောင်းစာအုပ်တစ်အုပ်ကို ဖတ်နေသဖြင့် ဘာမှတော့ မပြော။ စိုးချိန်ကတော့ ရင်တွေ တဒိန်းဒိန်း ခုန်ကာ ဘာလုပ်ရမှန်းလဲ မသိ၊ ကြောင်တောင်တောင်ဖြစ်ကာ နေသည်။ ဒါကို ရိပ်မိသော မြတ်ဆွေက. . .

"ဝင်းနိုင်ရေ. . . အောက်စက်က Head ပါ ဆေးပေးလိုက်ပါကွာ၊ ချေးနည်းနည်း ကပ်ချင်နေတယ်၊ အန်ကယ်တို့ ဆိုင်က အခွေငှားကြည့်ရင် တစ်ခေါက်လောက်တော့ ရစ်လိုက် အန်ကယ်၊ အခွေငှားဆိုင်တွေက အခွေကို Air-con ခန်းထဲမှာ ထားတာမဟုတ်တော့ မှိုဝင်နေ





တတ်တယ်၊ Head ကို မှိုတပ်ပါများရင် ထိသွားတတ်တယ်၊ ပြီးတော့ အခွေကို ကုန်တာနဲ့ ရစ်ပစ်လိုက်ခင်ဗျ၊ နောက်ပိုင်းတိတ်သားတွေမှာက မှိုရှိတာ များတယ်"

"ဪ. . . အေးကွာ၊ တစ်ချို့အခွေတွေ ထစ်ထစ်နေတာတို့ ရပ်သွားတာတို့က ဒါကြောင့်လားကွ"

"ဟုတ်တယ် အန်ကယ်၊ ဝင်းနိုင်. . . အိတ်ထဲမှာ မှိုဆေးခွေ ရှိတယ်လေ၊ အသစ်နဲ့ ဆေးပေးလိုက်နော်"

ဒီတော့မှ စိုးချိန်ကလည်း အသိဝင်ကာ မှိုဆေးခွေကို ထုတ်ပြီး အောက်စက်ထဲ ထည့်ကာ မှိုဆေးပေးလိုက်သည်။ ဒါကိစ္စကိုတော့ မြတ်ဆွေက သူ့ကို အိမ်မဝင်ခင် အဆောင်မှာကတည်းက သတိပေးပြီးဖြစ်၏၊ အောက်စက်ခလုပ်ကို နှိပ်သော စိုးချိန်လက်တွေ တုန်ယင်နေကြသည်။

မြတ်ဆွေကတော့ ဣန္ဒြေတစ်စက်ကလေးမှ မပျက်ဘဲ ဧည့်ခန်းမှ ဆိုဖာတွင် ဝင်ကာထိုင်သည်။ ဦးဘသစ်ကလည်း မြတ်ဆွေနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ကာထိုင်သည်။

"အပေါ်စက်ရော အောက်စက်ပါ ဘာမှ အပြစ်ပြောစရာ မရှိဘူး အန်ကယ်၊ နည်းနည်းပါးပါးပဲ၊ Head ကို မှိုဆေးတာလဲ ကျွန်တော်က ရောက်မှ မထူးဘူးဆိုပြီး ဆေးပေးတာပါ၊ တစ်ကယ်လို့ တစ်ခုခု ဖြစ်သွားရင် ဒီ Card အတိုင်း Phone ဆက်ပါ အန်ကယ်၊ အပြင်ဆိုင်တွေမှာ မပြင်ပါနဲ့. . . စိတ်မချရဘူး၊ တစ်ချို့က ပစ္စည်းတွေဘာတွေ လဲတတ်တယ်"

မြတ်ဆွေက Company Card တစ်ခု ထုတ်ကာ ပေးသည်၊ ဦးဘသစ်က အသေအချာကြည့်ကာ ကျေနပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က အာမခံ လက်ကုန်ရင် ပြင်မပေးတော့ဘူးလား"

"အခုလို အခမဲ့ အိမ်တိုင်ရာရောက် လာပြင်ပေးတာ၊ စစ်ပေးတာတော့ မရှိတော့ဘူး အန်ကယ်၊ ဒါပေမယ့် Center မှာတော့ လာပြင်လို့ ရပါတယ်၊ လက်ခလည်း သက်သာတယ်၊ ပစ္စည်းထည့်ရမယ်ဆိုရင်လည်း မူရင်းဈေးနှုန်းအတိုင်းပဲ ယူပါတယ်"

"အေး. . . ကောင်းတယ်ကွာ၊ Company ဆိုတာ ဒီလို ဝန်ဆောင်မှု ကောင်းမှကွ"

ဦးဘသစ်က သဘောကျစွာ ခေါင်းကို တဆတ်ဆတ် ညိတ်သည်၊ ထိုအချိန်တွင် စိုးချိန် မှိုဆေးသောအခွေ ကုန်ပြီ ဖြစ်သည်။ ဒါတို မြတ်ဆွေကလည်း လှမ်းကာမြင်သည်။

"အန်ကယ်. . . ကျွန်တော့်ကို Grandy Card ကလေး ခဏပေးပါလား၊ ပထမအကြိမ် စစ်ဆေးပြီးကြောင်း လက်မှတ်ကလေး ထိုးခဲ့ချင်လို့ပါ"

မြတ်ဆွေစကားကြောင့် ဦးဘသစ်က သစ်ခက်ကို လှမ်းကာကြည့်သည်။ သစ်ခက်ကိုများ ယူခိုင်းလိုက်လို့ကတော့ သွားပြီဟု စိုးချိန်ရော မြတ်ဆွေပါ တွေးမိသည်။ သို့သော် ဦးဘခက်က ကြည့်ရုံကြည့်ကာ သူကိုယ်တိုင် ထရပ်သည်။

"ခဏလေးကွာ"

ပြောရင်း ဦးဘသစ်က ဧည့်ခန်းထဲမှ ဖြတ်ကာ ထွက်သွားသည်။ သစ်ခက် ချက်ချင်း ခေါင်းကို မော့ကာလာ၏။

"စိုးချိန်" ဟု မြတ်ဆွေက တိုးတိုးလှမ်းကာ ခေါ်သည်။ ဒီအချိန်တလေးကလည်း သူတို့အတွက် အသက်ပင် မဟုတ်လား။

စိုးချိန်က သစ်ခက်အနားကို ရောက်သွားကာ လွယ်ထားသော





ကြိုးသိုင်းအိတ်ထဲက စာကို ထုတ်ပြီး သစ်ခက်လက်ထဲကို ထည့်သည်၊ ပြီးတော့ လေသံသဲ့သဲ့နှင့် ကပ်ကာ ပြောသည်။

"သစ်ခက်စာ ရတယ်၊ ငါး ဒီအထဲမှာ အကုန်ရေးထားတယ်၊ အဲဒီနေ့ကျ အဲဒီအချိန်အတိုင်းသာ လုပ်၊ ဘာမှ မကြောက်နဲ့နော်၊ သစ်ခက်ကို အရမ်းချစ်တယ်. . . သိလား"

စိုးချိန်က မျက်ရည်ဝဲကာ ကြောင်နေသော သစ်ခက် လက်ကလေးကို တစ်ချက် ဖျစ်ကိုင်ကာ စာကို ပေးသည်။ သစ်ခက် သတိဝင်လာပြီး စိုးချိန် ပေးသောစာကို ရင်ဘတ်ထဲသို့ ထည့်လိုက်သည်။

ဦးဘသစ် ပြန်ရောက်လာသည့်အချိန်တွင် သစ်ခက်က စာကို ငုံ့ဖတ်လျက်။ စိုးချိန်က မြတ်ဆွေအနားမှာ ရပ်လျက်။ အားလုံး သပ်သပ်ရပ်ရပ် ရှိကြသည်။

ဦးဘသစ် လှမ်းပေးသော Grandy Card ကို မြတ်ဆွေက အသေအချာကြည့်ပြီး ပထမအကြိမ် စစ်ဆေးပြီးဟု ရေးကာ Sign တိုတလေး ထိုးပြီး ပြန်ကာပေးသည်။

"မင်းတို့ အအေးကလေးဘာလေး သောက်သွားကြပါဦးလား"

"ကျေးဇူးပဲ အန်ကယ်၊ ကျွန်တော်တို့ ဝင်စရာ ငါးအိမ်ကျန်သေးတယ်၊ အန်ကယ့်အိမ်က ဒုတိယ ဝင်တာပါ၊ ခွင့်ပြုပါဦး"

"သြော်. . . အေး. . . အေး၊ နောက်ခြောက်လကြာရင် မင်းတို့ပဲလာကြဦးမှာလား"

ထရပ်ပြီးမှ ဦးဘသစ်အမေးကြောင့် လှမ်းထွက်ပြီးသား ခြေလှမ်းတို့ကို ရပ်လိုက်ရပြန်သည်။ စိုးချိန်က ဒီအိမ်ထဲက ထွက်ချင်လှပြီ။

"အင်း. . . ပြောလို့မရဘူး အန်ကယ်၊ အဖွဲ့တွေက များတယ် ဒီဘက်အပိုင်းပဲ တာဝန်ထပ်ကျရင်တော့ ကျွန်တော်တို့ပဲ နေမှာပါ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



ခယ့် လွယ်တော့ မလွယ်ဘူး"

ဦးဘသစ်က ခေါင်းကို ညိတ်သည်။ မြတ်ဆွေက ထပ်နှုတ်ဆက်တာ ထွက်၏၊ သူတို့နှစ်ဦးစလုံး သစ်ခက်ကို တစ်ချက်မှ မကြည့်ဘဲ ထွက်ခဲ့ကြသည်၊

အိမ်ရှေ့တံခါးကို ထွက်ပြီးတော့မှ ခြံထဲကို PRADO ကားကြီး တစ်စင်း မောင်းဝင်လာတာကို တွေ့သည်။ မြတ်ဆွေက "စိုးချိန်" ဟု လေသံနှင့် သတိပေးတော့ စိုးချိန်က ဦးထုပ်ကို ကမန်းကတန်း ဆွဲချလိုက်သည်၊ ကားပေါ်မှ ဆင်းလာသော ရွှေဘုန်းလူကလည်း ဘာရယ်မဟုတ်။ အိမ်ထဲက ထွက်လာသူနှစ်ဦးကို လှမ်းကြည့်လိုက်သည်။

ရွှေဘုန်းနှင့်မြတ်ဆွေတို့ နှစ်စက္ကန့်နီးပါး မျက်ဝန်းချင်း ဆုံလိုက်ကြသည်၊ ဒီတော့မှ မြတ်ဆွေက သူ့အမှားကို သတိရသည်။ သူ တကယ် သတိပေးရမှာက သူ့ကိုယ်သူဖြစ်သည်၊ သူနှင့်ရွှေဘုန်းက မျက်နှာချင်း ဆိုင် တော်တော်များများကို တွေ့ခဲ့ဖူးသည် မဟုတ်လား။ စိုးချိန်နဲ့က တစ်ခါမှ ဆုံဖူးတာမဟုတ်။

ခြံဝင်းတံခါးအပြင်ဘက်ကို ရောက်သည်နှင့် စိုးချိန်တို့ ခြေကုန်သုတ်ကြတော့လည်း ဖြတ်လမ်းထိပ်ကလေးက စောင့်နေသော မြတ်မိုးနှင့် အောင်ခန့်ကိုပင် လက်ပြပြီး လိုက်ခဲ့ရန်သာ အချက်ပေးရုံပဲ တတ်နိုင်သည်၊ ဘာပဲပြောပြော သူတို့အော်ပရေးရှင်း အောင်မြင်သည်ဟု သူတို့ ယုံကြည်ကြပါသည်။

ရွှေဘုန်း အိမ်ထဲကို စဉ်းစားရင်း ဝင်ကာလာသည်။ ခုနက ထွက်သွားသော လူကို သူ ကောင်းကောင်းတွေ့ဖူးနေသည်။ ဘယ်မှာ တွေ့ဖူးပါလိမ့်။ ဧည့်ခန်းကိုရောက်တော့ ဦးဘခက်က TV ကို ဖွင့်ကာ မတ်တတ်ကြီး ရပ်နေတာ မြင်ရ၏။ ပြီးတော့. . . သစ်ခက်။





သစ်ခက်က စာအုပ်ကို စိုက်ငေးကာ ကြည့်နေသည်၊ သူ့ကို မြင်တော့ သစ်ခက်က စာအုပ်ကို သိမ်းသည်။ ဦးဘခက်က ခေါင်းဆတ်ကာ အသိအမှတ်ပြုရုံသာပြုပြီး TV ကိုသာ မတ်တတ်ကြီး ကြည့်နေ၏၊ ထိုအချိန်ကလေးမှာပင် ရွှေဘုန်း ခုနကလူ၏မျက်နှာကို အာရုံထဲမှာ မှတ်မိသွားခြင်းဖြစ်သည်။

"အန်ကယ်. . . ခုနက ထွက်သွားတဲ့ နှစ်ယောက်က. . "

ရွှေဘုန်း၏အလန့်တကြားအသံကြောင့် ဦးဘခက် လှည့်ကာ ကြည့်ပြီး ဘာလဲ. . . ဆိုသည့်သဘောနှင့် မေးဆတ်ကာ ပြ၏။

"ခုနက ထွက်သွားတဲ့လူနှစ်ယောက်ကို ပြောတာ အန်ကယ်၊ သူတို့ ဘာလာလုပ်ကြတာလဲ"

"ငါ့ TV ဆားဗစ်ဆင် လာလုပ်တာကွ. . . ဘာဖြစ်လို့လဲ"

ဦးဘသစ်လေသံကြောင့် ရွှေဘုန်း တော်တော်အပြောရကျပ်သွား၏။ သစ်ခက်ကို လှမ်းကြည့်တော့ သစ်ခက်က သူ့ကို ဟည်တည်ငြိမ်ငြိမ်ပင် ပြန်ကာကြည့်သည်။ ဦးဘခက်က ရွှေဘုန်းကို ကြည့်နေတုန်းပဲ ရှိသည်။

"အဲဒီထဲက လူတစ်ယောက်ကို ကျွန်တော် တွေ့ဖူးသလားလို့ အန်ကယ်"

ဦးဘသစ်က စိတ်ပျက်လက်ပျက်ဖြစ်ကာ "ဒါများကွာ" ဟူသော မျက်နှာပေးနှင့် TV ကို ပြန်ကာကြည့်သည်။

"မဟုတ်ဘူး အန်ကယ်၊ အဲဒီနှစ်ယောက်ထဲက တစ်ယောက်က သစ်ခက်ရဲ့ကျောင်းမှာ ကျွန်တော့်ကို ပြဿနာရှာတဲ့အထဲမှာ ပါတယ်လို့ ကျွန်တော်ထင်လို့"

ရွှေဘုန်းအသံကြောင့် ဦးဘသစ်က TV ကို ကြည့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် တော်တော် မ,စိတ်မွန်နေပြီ" ဟု စဉ်းစားသည်။ အမွန်ခံရသော မ,က သူ့အချစ်ဆုံးသမီး ဖြစ်နေသဖြင့် ဒေါသ ထောင်းကနဲ ဖြစ်တာသွား၏။

"မင်း တော်တော်ခက်ပါလား၊ သူတို့က ငါ့ရှေ့တင် TV ရော အောက်စက်ကိုရော ဆာဗစ်ဆင် လုပ်ပေးသွားတာ၊ ကဲ. . . မင်းအန်တီနဲ့ တွေ့ဖို့ လာတာမဟုတ်လား၊ မင်းအန်တီ မီးဖိုခန်းထဲမှာ ရှိနေတယ်"

ရွှေဘုန်း ဘာဆက်ပြောရမှန်း မသိသဖြင့် "ဟုတ်ကဲ့အန်ကယ်" ဟု ပြောကာ သစ်ခက်ကို လှမ်းကာကြည့်၏။ သစ်ခက်က ပြုံးပြသည်။

ပြီးတော့ သူမရှေ့က စာအုပ်တွေကို ယူကာ လှစ်ခနဲ ထွက်သွား၏။

ဒီအပြုံးဟာ ဘာအဓိပ္ပါယ်လဲ။

ရွှေဘုန်း စဉ်းစားနေချိန်မရ။

TV ကို ကလေးတစ်ယောက်လို ဆော့နေသော သူကြောက်ရသည့် ဦးဘသစ်ကို ကျောခိုင်းကာ ဒေါ်မြသစ် ရှိရာ မီးဖိုခန်းဘက်သို့သာ ထွက်လာခဲ့ရလေသည်။

♡ ♡ ♡





အိပ်ခန်းတံခါးကို ပိတ်ပြီး တံခါးကိုပင် ကျောမှီကာ မျက်ဝန်းများကို မှိတ်ရင်း သစ်ခက် ရပ်နေမိသည်။ သစ်ခက် ရင်တွေ အရမ်းခုန်တာနေသည်။ ရင်ထဲမှာ ဟာကာနေသည်။ ဖြစ်နိုင်လျှင် တစ်ခုခုကို အားရပါးရ ဖက်ကာ ဝိညာဉ်ထဲတွင် ရှိသမျှအသံတွေကို ညှစ်အော်ချပစ်လိုက်ချင်သည်။

မတွေ့ရတာ ကြာပြီဖြစ်သော ငါး၏မျက်နှာကို မထင်မှတ်ဘဲ တွေ့လိုက်ရတုန်းက သူ့နှလုံးသားသည် တိုးဆောင့်ပြီး ပါးစပ်ထဲကပင် ခုန်ထွက်သွားတော့မလားဟု သစ်ခက် ထင်လိုက်သေးသည်။ ငါးသည် ခေါက်တင်းကျပ်နေသော သူ့အိမ်ထဲကို ရအောင်ဝင်ကာ သူ့စိတ်ဆင်းရဲမှုတွေအားလုံးကို ဇာတ်သိမ်းအောင် လုပ်ပေးခဲ့သည်။ သူ့အားငယ်မှုတွေ၊ မျှော်လင့်ချက်မဲ့မှုတွေ၊ ဝမ်းနည်းမှုတွေအားလုံးကို ဖျက်ဆီးပေးခဲ့သည်။

ငါး. . . သူ့ကို အရမ်းချစ်သည်ဆိုတာကို သူယုံသွားပြီဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူတလည်း ငါးကို အရမ်းချစ်တယ်ဆိုတာ လိမ်လို့မရတော့လောက်အောင်ဝင် သိသာသွားပြီဖြစ်သည်။ သစ်ခက် ရင်ဘတ်ကို ဖိကာ စမ်းလိုက်သည်။ ပြီးတော့ တံခါးကို LOCK ချကာ အိပ်ယာပေါ် လှဲချရင်းစာကို အေးအေးဆေးဆေးပင် ဖတ်သည်။

ငါးက သစ်ခက်ကို မခိုးမိတာ သူ့စေတနာအမှားဖြစ်ကြောင်း တောင်းပန်သည်။

သစ်ခက်က အောက်နှုတ်ခမ်းကို ကိုက်ကာ စိတ်ကူးထဲမှာ ငါး၏ တောာတုန်းကို တဘုန်းဘုန်း ထုပစ်လိုက်သည်။ ပါးကို တစ်ချက်ကုတ်ဆွဲတာ လက်မောင်းကို ယူပြီး ကိုက်ချပစ်လိုက်၏။ ငါး၏အော်သံက စိတ်ကူးထဲမှာပင် တော်တော်ကျယ်ကာ သွားသည်။

ဒုတိယအချက်အနေဖြင့် သစ်ခက်မရှိတော့ မနေတတ်ပုံ၊ ခံစားရပုံတွေကို ရေးထားသည်။ သူ့ကိုယ်သူ သစ်ရွက်ကြွေကလေးနှင့် နှိုင်းယှဉ်တာထားသည်၊ တော်တော်နုနေပါကလား. . .။

"သစ်ခက်ဆိုတဲ့ အချစ်လေကလေး လာမှ ထခုန်ခွင့် ရတဲ့တောင်ပါ" ဟု သုံးနှုန်းထား၏။ သစ်ခက်က သူ့နှုတ်ခမ်းဖူးဖူးလေးကို ရှေ့ထုတ်ကာ ခပ်စူစူ လုပ်ရင်း "ကျွတ်. . ကျွတ်. . ကျွတ်" ဟု စုတ်သပ်ပေးလိုက်သည်။ ပြီးတော့မှ "အပိုတွေ" ဟု မျက်နှာကို မဲ့ကာ ခပ်ဖျော့ဖျော့ အော်ပစ်လိုက်သည်။ ငါခံစားသလို သူလည်း ခံစားရတာပဲဟု တွေးမိကာ သစ်ခက် ပျော်လာသည်။ ငါးကိုလည်း သနားပစ်လိုက်၏။ ငါး ဖျပ်ခနဲ ကိုင်သွားသော ဘယ်ဘက်လက်ကလေးကို ညာဘက်လက်နှင့် ဆုပ်ကာ ထားမိသည်။ သစ်ခက်ရင်ထဲ နွေးကာသွားသည်။

တတိယအချက်ကတော့ အလွန်အရေးကြီးသောအချက်သာဖြစ်သည်။





ငါးက သစ်ခက်ကို လာမည့် တနင်္ဂနွေနေ့ မနက်လေးနာရီလာခိုးမည်ဟု ဆိုသည်။ သစ်ခက် စာကို ရင်ဘတ်ပေါ်တွင် အပ်ကာ သက်ပြင်းရှည်ကြီး ချပြီး မျက်နှာကျက်ကို ငေးရင်း မျက်လုံးတွေ ပုတ်ခတ်ပုတ်ခတ် လုပ်ကာ စဉ်းစားသည်။ ငါး ရွေးချယ်သောနေ့ မှန်ပါသည်။

စနေနေ့ မနက်ဆိုလျှင် ဖေဖေသည် ဂေါက်သီးရိုက်ဖို့ ထွက်ဖို့ နံနက်လေးနာရီလောက်ကတည်းက နိုးနေတတ်၏။ တနင်္ဂနွေနေ့ညဆိုလျှင်တော့ ဖေဖေသည် တနင်္လာနေ့ Company ကို အလုပ်ဝင်ဖို့ တစ်ညလုံး အနားယူတတ်သည်။ တစ်ခါတစ်ရံ အိပ်ဆေးပင် သောက်ကာ အိပ်တတ်၏။

နောက်ဆုံးအချက်အနေဖြင့် ခြံဝင်းတံခါးကို ဖွင့်ထားပေးရန်၊ အိမ်တံခါး ဖွင့်ထားပေးရန်နှင့် သစ်ခက်၏ပြတင်းတံခါးကို ဖွင့်ထားပေးရန်တို့ကို ရေးထားပြီး အောက်က အရေးကြီးသည်ဟူသော သဘောနှင့် မှင်နီတားကာ ထားသည်။

သစ်ခက် ရင်တွေ တဒိန်းဒိန်း ခုန်ကာလာသည်။

တစ်စုံတစ်ရာများ လွဲချော်ခဲ့လျှင် သူတို့နှစ်ဦးဘဝသည် ဘာမှ ပြောစရာမလိုတော့ဘဲ မိုင်ပေါင်းကုဋေချီကာ ဝေးသွားမှာ သေချာသည်။

ဖတ်ပြီးသွားသောစာကို ရင်ဘတ်ပေါ် ဖိထားရင်း မျက်စေ့ကို မှိတ်ကာ သစ်ခက်စိတ်ကူးထဲမှာ အစီအစဉ်တွေကို လုပ်ကြည့်နေမိသည်။ စိတ်ကူးထဲမှာတော့ တစ်စုံတရာ အနှောင့်အယှက် မရှိ။ သစ်ခက် အေးနပ်ကာ သွား၏။

သို့သော်. . . ဒီလိုစိတ်ကူးထဲက အတိုင်းသာ ဖြစ်ကြမည်ဆိုလျှင် လူ့ဘုံမှာ ဘဝဆိုတာ မရှိနိုင်တော့။ စိတ်ကူးအတိုင်း မဖြစ်တတ်သည့် လောကမှာ စိတ်ကူးအတိုင်း ဖြစ်အောင်လုပ်ရခြင်းသည် "လူ့ဘဝ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို သစ်ခက် သဘောမပေါက်သေး။ ဝယ်ရွယ်ပြီး ရင်ခုန်မြန်ကာစ လူငယ်ဘဝတွင် စိတ်ကူးနှင့် အနာဂတ်သည် တစ်ထပ်တည်း ကျလျက် သာရှိသေးသည်။

"သူဘယ်လိုနေရမလဲ" ဟု သစ်ခက် စဉ်းစားသည်။ ဒီနေ့ ကြာသပတေးနေ့ဆိုတော့ လာခိုးမည့်နေ့ ရောက်ဖို့ (၂)ရက်လိုသေးသည်။ အခု သစ်ခက်တွင် စိတ်ဒုက္ခဟူ၍ ဘာမှမရှိတော့။ အရင်တုန်းကလို ရွှင်ရွှင်မြူးမြူး လန်းလန်းဆန်းဆန်း နေလို့ရပြီ။

သို့သော် နေ၍မဖြစ်သေး။ ချက်ချင်း အမူအရာ ပြောင်းသွားလျှင် ပါးနပ်သော ဖေဖေက သိသွားနိုင်သည်။ အခုနေသလို ခပ်လေးလေး၊ ခပ်မှန်မှန်၊ မှုန်ကုတ်ကုတ်နှင့် စက်ရုပ်လို နေသွားတာ အကောင်းဆုံး ဖြစ်မည်။

ပြီးတော့ စာ။ ဒီစာကို ဘယ်မှာ သိမ်းရမည်နည်း။

ငါးကိုယ်တိုင် ဒီလောက်ခက်ခက်ခဲခဲ ပေးထားရသည့် စာကို မီးလည်း ရှို့မပစ်ရက်။ ကုတင်ပေါ်မှ ဆင်းကာ စာကို ထားဖို့နေရာ အခန်းထဲမှာ ရှာသည်၊ မတွေ့။ ဘယ်နေရာမှ ဒီစာကို ထားရတာ စိတ်မချနိုင်။ သူ့အခန်းကို တစ်ရက်တစ်ခါ လာရှင်းပေးလေ့ရှိသော မေမေ တွေ့သွားရင် ဘယ့်နှယ့်လုပ်မလဲ။

သစ်ခက်သည် မေမေ စိတ်ကူးမယဉ်နိုင်သောနေရာများစွာကို တွေးကာ အခန်းထဲမှာ ဟိုမှဒီမှ လျှောက်ကာနေမိသည်။ သို့သော် တစ်နေရာမှ မတွေ့။ ထိုစဉ်. . .

"သစ်ခက်. . . သမီး ထမင်းစားမယ်၊ အားလုံးစောင့်နေကြပြီ"

မေမေ့အသံက တံခါးနားက ပေါ်လာသည်။ သစ်ခက် စာကို တမန်းကတန်း ရင်ဘတ်ထဲသို့ ထိုးထည့်လိုက်သည်။ ပြီးတော့မှ ကျေနပ်





ကာ သွားသည်။ ဒီနေရာထက် လုံခြုံတာ ဘယ်နေရာများ ရှိသေးသနည်း။

ထမင်းဝိုင်းကို ရောက်တော့ ရွှေဘုန်းလူကိုပါ တွေ့ရ၏။ သစ်ခက် အိုက်တင်က အရင်နေ့တွေကအတိုင်း ဖြစ်သည်။ လေးလေးမှန်မှန် စက်ရုပ်တစ်ရုပ်လို. . .။

သို့သော် အရင်နေ့တွေက စိတ်ဆင်းရဲမှုသောကတွေကြောင့် ထမင်းကို လေးငါးလွှန်းထက် ပိုမစားခဲ့။ ဒီနေ့တော့ သစ်ခက်မှာ ဘာသောကမှ မရှိတော့။ ထမင်းက အရမ်းစားလို့ကောင်းနေသည်။ နောက်ဆုံး ရွှေဘုန်း ဝယ်လာသော ဘဲကင်ကပင် တော်တော်အရသာ ရှိနေ၏။ သတိမေ့ကာ ဘဲကင်နှင့်ထမင်းကို တော်တော်စားပြီးတော့မှ သတိဝင်ကာ ရပ်ပစ်လိုက်ရသည်။

ရွှေဘုန်းကတော့ သူ့ဘဲကင်ကို သစ်ခက် တော်တော်အားပေးသဖြင့် ကျေနပ်ကာနေသည်။

"ဒီနေ့ သစ်ခက် တော်တော်ထမင်းစားတာပဲ"

သစ်ခက် ဘာမှမပြောဘဲ နံဘေးနားက မေမေချထားပေးသော လိမ္မော်ရည်ကို ကောက်သောက်ကာ အာသာဖြေလိုက်ရသည်။ ထပ်စားလျှင် နောက်ထပ်တစ်ပန်းကန်တော့ အသာလေး ကုန်မှာ သေချာသည်။

"ဘဲကင်က အရမ်းကောင်းတယ်နော်"

ရွှေဘုန်းမျက်နှာကြီး ဝင်းကာသွား၏။

"ဟုတ်တယ်ကွ. . . နုလည်းနု၊ ချိုလည်းချိုတယ်၊ မင်း ဘယ်ဆိုင်က ဝယ်တာလဲ"

"ဒီကောင်က ချယ်ရီဘယ်ရီအစစ်လေ၊ ကျွန်တော့်သူငယ်ချင်းဆိုင်က ဝယ်တာ အန်ကယ်၊ ဒီကောင်က ဘဲကင်ချည်းပဲ ရောင်းတာ



www.burmeseclassic.com

www.burmeseclassic.com



ကျန်သည့်စကားများကို သစ်ခက်မကြားတော့။ အိပ်ခန်းထဲသို့ ပြန်ဝင်ကာ အားရပါးရ အိပ်ယာပေါ် ပစ်လှဲရင်း ရင်ခုန်နေလိုက်သည်။





နယ်မှ ရန်ကုန်သို့ ကျောင်းလာတက်ရမည့်နေ့မျိုးတွင် လည်းကောင်း၊ ရန်ကုန်မှ နယ်သို့ ပြန်ရမည့်နေ့မျိုးတွင်လည်းကောင်း၊ အိပ်မပျော်သည်မှာ အဆန်းတော့ မဟုတ်ပေ။

ကြိုးစားပြီး အိပ်သော်လည်း မရ။ သူ့စိတ်သည် တောင့်တင်းကာနေသလို ရှိသည်။ သို့မဟုတ် အတွေးများကို တစ်ခုပြီးတစ်ခု ထုတ်ပေးသော အလုပ်ရှုပ်လျက်ရှိသည်။ မျက်စေ့မှိတ်ကာ လှဲချထားသော ခန္ဓာကိုယ်သည်လည်း ဘယ်နေရာမှာမှ အတည်မကျ။ ဘယ်ဘက်စောင်းလို့လည်း အတည်မကျ။ ညာဘက်စောင်းပြန်တော့လည်း အဆင်မပြေ။ ပက်လက်လှန်တော့လည်း အိပ်မရ၊ တော်တော်ပင်ပန်းတဲ့ညဟု စိတ်ထဲမှာ တွေးမိသည်။

စိတ်ကူးတွေကလည်း ဟိုရောက်ဒီပြန်နှင့် မြန်ဆန်သော စိတ်၏ ရွေ့နှုန်းမှာ တဖျပ်ဖျပ် ပြောင်းနေကြ၏။ "ဘွဲ့ရအောင် မြန်မြန်လုပ်ခဲ့ပြီးရင် ရွာက ကျောင်းကလေးမှာ ဆွဲခန့်ဆရာ လုပ်ရင်း ငါတို့ဗဟိုတို့



www.burmeseclassic.com

www.burmeseclassic.com



ဆ၀် တု မိန့်ခဲ့သော ဆရာတော်သည် အိပ်မရသော ညထဲမှာ စိုးချိန် အကြောက်ရဆုံး ဖြစ်သည်။ ဆရာတော် ပုံနှင့် ထိုစကားသံကို ကြားရ တိုင်း စိုးချိန်အတွေးကို အတင်းပြောင်းကာ ပစ်ရသည်။

ပြီးတော့ ဆုံးသွားပြီဖြစ်သော အမေ့ကို သတိရသည်။ တစ်ခါ မှာတ ကျောင်းကလေးမှာ သစ်ခက်နှင့်သူ အတူတူ စာသင်လျက်ရှိသည်။ သစ်ခက်အဖေကြီးက ဒေါသတကြီး အော်ဟစ်ကာ သူ့ကို ထိုးချလိုက်ပြန် ၏။ ရွှေဘုန်းလူ ဆိုသူက အားရပါးရ အော်ကာ ရယ်နေသည်။ သူတို့ သားဦးကလေး ရတော့ သစ်ခက်အဖေသည် ဝိုကြီးချက်မနှင့် သူတို့ကို ပြန်လာခေါ်၏။ စိုးချိန်က ပြန်မလိုက်နိုင်ဟု ငြင်းလိုက်၏။ သူ သွားခေါ် တော့မှ အိမ်ခန်းထဲက ရဲတွေ ထွက်လာသည်။ မြတ်ဆွေနှင့် စိုးချိန်ကို ရဲတွေက လက်ထိတ်ခတ်လိုက်သည်။

စိုးချိန် အိပ်ယာထဲမှ လူးလဲကာ ထလိုက်သည်။ ဒီအတွေးတွေနဲ့ သူ ဘယ်နည်းနဲ့မှ အိပ်လို့ရမည် မထင်။ အောင်ခန့်၊ မြတ်မိုးနှင့် မြတ်ဆွေ တို့က ကုတင်တစ်လုံးထဲမှာ သုံးယောက်အိပ်နေကြသည်။ မြတ်မိုးက သူနှင့်ပင် လာမအိပ်။ ဟိုဘက်ကုတင်မှာ သုံးယောက် ကြပ်ကြပ်တည်း တည်း သွားအိပ်နေရှာသည်။ အိပ်ပျော်နေကြသော သူငယ်ချင်းသုံး ယောက်ကို ကြည့်ကာ စိုးချိန် ဝမ်းနည်းနေမိသည်။ သူ့အတွက်ဆိုလျှင် အရာရာ ဦးစားပေးတတ်သော သူငယ်ချင်းများကို သူ မကြာခင် ခွဲရ တော့မည်။

ဆေးပေါ့လိပ်ကို သူ့ ကောက်ဖွာရင်း မရေရာသော အတွေးတွေ အစား အိပ်မရသည့်အတူတူ ရေရာသော အတွေးတွေကိုသာ တွေးဖို့ ကြိုးစားသည်။

သစ်ခက်ကို ခိုးဖို့အတွက် သူတို့အဆောင်လမ်းထဲက ကိုအောင်





ခိုင်၏ကားကို ပြောပြီးထားပြီ။ သစ်ခက် ပါလာသည်နှင့် မေစိုးအဖေ ရထားသော ဒဂုံမြေကွက်မှာ ဆောက်ပြီးကာစ တိုက်ကလေးဆီကို ပြေး ကြမည်။ သူတို့နေဖို့အတွက် အဆင်ပြေအောင် ထိုအိမ်ကို ရှင်းလင်းကာ ထားဖို့အတွက် မေစိုးနှင့်ဆွေဆွေက ဒီညကတည်းက အိပ်နေကြပြီဖြစ်၏။ နေ့လည်(၁၂)နာရီမှာ ဗဟိုတရားရုံးကိုသွား လက်ထပ်ဖို့အတွက် မြတ်မိုး နှင့်မြတ်ဆွေတို့က စီစဉ်ပြီးသား ဖြစ်နေလိမ့်မည်။ ဘာများ ချို့ယွင်းချက် ရှိပါသနည်း။

ထိုအချိန်တွင် မြတ်ဆွေက ကုတင်ပေါ်မှာ ငုတ်တုတ် ထထိုင် ကာ သူ့ကို ပြုံးပြီးကြည့်သည်။

“မင်း အိပ်မပျော်ဘူး မဟုတ်လား စိုးချိန်”

“အေးကွာ. . . ဘယ်လိုမှ အိပ်မရဘူး”

“မင်းမပြောနဲ့. . . ငါလည်း အိပ်မရဘူးကွ၊ မင်းလိမ့်နေတာ ကြားသားပဲ”

“ဘယ်နှစ်နာရီ ရှိပြီလဲ မြတ်ဆွေ”

“နှစ်နာရီတောင် မထိုးသေးဘူး”

စိုးချိန် တော်တော် စိတ်ပါတ်ကျသွားသည်။ သူ့စိတ်ထဲမှာ သုံးနာရီကျော်လောက်တော့ ရှိပြီဟု ထင်နေသည်။

“ကဲပါကွာ. . . ဒီအချိန် နှစ်နာရီကျော်ကို အမြန်ဆုံးနည်းနဲ့ ကျော်ဖြတ်ဖို့ မင်းနဲ့ငါနဲ့ Chess ထိုးကြရအောင်၊ မင်း လူပျိုဘဝမှာ နောက်ဆုံးထိုးခြင်းပေါ့ကွာ”

မြတ်ဆွေက ပြောရင်း Chess Board ကို ယူကာ အကောင် တွေ စီလေသည်။

သစ်ခက်လည်း စိုးချိန်လိုပဲ အိပ်၍မရ။ အိပ်ဖို့ကိုပင် မစဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



တုဆိုလျှင် ပိုမှန်မည်။

မအိပ်ရခြင်းအကြောင်းက စိုးရိမ်လို့မျိုးတော့ မဟုတ်။ သစ်ခက်က စိုးရိမ်လို အနာဂတ်ကို မစဉ်းစား၊ အတိတ်ကိုလည်း ပြန်လှည့်မကြည့်၊ ပစ္စုပ္ပန်တည့်တည့်ကိုသာ ကြည့်သည်။ ဒီနေ့မနက် ခိုးရာလိုက်တော့မည်ဆိုကတည်းက သစ်ခက် ထည့်ဖို့ပစ္စည်းကို စဉ်းစားရသည်။ ဝထမတော့ အကျီလေးငါးထည်၊ စုထားတဲ့ပိုက်ဆံနှင့် လက်ဝတ်လက်စားလောက်သာ ထည့်မည်ဟု စိတ်ကူးသည်၊ တကယ်တမ်း ပစ္စည်းတွေထည့်တော့ ဟိုဟာလည်း မပါမဖြစ်၊ ဒီဟာလည်း မချန်ခဲ့ချင်တာတွေဖြစ်ကုန်သည်။

မေစိုးရဲ့ဒဂုံမြို့သစ်က တိုက်ခန်းက လူမနေတော့ ဘာပစ္စည်းမှရှိဟန်မတူဆိုတာကလည်း သူ့ကို ခြောက်လှန့်နေသေးသည်။ အိမ်နေရင်းဝတ်ဖို့ အဝတ်အစားဟောင်းတွေလည်း ထည့်ရမည့်စာရင်းမှာ ပါသွားသည်။ ရေချိုးပြီးရင် လဲဖို့ ထမီအကြမ်းတွေလည်း ပါ၏။ ဒဂုံမြို့သစ်က အေးသည်ဆိုတော့ အနွေးထည်ကို ထည့်ရပြန်သည်။

အကျီအသစ်တွေကလည်း သူ့ဟာနှင့်သူ အမှတ်တရချည်း ဖြစ်နေပြန်သဖြင့် တစ်ထည်မှ ထားလို့မရ။ စောင်ကလည်း ပါရဦးမည်။ ပြီးတော့ ခေါင်းအုံး၊ သစ်ခက်က သူများခေါင်းအုံးကို အုံးမိလျှင် ခေါင်းအုံးက ထွက်သောအနံ့နှင့်ပင် မူးနောက်ကာ အိပ်မရ ဖြစ်တတ်သည်။ စောင်ကလည်း ဒီအတိုင်းပဲဟု တွေးမိကာ စောင်ကို ထည့်ရပြန်၏။

ပြီးတော့ အလှပြင်ပစ္စည်းတွေ၊ ဘီး၊ မိတ်ကပ်ဘူး၊ နှုတ်ခမ်းနီတို့ပတ်ပုဝါ၊ ဆံပင်လေမှုတ်စက်၊ မျက်ခုံးမွေးဆွဲတံ၊ လက်သည်းညှပ်ကလေးလည်း ထည့်ဦးမှ။ ဟင့်အင်း. . . ရေချိုးပြီးတော့ ဘာသဘက်သုတ်မှာတုန်း။ ဒီညဝတ်အကျီကိုလည်း မထားခဲ့နိုင်ပါဘူး။ ပြီးတော့





သနပ်ခါးတုံး၊ ကျောက်ပြင်၊ မှန်ကရော။ အိုး. . . မှန်ကတော့ အသေးဆိုရင် တော်ပါပြီ။ ဘော်လီ၊ အတွင်းခံ၊ စကပ်၊ ခြင်ထောင် မပါတော့ရောကောင်းမတဲ့လား။

နောက်ဆုံး သစ်ခက်ကုတင်ပေါ်မှာ ပစ္စည်းတွေ စုပုံကာ နေသည်။

သူ့မှာ ရှိသည့် အိတ်သုံးအိတ်လည်း မဆန့်တော့၊ စောင်ကိုဖြန့်ကာ ကုတင်ပေါ်က ပစ္စည်းတွေအားလုံး စုပုံထည့်ကာ ထုတ်ထားလိုက်သည်။ သို့သော် စောင်တစ်ထည်တည်းနှင့် မရသဖြင့် စောင်နှစ်ထည် ခွဲကာ ထုတ်ရသည်။ သို့တိုင်အောင် သစ်ခက် ကုတင်ပေါ်မှာ အကျီတွေနှင့် ကျန်သည့်ပစ္စည်းတွေက ရှိနေတုန်းဖြစ်သည်။

သနပ်ခါးတုံးကို ထည့်ပြီးမှ ကျောက်ပြင်မရှိလျှင် ဘာနှင့် သွေးရမည်နည်း။ ကျောက်ပြင်လည်း ပါပြန်၏။ ပြီးတော့ အကျီလှမ်းဖို့ ချိတ်တွေ၊ အို. . . သောက်နေကျ ဆေးတွေကိုလည်း ထည့်ရဦးမည်။ ဆေးက မြန်မာတိုင်းရင်းဆေးရော၊ အင်္ဂလိပ်ဆေးတွေရော။ ထမင်းချိုင့်ကိုလည်း ထည့်ရဦးမည်။

သစ်ခက် စိတ်မောလူမောနှင့် ကုတင်ပေါ် ထိုင်ကာချလိုက်၏၊ ကုတင်ပေါ်မှာ သူစိတ်ကူးရတိုင်း တင်ထားသော ပစ္စည်းတွေက ဟိုတစ်ပုံဒီတစ်စု ရှိကာနေ၏။ အိတ်သုံးအိတ်နှင့် စောင်နှစ်ထုပ်ရှိသည်၊ အခုတိုင်သူ့ပစ္စည်းတွေက မကုန်သေး။ ဘာနှင့် ထုတ်ရလျှင် ကောင်းမည်နည်း၊ သစ်ခက် အိပ်ယာခင်းကို ဆွဲထုတ်သည်။ ပစ္စည်းတွေ မွစာကြဲကုန်၏၊ စိတ်ဖျက်လက်ပျက်နှင့် ကုတင်ပေါ် ထိုင်ရင်း နံဘေးက စာကြည့်စားပွဲကိုသွားကြည့်မိသည်။

စာကြည့်စားပွဲပေါ်မှာ ဖေဖေ၊ မေမေနှင့် သစ်ခက်တို့ ခြောင်း



www.burmeseclassic.com

www.burmeseclassic.com



သာမှာ ရိုက်ထားကြသည့် မှန်ဘောင်ထည့် ဓါတ်ပုံကလေးကို သွားတွေ့သည်။ အဲဒီတုန်းက သစ်ခက်က ဆယ့်ခြောက်နှစ်ကျော်ခါစပဲ ရှိဦးမည်။ သူ ဆယ်တန်းအောင်လို့ ဖေဖေနှင့်မေမေက ချောင်းသာကို လိုက်ပို့တာလည်း ဖြစ်၏။ သစ်ခက်က ရေစပ်မှာ လက်ကို မြှောက်ကာအော်နေသည်။ သစ်ခက် တစ်ကိုယ်လုံး ပင်လယ်ရေတွေ ရွှဲကာနေ၏။ သစ်ခက်နောက်မှာ ဖေဖေနှင့်မေမေ အားရပါးရ ရယ်ကာနေကြသည်။ အခုတော့ ဒီဖေဖေနှင့်မေမေကို ခွဲရဦးမည်။

ဖေဖေသည် ဒီနေ့ သစ်ခက်လုပ်မည့် အပြုအမူကို မသိသည့်အလား အားရပါးရ ရယ်ကာနေ၏။ မေမေကတော့ သစ်ခက်ပခုံးကို တိုင်ကာ အပျော်နှင့်အရယ် ရောနေသောမျက်နှာ ရှိသည်။ ဟင့်အင်း. . ဒီဓါတ်ပုံကို မထားရက်ခဲ့နိုင်ပါဘူး။

ဖေဖေနှင့်မေမေ့ကို ဘယ်လောက်ကြာကြာ ခွဲရမှန်းမှ မသိတာ။ ဒီဓါတ်ပုံကိုတော့ ယူသွားမှကို ဖြစ်မည်။ သစ်ခက် ဓါတ်ပုံကို ယူလိုက်တော့ ဓါတ်ပုံနံဘေးက ကလစ်တောက် ကလစ်တောက်နှင့် မြည်နေသော နာရီကလေးကို တွေ့ရသည်။ သူ ဆယ်တန်းဖြေတုန်းက စာကျက်ချိန်နှင့် အိပ်ချိန်ညှိလို့ရအောင် ဖေဖေက ဝယ်ထားပေးသော အမှတ်တရ နာရီကလေး ဖြစ်၏။ ဒီနာရီကိုရော ဘယ်လိုထားခဲ့လို့ ရမှာလဲ။

နောက်ဆုံးတော့ သစ်ခက်သည် ရေသောက်သည့် ဖန်ခွက်က အစ ထည့်တော့သည်။

အိတ်သုံးအိတ်၊ စောင်နှင့် အိပ်ယာခင်းထုတ်သုံးထုတ်၊ ဆွဲခြင်းတစ်ခု၊ ဩော်. . . မနက် ဆာရင် စားဖို့ ပေါင်မုန့်ကလေးတော့ ထည့်ဦးမှပဲ။ Walkman ကက်ဆက်နဲ့ အခွေတွေကရော။ လက်သည်းနီဖျက်ဆေး ပုလင်းကိုလည်း ချန်ထားလို့မရ။





သစ်ခက်သည် ပစ္စည်းတွေ ထည့်ရင်း၊ မျက်ရည်ဝဲရင်း ရှိသည့် ပစ္စည်းတွေကို ထုတ်ရင်းဖြင့် အလုပ်ရှုပ်လျက်ရှိသည်။ ဒီလိုနှင့်ပင် သူတို့ ချိန်းထားသော မနက်လေးနာရီသည် သစ်ခက် လက်မှာ ပတ်ထားသည့် နာရီသေးကသေးလေးထဲသို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ခိုင်၏ပါပလေကာ ကားလေးထဲမှာ သူငယ်ချင်းသုံးယောက် တိတ်ဆိတ်စွာ လိုက်လာခဲ့ကြသည်။ ဘာဖြစ်လို့ စကားမပြောဖြစ်ဘူးဆိုတာကို သူတို့လည်း မတွေးတတ်။ အောင်ခန့်ကတော့ ငါးမိနစ်တို့ တစ်ခါလောက် သမ်းကာနေ၏။ ရှေ့ခန်းမှာ ထိုင်နေသော မြတ်ဆွေ၏လမ်းညွှန်မှုဖြင့် သစ်ခက်တို့အိမ်နားသို့ တဖြည်းဖြည်း ရောက်လာသည့်အခါ စိုးချိန် ရင်တွေ တုန်ပြီး လက်ဖျားခြေဖျားတွေ အေးစက်ကာလာသည်။ လက်ဖျားခြေဖျားက အေးသည်။ နဖူးကြောမှာကျတော့ ချွေးစေးတွေ ထွက်နေပြန်သည်။

ကားကို သစ်ခက်တို့အိမ်သို့ မရောက်မီ လမ်းကြားကလေးထဲမှာ ထိုးရပ်ပြီး စက်ကို သတ်လိုက်တော့ စိုးချိန်ရင်ဘတ်ကြီး အေးစက်ကာသွား၏။

မြတ်ဆွေက ကားရှေ့ခန်းက ဆင်းလာကာ. . .

“အောင်ခန့်က ကားဆီမှာ နေခဲ့၊ မြတ်မိုးက ခြံထိပ်ကစောင့်၊





စိုးချိန်နဲ့ငါ အိမ်ထဲကို ဝင်မယ်”

“သစ်. . . သစ်ခက်က တံခါးတွေ ဖွင့်. . ဖွင့်ထားပါ့မလား”

“သေသေချာချာ စာရေးပြီး မှာထားတာပဲ၊ ဖွင့်မထားရင် ပြဿနာတစ်ခုခု ရှိလို့ပေါ့၊ တို့ လှည့်ပြန်ကြရုံပဲ”

မြတ်ဆွေက ပြတ်သားစွာ ပြောသဖြင့် စိုးချိန် ကားပေါ်က ဆင်းလိုက်ရသည်။ အောင်ခန့်က ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်ကာ ဖွာရင်း ကားပေါ်မှာပင် ဝုတ်တုတ်ထိုင်နေသည်။ စိုးချိန်က ရဲဆေးတင်သည့်သဘောနှင့် အောင်ခန့်လက်ထဲက ဆေးပေါ့လိပ်ကို လှမ်းယူကာ သုံးလေးငါးဖွာ ဖွာပစ်လိုက်သည်။ ပြီးတော့ သူငယ်ချင်းများနှင့်အတူ သစ်ခက်တို့ အိမ်ရှိရာသို့ ခပ်ကုတ်ကုတ် လျှောက်လာခဲ့သည်။

ခြံရှေ့ရောက်တော့ နှစ်မိနစ်လောက် ငြိမ်ကာ အခြေအနေကို ကြည့်ရသည်။ သစ်ခက်တို့အိမ်သည် အေးစက်ကာ တိတ်ဆိတ်နေသည်ဟု စိုးချိန်ထင်သည်။

မြတ်ဆွေက ခြံရှေ့သံတံခါးကို အသေအချာ လေ့လာကာ တွန်းလိုက်တော့ ဆီမထည့်တာ ကြာပြီဖြစ်သော သံတံခါးသည် မနက်အရုဏ်တက် တိတ်ဆိတ်မှုမှာ တကျွီကျွီနှင့် လေးကန်စွာ ပွင့်သွား၏။ သုံးယောက်စလုံး လှုပ်ပင် မလှုပ်ရဲ ငြိမ်ကာနေကြသည်။ စိုးချိန်သည် သူ့ရင်ခုန်သံကို သူ ပြန်မကြားတော့လောက်အောင် ရင်ခုန်လျက် ရှိလေသည်။

“ဒါဆိုရင် OK ပြီ၊ ကဲ. . . မြတ်မိုး၊ မင်း ခြံရှေ့မှာ စောင့်နေပေတော့”

ပန်းခြံကလေးကို ဖြတ်လာပြီး သစ်ခက်အခန်းနားမှာ တပ်ပြီသည်။ ဒီအခန်းကို သစ်ခက်အခန်းဟု သူတို့ဘာသာ တွက်ထားခြင်းဖြစ်၏။ သေတော့ မသေချာ။ ဖိုတ်ဝပ် မီးကလေး လင်းနေသောအခန်း



www.burmeseclassic.com

www.burmeseclassic.com



တို သူတို့ အရဲစွန့်ကာ နံဘေးအုတ်ပေါင်ပေါ် တက်ရင်း ပြတင်းမှ စိုးချိန် ကြည့်တော့ သစ်ခက်ကို ကုတင်ပေါ်မှာ ငုတ်တုတ်ကလေး ထိုင်နေတာ တွေ့ရ၏။

စိုးချိန် မှန်တံခါးကို အသာခေါက်လိုက်သည်။

တံခါးခေါက်သံကြောင့် လှည့်ကာကြည့်တော့ မှန်ပြတင်းမှာ စိုးချိန်မျက်နှာကြီးကို တွေ့သဖြင့် သစ်ခက် လန့်ဖျတ်ကာ အော်ပြီး ထခုန်မိသေးသည်။ ပြီးမှ ကိုယ်အော်လိုက်သည့်အသံကြောင့် ဘယ်သူ နိုးသွားမလဲဆိုတာကို ပြန်လန့်ကာ ခဏငြိမ်နေရသေးသည်။

"အိမ်ရှေ့တံခါး ဖွင့်ထားတယ်. . . ဝင်လာခဲ့၊ ဒီမှာ အထုပ်တွေ"

သစ်ခက်က ပြတင်းတံခါးကို ခပ်ဟဟ ဖွင့်ကာ လေသံနှင့် ပြောတော့ စိုးချိန် မျက်နှာပျက်ကာသွား၏။

ဘုရားစင် မီးရောင်သာ ရှိသော သစ်ခက်တို့ အိမ်ဧည့်ခန်းကို ခြေဖော့ကာ ဖြတ်ရင်း သစ်ခက်အခန်းသို့ လာကြရသည့်အချိန်မှာ ကြောက်စရာအခန်းထဲ ရောက်ရောက်ချင်း သစ်ခက်က "ငါး. . . ငါး. . . ငါး" ဟု တိုးတိုးငြီးကာ သူ့ရင်ခွင်ထဲ ရောက်ကာလာ၏။ သူက မလွှတ်တမ်း ဖက်ကာ ထားမိသည်။

မြတ်ဆွေက သစ်ခက် ထုပ်ထားသော အထုပ်တွေကို ကြည့်ကာ စိတ်ညစ်သွားသည်။ အိတ်သုံးအိတ်၊ စောင်နှင့် ထုပ်ထားတာ သုံးထုပ်၊ နှင့်အမေကလွှား. . .။ နိုင်ငံခြား သွားသူပင် ဒီလောက်ပစ္စည်းတွေ မများ။

အေးလေ. . . သူတို့က ငါတို့ မသိတဲ့ကမ္ဘာကို သွားကြမှာပဲဟု သူ့စိတ်ကို သူဖြေရသည်။ ပြီးတော့. . . တွေ့သည့်အိတ်တစ်အိတ်ကို ကောက်လွယ်သည်။ လေးလိုက်သည့်ဖြစ်ခြင်း။





"သစ်ခက်ရာ. . . ဘာဖြစ်လို့ ဒီလောက်ပစ္စည်းတွေ ထည့်ရတာလဲ"

"ငါး ဘာသိလို့လဲ၊ ဒါတွေအကုန်လုံး ယူမှကို ဖြစ်မှာ"

"အချိန်မရှိဘူး ဟော့ကောင်၊ သယ်လာခဲ့တော့"

စိုးချိန်တို့ လေသံသဲ့သဲ့နှင့် ပြောရင်း မြတ်ဆွေက တစ်ထုပ်ကို လွယ်၊ တစ်ထုပ်ကို ဆွဲကာ ထွက်သည်။ သစ်ခက်က ကုတင်ပေါ်မှာ တင်ထားသည့်ပစ္စည်းတွေကို ကျုံးထည့်ကာ စောင်တစ်ထည်ဖြင့် ထုပ်ပြန်သည်။

စိုးချိန်က အိတ်တစ်အိတ်ကိုလွယ်ကာ စောင်တစ်ထုပ်ကို မ,သည်။ သစ်ခက်က ပလပ်စတစ် ဆွဲခြင်းကို ယူ၏။ ပြီးတော့ အသံတိတ်ဆိတ်နိုင်သမျှ တိတ်အောင် ဧည့်ခန်းကို အဖြတ်မှာ စိုးချိန် ဆွဲလာသော စောင်ထုပ်က ဆိုဖာနှင့် တိုက်မိသည်။

အရှက်ဦးအချိန် တိုက်ဧည့်ခန်းထဲမှာ ဖြစ်သည့်အတွက် အသံက မိုးကြိုးပစ်သလောက်နီးပါး ရှိသည်။ သုံးယောက်စလုံး ရှိနေသည့်အနေအထားအတိုင်း မလှုပ်ဘဲ အရုပ်ကလေးတွေလို ငြိမ်နေလိုက်ရသည်။ တစ်မိနစ်လောက် ငြိမ်ပြီးမှ ဘာသံမှ မကြားရသဖြင့် သက်ပြင်းကို ချရသည်။ မြတ်ဆွေက စိုးချိန်ကို လေသံသဲ့သဲ့ဖြင့် ကြိတ်ကာ ဆဲ၏၊ သစ်ခက်ကတော့ စိုးချိန်လက်ကို ပို၍တင်းကြပ်စွာ ဆုပ်ကိုင်ထားလေသည်။

ခြံရှေ့ရောက်တော့ မြတ်မိုးက စိုးချိန်လက်ထဲက အထုပ်နှင့် ခြင်းက အိတ်ကို ပြောင်းကာယူသည်။

"ငါး. . . အိမ်ထဲမှာ ကျန်သေးတယ်၊ သွားယူပေးဦး"

"ဟာ. . . သစ်ခက်ရာ တော်ပါပြီ၊ ပစ္စည်းတွေ ဘာလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



တော်ပြီ. . . လာ. . . . ကားပေါ်တက်”

“ဟင့်အင်း. . . မရဘူး၊ အဲဒီပစ္စည်းတွေအားလုံး ပါမှကို ဖြစ်မှာ၊ မရဘူး သွားယူပေး”

“သစ်ခက်ရာ. . . ဒုက္ခပါပဲ၊ ကျန်တာတွေ ထားခဲ့စမ်းပါ”

“ဟင့်အင်း. . . ထားခဲ့လို့မရဘူး၊ ငါး မသွားရင်နေ၊ သစ်ခက် ကိုယ်တိုင် သွားသယ်မယ်”

လှစ်ခနဲ ထွက်သွားသော သစ်ခက်ကို စိုးချိန် မနည်းဆွဲထားလိုက်ရသည်၊ သစ်ခက်သည် တစ်ခါတစ်ရံ တဇွတ်ထိုး နိုင်သည်ဆိုတာကို သူသိသည်။

သူလုပ်ချင်မိပြီဆိုလျှင် တားမရ၊ သူကတော့ ဘာပစ္စည်းကိုမျှ မလိုချင်၊ သစ်ခက်ပါလျှင် ပြီးပြီ။ သို့သော် သစ်ခက်က သူဆွဲထားသော လက်ကို အတင်းဆောင့်ကာ ရုန်းလေ၏။ မျက်နှာကလည်း ဒေါသဖြစ်နေပုံရသည်။

“ကဲ. . . အဲဒါဆိုရင် ငါသွားယူလိုက်မယ် စိုးချိန်၊ မင်းတို့ ကားပေါ်က စောင့်နေကြ”

“ဟာ. . . အဲဒီလိုတော့ မလုပ်ပါနဲ့၊ ငါသွားမယ်”

ဇွတ်လုပ်တတ်သော စိုးချိန်က သစ်ခက်လက်ကို လွှတ်ကာ လှစ်ခနဲ ထွက်သွားသည်။ မြတ်ဆွေ လှမ်းတားတာပင် မရတော့။

ဦးဘသစ် ရေခဲသေတ္တာထဲက ရေတစ်ဘူး ထုတ်ကာ ဖန်ခွက်အပြည့်ထည့်ရင်း အားရပါးရ သောက်ပစ်လိုက်သည်။ ဒီနည်းက သူငယ်စဉ်ကတည်းက လိုက်နာခဲ့သောနည်းဖြစ်၏။ မျက်နှာမသစ် သွားမတိုက်ရသေးခင် ဒီလို ရေအေးအေးသောက်ပြီး ဆယ်မိနစ်လောက်ကြာလျှင် ဝမ်းအားရပါးရ သွားလေ့ရှိသည်။ ခန္ဓာကိုယ်သည် သန့်ရှင်းလတ်





ဆတ်ကာ ပေါ့ပါးသွားသည်။

(ကျွန်တော်က အလွဲတွေ ရေးတတ်သဖြင့် ကြိုရာလွဲချင်လို့ ထည့်ရေးသည် မထင်ပါနှင့်။ ထိုနည်းမှာ တကယ်မှန်သော မြန်မာ့ရိုးရာ အစဉ်အလာနည်းများ ဖြစ်ပါသည်။) (စာရေးသူ)

မြခက်၏ငါးချဉ်သုပ်ကြောင့် စောစောအိပ်ယာဝင်ခဲ့ပြီး စောစောနိုးနေခြင်းဖြစ်၏။ ထိုစဉ်မှာပင် အိမ်ရှေ့ခန်းမှာ လူတစ်ယောက်ဖြတ်သွားသံလိုလို သူထင်မိသည်။ အသံကို ကြားခြင်းတော့ မဟုတ်၊ တိတ်ဆိတ်နေသော သူ့အိမ်ထဲမှာ တစ်ခုခု လေးသွားသံလို ခံစားရသောကြောင့်ဖြစ်သည်။

ဒါနှင့်သူ အိမ်ရှေ့ဧည့်ခန်းသို့ ထွက်လာခဲ့သည်။

ဘာမှမရှိ။ ဦးဘသစ် သိပ်မကျေနပ်။

ချောင်းတစ်ချက် အလိုလို ဟန့်မိလျက်သား ဖြစ်သွားသည်၊ ပြီးမှ သစ်ခက်အခန်းကို လှမ်းကြည့်လိုက်တော့ မီးရောင်ကို မြင်ရသည်၊ ဒီတလေးမလေး စာကျက်ရင်း မီးဖွင့်ကာ အိပ်ပျော်နေပြန်သည်ဟု သူထင်လိုက်သည်။ သမီးအခန်းရှေ့ကို ဘာရယ်မဟုတ် သွားမိတော့ တံခါးက ခပ်ဟဟ ပွင့်ကာနေသည်။ တံခါးလက်ကိုင်ကို ကိုင်ကာ ပိတ်ပေးမည်လုပ်ပြီးမှ ဦးဘခက် တစ်ချက် မသက်မသာဖြစ်သွား၏။

ထိုအချိန်တွင် အခန်းထဲ ရောက်နေသော စိုးချိန်မှာ စောင်နှင့်ထုပ်ထားသောအထုပ်ကို ကောက်မသည်။ လေးလိုက်သည့်ဖြစ်ခြင်း၊ နောက်တစ်ထုပ်ကို ဆွဲဖို့ ကောက်တော့လည်း အလေးချိန်က သိပ်မကွာ၊ ဘာတွေများ ထည့်ထားပါလိမ့်ဟု တွေးကာ ဖြေလွယ်သောစောင်ကို ဖြည်ကြည့်တော့ သနပ်ခါးတုံး လေးငါးတုံးကိုလည်း တွေ့ရသည်၊ ကျောက်ပြင်လည်း ပါသည်၊ သနပ်ခါးသွေးရန် ရေထည့်သည့် စဉ့်အင်တုံ



www.burmeseclassic.com

www.burmeseclassic.com



တလေးတိုလည်း တွေ့ရသည်။ ကျောက်ပြင်က အကြီးတစ်ခု။ အသေး တစ်ခု၊

စိုးချိန် စိတ်ညစ်ကာ ကျောက်ပြင်အကြီးကို ပြန်ထုတ်သည်။ သနပ်ခါးတုံးတွေထဲက အကောင်းဆုံး အပွေးအထူဆုံး အတုံးသစ်မှလွဲ၍ ကျန်တာတွေ ပြန်ချရ၏။ စဥ့်အင်တုံကိုလည်း ထားခဲ့ရမည်။

ထိုအချိန်တွင် ဦးဘသစ်၏ချောင်းဟန့်သံကို ကြားရသည့်အတွက် စိုးချိန် ခဏငြိမ်နေလိုက်ရသည်။ အခန်းဘက် လျှောက်လာသော ခြေသံကို ကြားရတော့ စိုးချိန် ပြာကာသွား၏။ ရှေ့က အထုပ်တွေကို ကုထင်အောက် အသာတွန်းရွှေ့လိုက်သည်။ ထိုအချိန်မှာပင် တံခါးလက်ကိုင်ကို ကိုင်သံကြားရပြီး "သမီး သစ်ခက်" ဆိုသော ဦးဘသစ်အသံကို ကြားရသည်။

စိုးချိန် စဥ်းစားနေချိန် မရ။ အခုမှ မီးမှိတ်လို့လည်း ရတော့မည်မဟုတ်။ ရှေ့မှာ ရှိသည့် ကုတင်ပေါ်တက် ခြင်ထောင်ကို ချကာ တုတင်ပေါ်မှာ လုံးထွေးထားသော စောင်ကို ခြုံထားလိုက်သည်။ ရင်ထဲမှာ ရင်ခုန်သံတွေ တဝုန်းဝုန်း တဗိုင်းဗိုင်း။

"ဟဲ့. . . သမီးသစ်ခက်. . . သစ်ခက်"

ခေါ်ရင်းနှင့်ပင် ဦးဘသစ် စိတ်တိုလာသည်။ "ဒီကောင်မလေးဟာ" ဟု စိတ်ထဲမှာ အော်ဟစ်ပစ်လိုက်ရင်း တံခါးကို တွန်းဖွင့်ကာ ဝင် လိုက်သည်။

စောင်ခြုံကာ ငြိမ်နေသော စိုးချိန်မျက်နှာနားမှာ ဘာမှန်းမသိသောအရာတစ်ခုက ပိတ်ကာနေသည်။ အသက်ရှူလို့မဝ။ အနံ့အသက်ထပရုတ်လုံးနံ့နှင့် နည်းနည်းဆင်ပြီး သူက ပိုအနံ့ပြင်းသည်။ သည်းမခံနိုင်သည့်အဆုံး မျက်နှာမှာ ပတ်နေသော ထိုအရာကို စောင်ထဲမှာပင် ဆွဲ





ကာ အပြင်သို့ လွှင့်ပစ်လိုက်မိ၏။ (သည်းမခံနိုင်လျှင် လုပ်ချင်ရာ လုပ်တတ်သောအကျင့်မှာ သူနှင့် သစ်ခက် အလွန်တူသည်။)

ဦးဘသစ် အခန်းထဲ ဝင်ဝင်ချင်း ခြင်ထောင်ထဲက ထွက်ကျလာသော ဘော်လီကို မြင်လိုက်ရသဖြင့် "ဟယ်" ခနဲ ဖြစ်ကာ သွား၏ ခြေလှမ်းလည်း ရှေ့ဆက်မတိုးရဲတော့။ ဘေးဘီကို တစ်ချက်ကြည့်လိုက်တော့ အခန်းထဲမှာ ဘာမှမရှိ။ ပစ္စည်းတွေ ဟာလာဟင်းလင်း ဖြစ်ကာနေ၏။

အခန်းအပြင်ဘက်ကို ချက်ချင်းထွက်ပြီး "မြခက်. . . မြခက်" ဟု ဦးဘသစ် အသံကုန် ဟစ်သည်။ အရှက်ဦးစ အိပ်မက်ထဲမှာ ဝေငါးကြီးတစ်ကောင်ကို ချက်ပြုတ်နေသော ဒေါ်မြခက်လည်း ဦးဘသစ်၏ ငယ်သံပါအောင် အော်ခေါ်သံကြောင့် အိပ်မက်ကို ဖျက်ကာ ကမန်းကတန်း ပြေးထွက်လာရသည်။

"အဖေကြီး ဘာဖြစ်တာတုန်း. . . ဘာဖြစ်တာလဲ ဘုရား. . . ဘုရား"

"အခန်းထဲမှာ. . အခန်းထဲမှာ. . မင်းသမီးကို ဝင်ကြည့်စမ်း"

"ဟင်. . . ဘာဖြစ်လို့လဲ၊ သမီးလေး ဘာဖြစ်လို့လဲ"

"ဝင်ကြည့်စမ်းပါဆိုကွာ"

"ရှင်. . . ရှင်က. . . ဘာဖြစ်လို့ မဝင်. . ."

"ငါဝင်လို့မရလို့ပေါ့ကွ"

ဒေါ်မြခက် တော်တော် အူကြောင်ကြောင် ဖြစ်သွားပုံ ရသည် ဘယ့်နှယ်. . . သမီးအခန်းထဲကို အဖေက ဘာကြောင့် ဝင်မရရမှာလဲ ဒီအတွေးနဲ့ ထပ်ကြည့်ပြန်တော့ အခန်းတံခါးရှေ့မှာ အသက်ရှူသံပြင်းပြင်းနှင့် စိတ်လှုပ်ရှားကာ ဂဏှာမငြိမ် ဖြစ်နေသော ဦးဘသစ်

www.burmeseclassic.com



တွေ့တော့ သူပင် အခန်းထဲ ဝင်ရမှာ စိတ်လှုပ်ရှားကာ ဘာကို ဘာမှန်း မသိ ကြောက်တာသွား၏။

"အဖေကြီး အခန်းထဲမှာ. . ."

"ကဲပါကွာ. . . ဝင်မှာသာ ဝင်စမ်းပါ။ ဝင်ပြီး မင်းသမီးကို ကြည့်စမ်း"

"သမီး. . . သမီး. . . သစ်ခက်"

ဒေါ်မြခက် မဝင်ရဲသေးဘဲ တံခါးဝမှ ခပ်တိုးတိုး ခေါ်ကာ ကြည့်သည်။

စိုးချိန် ခြင်ထောင်ထဲမှာ ချွေးပြန်နေပြီဖြစ်၏။ သူ ဘာလုပ်ရမလဲဆိုတာ မစဉ်းစားတတ်တော့။ သူသိတာတော့ သူ ပိတ်မိနေပြီဆိုတာပဲ ဖြစ်၏။ ပြတင်းပေါက်က ခုန်ချရအောင်လည်း ပြတင်းပေါက်က ခြင်လုံဇကာနှင့် သံတိုင်တွေ စိုက်ကာ ထားသည်။ သူ ဘယ်နည်းနှင့်မှ ပိတ်မိခံ၍မဖြစ်။ သူ့ကို မိသွားလျှင် သစ်ခက်နှင့်သူ ဝေးပြီ။

"သမီး. . . . သစ်ခက်. . . သစ်ခက်"

"ကဲ. . . ခေါ်မနေနဲ့၊ အထဲဝင်စမ်းပါဆိုကွာ"

ဦးဘသစ်အော်သံကို ကြားရ၏။ စိုးချိန် ဆုံးဖြတ်ကာ ခြင်ထောင်အပြင်ကို ထွက်ပြီး စောင်ကြီးကို ခြုံကာထားလိုက်၏။ ပိတ်အမိခံ ရှိတာတော့ ဘယ်လိုမှမဖြစ်။ ပြီးတော့ တံခါးဘေးမှာ အသာရပ်နေလိုက်သည်။

"သစ်ခက်. . . သမီး"

တံခါးပွင့်သွားသည်နှင့် တစ်ပြိုင်နက် စောင်ကို ခြုံထားသော စိုးချိန် ဝုန်းခနဲ အပြင်ကို ပြေးကာထွက်သည်။

"ဟဲ့. . . ပလုတ်တုတ်ပါတော်၊ တောက်တဲ့နဲ့ မြွေပွေး၊ ဘုရား





ဘေးမှာညား၊ အဖေကြီးရဲ့. . . လုပ်ပါဦး၊ သရဲ. . . သရဲ"

ဒေါ်မြခက် ကြောက်လန့်တကြား အော်ကာ ဦးဘသစ်ကို ဖက်သည်။ ဦးဘသစ်လည်း ရုတ်တရက်မို့ လန့်ဖြန့်ကာ "ဟာ" အော်ရန်မှတပါး ဘာမှမလုပ်မိ။ ပြီးတော့မှ ချက်ချင်းသတိဝင်သည်။

"လူကွ. . . လူ. . . လူ၊ မင်းသမီးအခန်းထဲက ထွက်သွားတာ၊ ပြီးတော့ ဘော်လီ၊ ဟာ. . . သွားပြီ"

ဦးဘသစ် ချက်ချင်းလိုက်ဖို့ပြင်သည်။ ဒေါ်မြခက်က ကြောက်ကြောက်နှင့် ဦးဘသစ် လက်မောင်းကို ခြေကန်ဆွဲကာ မျက်နှာအပ်ကာ ထား၏။

"ဟာ. . . လွှတ်စမ်းပါကွ. . . လွှတ်စမ်း၊ ရှေ့ကို ပြေးသွားပြီကွ"

စိုးချိန်လည်း ဧည့်ခန်းကို ဖြတ်ကာ တံခါးဆီ မပြေးမိတော့ဘဲ ကြောက်ကြောက်နှင့် တွေ့ရာအခန်းထဲ စွတ်ဝင်ချလိုက်သည်။ အခန်းထဲ ရောက်တော့မှ ဦးဘသစ်တို့ အိပ်ခန်းမှန်း သိရသည်။ မတတ်နိုင်။ အချိန်မရှိတော့။ ဦးဘသစ်တို့ ခြင်ထောင်ထဲ ဝင်ကာ လှဲနေလိုက်သည်။ ရင်တွေ တုန်ကာ လက်ဖျားမှာ ချွေးစေးတွေ ထွက်နေသည်။

ဦးဘသစ် ဧည့်ခန်းရောက်တော့ အိမ်ရှေ့တံခါးက ပွင့်ကာနေသည်။ ခုနကကောင်သည် သရဲမဟုတ်၊ လူဆိုတာကို ဦးဘသစ် သိသည်။ ထိုစဉ် ဒေါ်မြခက် ရောက်လာသည်။

"မရှိဘူး. . . အခန်းထဲမှာ ဘာပစ္စည်းမှ မရှိတော့ဘူး၊ သမီးလည်း မရှိတော့ဘူး"

"ဟာ. . . ဒါဆိုရင် လုပ်စမ်း၊ ခုမှ ပြေးတာ၊ ဒီနားပဲ ရှိဦးမယ်၊ လိုက်စမ်း. . . မြန်. . . မြန်. . ."

ဒေါ်မြခက်ကို အော်ရင်း ဦးဘသစ် ဂေါက်ရိုက်တံ တစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



တို ဖြေဆဲ့တာ အိမ်ထဲမှထွက် ဒေါ်မြခက်က "အဖေကြီး လွှန်ကုန်မယ် နော်. . . လွှန်မယ်" ဟု အော်ရင်း ပြေးကာလိုက်၏။ အိမ်အပြင်တွင် ရောင်နီဖျို့နေပြီ ဖြစ်သည်။

စိုးချိန် တော်တော်နှင့် ပြန်ကာမလာသဖြင့် အားလုံး စိတ်ပူနေကြပြီ၊ သစ်ခက် ငိုမဲ့မဲ့ ဖြစ်ကာလာ၏။ စိုးချိန်ပေးသွားသော ကျောပိုးအိတ်ကို ခပ်တင်းတင်း ဖက်ကာထားမိသည်။

"ငါး ဘာဖြစ်နေလဲ မသိဘူး မြတ်ဆွေရယ်၊ သွားကြည့်ပေးပါဦး"

"နင်ကလည်း ခက်တယ် သစ်ခက်ရာ၊ ဘာဖြစ်လို့ ပစ္စည်းတွေ အဲဒီလောက် ထည့်ထားရတာလဲ"

"ဟာ. . . အဲဒါတွေကို မယူလို့မှ မရတာ. . . ဟော"

ထိုအချိန်မှာပင် သစ်ခက်တို့အိမ်ရှိရာဘက်မှ ဆူဆူညံညံအသံ ကြားရခြင်းဖြစ်သည်။

"အိမ်မှာ ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး မြတ်ဆွေရယ်၊ လုပ်ပါဦး လုပ်ပါဦး၊ ငါးကို မိသွားပြီလား မသိဘူး"

သစ်ခက် စိတ်လှုပ်ရှားတာရော ကြောက်တာရောနှင့် စိုးချိန် ကျောပိုးအိတ်ကို ဖက်ကာ ခုန်နေသည်။ မြတ်ဆွေလည်း ဘာမှမတတ်နိုင်။

"လိုက်သွားလို့ မဖြစ်ဘူး သစ်ခက်၊ နင် ကားပေါ်တက်၊ ကားပေါ် တက်နေ. . ."

"ဟာ. . . မလိုက်ရင် ငါးဒုက္ခရောက်မှာပေါ့၊ နင်မလိုက်ရင်နေ ငါလိုက်သွားမယ်"

"ဟဲ့. . . သစ်ခက် သစ်ခက်၊ ဟာ. . . အကုန် ဖွတ်တွေချည်းပါ လားကွာ. . . ဒုက္ခပဲ"





မြတ်ဆွေတို့ လှမ်းတားသော်လည်း မရတော့။ သစ်ခက် လှစ်ခနဲ ပြေးထွက်သွားပြီဖြစ်သည်။ ပန်းခြံထဲ ရောက်တော့ မေမေနှင့်ဖေဖေ ပြေးထွက်လာတာ တွေ့လိုက်ရသဖြင့် ပန်းခြုံတွေကြားထဲ တိုးဝင်ကာ ဝပ်နေလိုက်ရသည်။ ဖေဖေသည် ဝါးကတ်ကြီးကို ယမ်းကာ ဒေါသတကြီး ပြေးရင်း "သတ်မယ်. . . နှစ်ယောက်စလုံးကို သတ်မယ်" ဟုချည်း အော်သည်။ မေမေက "လွှန်မယ်. . . လွှန်မယ်" ချည်း အော်နေသည်။

ဖေဖေတို့ ခြံတံခါးက ထွက်တော့မှ သစ်ခက် စဉ်းစားရသည်။ ငါး ထွက်မလာသေးတာ သေချာသည်။ ဒါဆိုလျှင် ငါးအိမ်ထဲမှာ ပုန်းနေတာပဲ ဖြစ်ရမည်။ သစ်ခက်အိမ်ဘက်သို့ ပြေးချလာခဲ့၏။ သေသေချာချာ သိလို့ရယ်တော့ မဟုတ်။ စိတ်ထဲ ထင်ရာကို ထုံးစံအတိုင်း သစ်ခက် လုပ်ပစ်လိုက်ခြင်းသာ ဖြစ်သည်။ ဒါမှမဟုတ် ဦးဘသစ်နှင့် ဒေါ်မြခက်တ ခြံအပြင်ဘက်သို့ ပြေးသဖြင့် သူက အိမ်ထဲ ဝင်တာလည်း ဖြစ်ချင်ဖြစ်ညေ်။

"ငါးရေ. . . ငါး. . . ငါး. . . ငါးရေ. . ."

အိမ်ထဲ ရောက်သည်နှင့် သစ်ခက် အသံကုန် အော်ဟစ်သည်။ ခြင်ထောင်ထဲမှာ ငုတ်တုတ်ထိုင်နေသော စိုးချိန်လည်း သစ်ခက်အသံကြောင့် ဝမ်းသာကာသွား၏။ သို့သော် ချက်ချင်းတော့ ပြန်မထူးရဲသေး၊ သစ်ခက်အဖေက တမင်ခေါ်ခိုင်းတာလည်း ဖြစ်ချင်ဖြစ်နိုင်သည်။

"ငါးရေ. . . ငါး၊ အိမ်ထဲမှာ ငါးရှိလား"

အိမ်ထဲမှာ ဒီလိုပြေးရင်း သစ်ခက် အော်သည်။ သို့သော် တုန့် ...သံကို မကြားရ။

"အိမ်ထဲမှာလည်း မရှိဘူးဆိုတော့. . . ဒုက္ခပါပဲ. . . ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သစ်ခက်အသံက ငိုသံပါကာလာ၏။ ဒီတော့မှ စိုးချိန် ဖြစ်ချင်ရာဖြစ်တော့ဆိုကာ ခြင်ထောင်ထဲမှ ထွက်ကာ သစ်ခက်ဆီ ပြေးကာလာသည်။

"သစ်ခက်. . ."

ကြောက်ရွံ့ခြင်း၊ ရင်ခုန်ခြင်း၊ တုန်လှုပ်ခြင်း၊ မျှော်လင့်ခြင်းများစွာ ခန္ဓာကိုယ်နှစ်ခု တွေ့ဆုံကြသည်။ တင်းတင်းကြပ်ကြပ် မလွှတ်တမ်း။

ဦးဘသစ် လမ်းပေါ် ရောက်တော့ ဘယ်ဘက်ကို ကြည့်သည်။ ညာဘက်ကို ကြည့်သည်။ လူရိပ်လူယောင် ဘာမှမရှိ။ ဦးဘသစ် ဘာလုပ်ရမှန်းမသိ။ ဒေါ်မြခက်က သူ့လက်ထဲက ဂေါက်ရိုက်တံကြီးကို လှမ်းကာဆွဲသည်။ ဦးဘသစ် အားနှင့် ရုန်းလိုက်ပြီး ယိုင်ထွက်သွားရာ ညာဘက်ကို ဆက်လျှောက်သွားလိုက်၏။

ကား. . .။

ဦးဘသစ် ကားနားသို့ တစ်ရှိန်ထိုး ပြေးသည်။ ဂေါက်ရိုက်တံကြီးကို မြှောက်လျက်. . .

"ဟော့ကောင်. . . ငါ့သမီး ဘယ်မှာလဲ. . . ငါ့သမီး၊ ဟင်. . . မင်း TV ပြင်တဲ့ကောင် မဟုတ်လား၊ ငါ့သမီးကို. . ."

"ကိုဘသစ်. . . ကိုဘသစ် လွှန်မယ်"

"ဟာ. . . အန်ကယ်၊ ကျွန်တော် မဟုတ်ဘူး၊ ကျွန်တော် မဟုတ်ဘူးနော်၊ ခိုးတာက တစ်ယောက်၊ ကျွန်တော် မဟုတ်ဘူး"

မြတ်ဆွေ လက်နှစ်ဖက်ကို မြှောက်ကာရင်း ကြုံးကာ အော်ရသည်။

"ဒါဆို သစ်ခက် ဘယ်မလဲ"





"အိမ်. . အိမ်ဘက်ကို ပြန်ပြေးသွားတယ်"

"ဘာကွ. . . မဟုတ်တာ မပြောနဲ့၊ ငါတို့ အခုပဲ အိမ်ထဲက ထွက်လာတာကွ"

သစ်ခက် အိမ်ဘက်သို့ ပြေးသွားကြောင်းကို အောင်ခန့်ရော၊ မြတ်မိုးရော၊ ကားဆရာ အောင်ခိုင်ကရော အလုအယက် သက်သေခံကြသည်။

"အေး. . . မင်းတို့အားလုံး ကားပေါ်က ဆင်းစမ်း၊ ဆင်းဆို. . ပေး. . . ကားသော့၊ ငါ့ဆီပေး. . ."

ဦးဘသစ် ခိုင်းသည့်အတိုင်း အားလုံးလိုက်လုပ်ကြရသည်။

အိမ်ရှေ့ရောက်တော့ အိမ်အဝင်တံခါးက ပိတ်ကာထား၏။ သူတို့ ထွက်တုန်း အိမ်တံခါး ပိတ်သလား၊ မပိတ်မိသလား ဦးဘသစ် မသိ။ ပိတ်မိသည်ဆိုလျှင် အပြင်ကသာ ပိတ်ရမည်။ ဦးဘသစ် တံခါးကို တွန်းသည်။ တံခါးက မလှုပ်။

"သစ်ခက်. . . သစ်ခက်. . . တံခါးဖွင့်စမ်း"

အိမ်ထဲမှာ တိတ်ဆိတ်ကာ နေ၏။

"တံခါးဖွင့်စမ်းဆို သစ်ခက်"

အိမ်ထဲက ဘာသံမှ မကြားရသဖြင့် ဦးဘသစ် ဒေါသဖြစ်ကာ လက်ထဲက ဂေါက်ရိုက်တံနှင့် တံခါးကို အားကုန်လွှဲရိုက်လိုက်သည်။ သို့သော် ဦးဘသစ်ကိုယ်တိုင် စိတ်တိုင်းကျ လုပ်ထားသည့် ကျွန်းတံခါးကြီးက တုတ်တုတ်မျှ မလှုပ်။ ဂေါက်ရိုက်တံကို ကိုင်ထားသော သူ့လက်တွေသာ ထုံကျင်သွားကြ၏။

ဦးဘသစ် ဒေါသကို ကြည့်ကာ မြတ်ဆွေတို့လည်း ကြုံးတာ အော်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သစ်ခက် . . . စိုးချိန် . . . တံခါးဖွင့် . . . တံခါးဖွင့်"

ဒီအခြေအနေနှင့် ဒီအချိန်အခါ ရောက်တော့မှ မျက်နှာချင်းဆိုင် ရင်ဆိုင်ကြတာ အကောင်းဆုံးဟု စိုးချိန် ဆုံးဖြတ်လိုက်သည်။

"လာ . . . သစ်ခက် အိမ်ရှေ့ထွက်ရအောင်"

သစ်ခက်က လှမ်းကိုင်သော စိုးချိန်လက်ကို ပုတ်ထုတ်ပစ်လိုက်၏၊

"မထွက်ဘူး . . . ဖေဖေက သစ်ခက်ကို သတ်မှာ"

"တံခါးပိတ်ထားတာပဲ . . . ဒီအချိန်မှာ ရင်ဆိုင်လိုက်တာ အကောင်းဆုံးပဲ သစ်ခက်၊ ရွေးစရာ မရှိ၊ သစ်ခက် မထွက်လည်း ငါးက ထွက်ရမှာပဲ"

ဆုံးဖြတ်ပြီးပြီမို့ စိုးချိန်အခန်းထဲက ထွက်လိုက်သည်။ ဒီတော့လည်း သစ်ခက်က စိုးချိန်လက်ကို လှမ်းဆွဲကာ စိုးချိန်ကိုယ်နှင့် ကွယ်ကာထွက်၏။

"အောင်မာ . . . ဟော့ကောင် ငါ့သမီးလက်ကို အခုလွှတ်စမ်း၊ တံခါးဖွင့်စမ်း၊ ငါ့သမီးလက်ကို အခု . . ."

"ဟင့်အင်း . . . ဖေဖေက သမီးကို သတ်မှာ"

"ဟာ . . . ဖွင့်စမ်းဆို ဖွင့်စမ်း"

ဒေါသနှင့် ကြုံးအော်ပြီးမှ ဦးဘသစ် ငြိမ်ကာသွား၏။ မျက်ဝန်းက တံခါးမကြီးနံဘေး တရုတ်ကပ်မှန်နှင့် သံပန်းများနောက်က စိုးချိန်တို့ထံတွင် မဟုတ်တော့၊ တစ်နေရာကို ငြိမ်ကာ တစ်ချက်ငေးသည်။

အိပ်ယာက နိုးနိုးချင်း သောက်ခဲ့သော ရေတစ်ဖန်ခွက်က ဗိုက်ထဲမှာ အစွမ်းပြပြီဖြစ်၏။ ဒေါသနှင့် အော်လိုက်သဖြင့် လက်တောင် လွှန်သွားပြီလား။





"သစ်ခက် တံခါးဖွင့်စမ်းပါဆို . . ."

ဦးဘသစ်အသံက ဖျော့ကာသွား၏။ စိုးချိန်က ယုံကြည်မှုအပြည့်ရှိသောအသံဖြင့် ပြောသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ အန်ကယ်၊ သစ်ခက်နဲ့ကျွန်တော်နဲ့ ခွဲလို့မရတော့ပါဘူး၊ ကျွန်တော် သစ်ခက်ကို တကယ်ချစ်တာပါ"

"ဟော့ကောင် . . . အပိုစကားတွေ မပြောနဲ့ကွာ၊ တံခါးဖွင့်စမ်း"

"မဖွင့်နဲ့ ငါး၊ ဖွင့်ရင် ဖေဖေက သတ်မှာ"

"ဟာ . . . ဒီကောင်မလေး တံခါးဖွင့်စမ်းဆို . . . အား"

"ကိုဘသစ် . . . ကိုဘသစ် ဘာဖြစ်တာလဲ"

"တောက် . . . အား . . . ဟား၊ မြခက် တံခါး . . . တံခါးဖွင့်ခိုင်းစမ်း"

"ကိုဘသစ် . . . ကိုဘသစ်"

ကုန်းကုန်းကြီး ဖြစ်နေသော ဦးဘသစ်ကို ဒေါ်မြခက က စိုးရိမ်တကြီး လှမ်းကာပွေ့သည်။ ဦးဘသစ် ဘာဖြစ်သွားတာလဲ။ ဒေါသထွက်လွန်းသဖြင့် နှလုံးရောဂါတွေဘာတွေများ . . . ။

သူ့ဝမ်းက မခံမရပ်နိုင်တော့လောက်အောင် နာကာနေပြီ၊ ရေရှည်ထိန်းထားဖို့ မလွယ်။ ချွေးသီးတွေ မျက်နှာမှာ စို့ကာလာ၏၊ ဘေးက အိမ်မှာ ခွင့်တောင်းပြီး အိမ်သာတက်ပြီးမှ ဒီကိစ္စကို ဆက်ရှင်းရင် ကောင်းမလား။

သို့သော် . . . ကိုယ့်အိမ်ရှိပါလျက်နဲ့ ခြောက်နာရီလောက် သူများအိမ်မှာ အိမ်သာတက်ဖို့ ဘယ်လိုမျက်နှာမျိုးနှင့် ခွင့်တောင်းရမှာလဲ၊ ရှက်တာနဲ့ပဲ သေလိမ့်မည်။ သူ အိမ်သာတက်နေတုန်း ဒီနှစ်ကောင် ထွက်မပြေးဘူးလို့ရော ဘယ်သူက အာမခံမှာလဲ။

www.burmeseclassic.com



"အား. . ."

ဗိုက်တို နှိပ်ရင်း ဦးဘသစ် ခွေကာ ကျသွားသည်။

"ကိုဘသစ်. . . ကိုဘသစ် ဘာဖြစ်တာလဲ. . . ဒုက္ခပဲ၊ ကယ်ကြပါဦးတွယ်. . . ကယ်ကြပါဦး"

မြတ်ဆွေနှင့် မြတ်မိုးတို့ကလည်း ဘာလုပ်ရမှန်းမသိ။ ဦးဘသစ်ကိုပဲ ဝင်ပွေ့ရမလား၊ ဒေါ်မြခက်ကိုပဲ အကူအညီ ပေးရမလား။ ဦးဘသစ် ဂေါက်ရိုက်တံကို ထောက်ကာ ကုန်းကုန်းကြီး ဖြစ်ကာနေသည်။ ဒေါသထွက်ရလွန်းလို့ နှလုံးလေမျှား ဟပ်သွားရင်တော့ ဒုက္ခပဲ။

"တံခါး. . တံခါးဖွင့်ခိုင်းကြစမ်းပါကွာ"

ဦးဘသစ်က လေသံသဲ့သဲ့သာ ရှိတော့၏။

"သမီး. . . တံခါးဖွင့်ပါ သမီးရယ်၊ ဒီမှာ ဖေဖေ ဘာဖြစ်တာလဲ မသိဘူး"

"ဖွင့်ဘူး. . . ဖေဖေ ဟန်ဆောင်နေတာ သမီးသိတယ်၊ ပြီးရင် သမီးကို သတ်မှာ"

သစ်ခက်က ငိုသံတစ်ဝက်နှင့် ကြောက်လန့်စွာ ပြန်အော်သည်။

"မဟုတ်ဘူး. . ငါ. . ငါ. . အိမ်သာတက်၊ အား. . . မြသစ်"

"ဟဲ့. . . သစ်ခက် တံခါးဖွင့်စမ်း၊ ညည်းအဖေ အိမ်သာတက်ချင်တာတဲ့"

စိုးချိန် တစ်ချက်စဉ်းစားသည်။ ဒီအခွင့်အရေးလောက် ကောင်းတာ ဘာရှိမှာလဲ။ သူတို့အတွက် ကံကြမ္မာကောင်းသည် ဦးဘသစ် ဗိုက်ထဲမှာ ခုန်ပေါက်နေပြီဖြစ်၏။

"ကျွန်တော်တို့ကို မခွဲဘူးဆိုရင် ဖွင့်ပေးမယ် အန်ကယ်"

ခဏတိတ်ကာသွား၏။ ဦးဘသစ် မထောင်နိုင်တော့သော





ခေါင်းကို ထပ်ညိတ်ကာ ပြရသည်။ ခေါင်းလေးတစ်ချက် လှုပ်ရတာပင် သူ့မှာ ခံစားရလွန်းနေပြီ။

"ဟဲ့. . . ဟဲ့. . . နင့်အဖေ ခေါင်းညိတ်နေတယ်၊ ခေါင်းညိတ်တယ်"

ဒေါ်မြသစ်က ဝမ်းသာအားရ အော်သည်။

"ဟင့်အင်း. . . ဖေဖေက သတ်မှာ မေမေ"

"တယ်. . . ဒီကောင်မလေး၊ မသတ်ဘူးဖွင့်"

"ဒါဆိုရင် ကျွန်တော်တို့ကို မခွဲပါဘူးဆိုတဲ့ကတိ အန်ကယ် လက်မှတ်ထိုးပေးမလား"

"ဘာကွ. . . ငါက လက်မှတ်ထိုးပေးရမယ် ဟုတ်လား၊ မင်းကွာ"

"ဟုတ်ပါတယ် အန်ကယ်၊ စာချုပ်တွေဘာတွေတော့ မပါဘူး၊ ဒီပေါ်မှာပဲ ထိုးပေးပါ"

သစ်ခက် ကြောက်လန့်တကြား ဖက်ထားသော သူ့ကျောပိုးအိတ်ကို လှမ်းယူကာ Diary စာအုပ်ကို ထုတ်ရင်း စိုးချိန် ငါးဆယ်တန်တပ်ထားသော စာရွက်ကို လှန်ကာ တရုတ်ကပ်ကြားက ထိုးကာပေးသည်။ ဒေါ်မြခက် လှမ်းယူကာပေး၏။

"ဟေ့ကောင်. . . ပိုက်ဆံပေါ်မှာ လက်မှတ်မထိုးရဘူးဆိုတာ မင်းမသိဘူးလား"

"ဒီပိုက်ဆံက သုံးမယ့်ပိုက်ဆံ မဟုတ်ဘူး အန်ကယ်၊ ကျွန်တော် တစ်သက်လုံး သိမ်းထားမှာပါ"

"တောက်. . . ပေးစမ်းကွာ၊ ပေးစမ်း"

တံခါးပွင့်သွားတော့ နံရံထောင့်မှာ ကပ်ကာ မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် စိုးရိမ်တကြီး ကြည့်နေကြသော စိုးချိန်နှင့် သစ်ခက်ထံသို့



www.burmeseclassic.com

www.burmeseclassic.com



ဦးဘသစ် မသွားနိုင်။

နောက်ခန်းထဲသို့သာ တန်းဝင်ရသည်။ ခပ်သွက်သွက်တော့ မဟုတ်၊ ခါးကလေးကုန်း၊ ဗိုက်ကို နှိပ်ကာ ကုန်းကုန်းကလေး ဖြစ်သည်။





စိုးချိန်နှင့်သစ်ခက် မင်္ဂလာဆောင်မှာ ဓါတ်သီသူငယ်ချင်းတွေက သူတို့ Sign ထိုးထားသော ငါးဆယ်တန်တစ်ရွက်စီ လက်ဖွဲ့ကြ၏၊

အိမ်ထောင်ကျပြီးကတည်းက စကားတစ်ခွန်းမှ မပြောသော ဦးဘသစ်က စိုးချိန်သားဦးကလေး မွေးသည့်နေ့မှ စကားစပြောသည်၊

"ဟော့ကောင်. . . မင်းက ငါ့သမီးကို ငါ့ရှေ့မှာ နိုးတယ်၊ အေး. . ငါက ငါ့မြေးကို မင်းရှေ့မှာ ခိုးမယ်ကွာ၊ မင်းဘာပြောချင်သလဲ"

"ဟုတ်ကဲ့ အန်ကယ်"

"အေး. . . ငါ့မြေးနာမည်ကိုလည်း ဘခက်လို့ပဲ ပေးတယ်ကွာ၊ မင်းဘာပြောချင်လဲ"

"ဟို. . ကျွန်တော့်နာမည်လေးလည်း တစ်လုံးလောက်. . ."

"ဟော့ကောင်. . . မင်းနာမည်က တစ်လုံးမှ ထည့်လို့မကောင်းဘူးကွ"

စိုးချိန်နှင့်သစ်ခက် တစ်ယောက်နှင့်တစ်ယောက် လှမ်းတာ ကြည့်လိုက်ကြ၏။ စိုးချိန်က သစ်ခက်ကို ကူပါဦးဆိုသည့်သဘောနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတုတ်တာ ပြသည်။

“ဟို. . . ဟိုလေ. . . ဘခက်ချိန်ဆိုရင်ရော ဖေဖေ”

“ဘ. . . ခက်. . . ချိန်၊ ဘခက်ချိန်၊ အေးလေ. . . မင်း နောက်မှာ နေရင်လည်း နေပေါ့”

ထိုအချိန်မှာပင် နာမည်ရပြီးကာစ ဘခက်ချိန်က ဟစ်ကာ ငိုသည်၊ ဦးဘသစ် ကိုယ်ကို လှုပ်ကာ တအင်းအင်းနှင့် ချော့ရင်း အခန်းထဲက ထွက်ကာသွား၏။ စိုးချိန်က သစ်ခက်ကို လှမ်းကာကြည့်သည်၊ ကလေးငိုလျှင် သစ်ခက်ကိုသာ ပေးဖို့ရှိသည် မဟုတ်လား။

“မင်းဖေဖေကလည်း သူ့မှာ ချိုချိုရှိတာကျနေတာပဲ”

သစ်ခက်က ပြုံးသည်။ ပြီးတော့ စိုးချိန့်လက်ကို ယုယစွာ လှမ်းကိုင်ရင်း မေးသည်။

“ဖေဖေ ပေးတဲ့နာမည်ကို ကြိုက်ရဲ့လား”

“ဘခက်ချိန်. . . ကြိုက်ပါတယ် သစ်ခက်ရဲ့”

“သစ်ခက်ကိုရော ချစ်သေးရဲ့လား”

ဒီတစ်ခါမှာတော့ စိုးချိန်က စကားလုံးနှင့် အဖြေမပေးတော့၊ အိမ်ရှေ့မှာ ဘခက်ချိန်၏စူးစူးဝါးဝါး ငိုသံကို ကြားရလေသည်၊



